# ကရင်ဗမာ သွေးစည်းရေး

ရေးသူများ။

သခင်ရိုး။

သခင်သန်းထွန်း။

ကိုဘဟိန်း။

မောင်မောင်စိန်။

စောဝင်းမောင်။

သိန်းဘေခင်။

၃

GPC
320
--------
307,618

GPC 320

GPC 320
307618

SŌ, Tha-hkin
[Ka-yin ba-ma thwei-si-yei. Politics
Burmese text. Rangoon, 1965?]

# ကရင်ဗမာသွေးစည်းရေး

307618
SCHOOL OF ORIENTAL & AFRICAN STUDIES
LONDON

ပြည်သူ့စာပေဖြန့်ချီရေးဌာန
၁၃၈-ဗါး ဂရာလမ်း၊ စမ်းချောင်း
ရန်ကုန်မြို့။

၁ ကရင်ဗမာ သွေးစည်းရေး
၂ အရှေ့ ရိုးမတောင် အရေး
၃ စောဘိုးလှ
၄ ကရင်ဗမာ ဆွေးနွေးပွဲ
၅ ရာသက်ပန် သွေးစည်းရေး
၆ ကရင် အမျိုးသား တို့၏ လွတ်လပ်ရေးလုပ်ငန်း
၇ စောဝင်းမောင်— ဆောင်းပါး
၈ ကွန်မြူနစ်ပါတီ-ဆုံးဖြတ်ချက်(စည်းရုံး)
၉ A. F. O.
၁၀ ကရင်အမျိုးသားအဖွဲ့ကြေညာချက်

# နိဒါန်းစကား။

တိုင်းရင်းသားလူမျိုးရပြဿနာသည်နိုင်ငံတိုင်းတွင်၊ အရေးကြီးလာပေသည်၊ ၁၉၁၄-ခုနှစ်၊ ကမ္ဘာ့စစ်ကြီးပြီးစည့်နောက်၊ ဥရောပတိုက်တွင်၊ တိုင်းရင်းသားလူမျိုးရပြဿနာများမဖြေရှင်းနိုင်သဖြင့်၊ ဒုတိယအကြိမ်ကမ္ဘာ့စစ်ကြီးဖြစ်ခဲ့ရပေသည်၊

ယခုစစ်ကြီးအတွင်း၊ တိုင်းရင်းသား လူမျိုးရတို့သည်၊ ခု ကြွနိုးကြွားလာဒါ၊ ဖက်ဆစ်စံနစ်ဆိုးကိုလက်နက်ကိုင်တိုက်ခဲ့ကြပေသည်၊မိမိတို့ကံကြမ္မာကိုမိမိဘို့ဖါသာဖန်တီးရမည်-ဟူသောကြွေးကြော်သံသည်၊နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့အား မီးရှူးတန်ဆောင်ဖြစ်ခဲ့လေပြီ၊

ဗမာနိုင်ငံသစ်ထူထောင်ရေးတွင်လည်း၊ တိုင်းရင်းသားလူမျိုးရများ၏အရေးသည်၊ အရေးကြီး၍ ထားခဲ့ပေသည်၊ အရေးတကာ့အရေးတို့တွင်၊ ကရင်-ဗမာအရေးသည်၊ အရေးအကြီးဆုံး ဖြစ်လာခဲ့ပေသည်၊

ကရင်နှင့် ဗမာရေး အခါကမစည်းလုံးခဲ့၊ ဂျပန်ဖက်ဆစ်အောက်သို့ ဗမာပြည် ကျရောက်သည့်အခါ၌၊ ကရင်ဗမာသွေးစည်းရေးကို ပထမဦးစွာထိထိရောက်ရောက်လုံးပမ်းခဲ့ပေသည်၊

"ဓနရှင်ပေါက်စ လူမိုက် ခေါင်း ဆောင်တို့၏ပယောဂ
ဖြင့်၊ကုလားဗမာ၊တရုတ်ဗမာ၊ကရင်ဗမာ၊ရခိုင်ကုလား
လူမျိုးရေးအဓိကရုဏ်းများသွမ်းမိုးနေရာ၊ ပါတီဝန်း
ဝါဒဂ ချိအနေကြီးကို လွှန်မြောက်၍၊လူမျိုးငယ်များ၊ လူ

ရများ ဖြစ်သော၊ ကရင်-ကချင်-ပလောင်-တောင်သူ-မွန် ရခိုင်-တရုပ်-ကုလားတို့အား တန်းတူ ဆက်ဆံ ရေးဖြင့်၊ ဆက်ဆံရမည်၊ သူတို့အလိုရှိလျှင်၊ နိုင်ငံရေးအရ ခွဲထွက်ခွင့် ရှိရမည်၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရမည်ဟု ကြွေးလည်း ကြွေး ကြော်-ဆောင်လည်းဆောင်ရွက်ခဲ့သည်မှာလည်း၊ ကွန်မြူနစ်ပါတီပင်ဖြစ်ပေသည်”၊

[ဒုတိယအကြိမ်မြောက်ကွန်မြူနစ်ပါတီကွန်ဂရက်သို့ အထွေထွေအတွင်းရေးမှူး၏အစီရင်ခံစာ]၊

ဂျပန်ဖက်ဆစ်လက်အောက်ကျစဉ်ကထဲက၊ ယနေ့အထိ၊ ကရင် ဗမာသွေးစည်းရေးအတွက်၊ ကွန်မြူနစ်ပါတီက လုံးပမ်းရာတွင်စာတမ်းများ ဆောင်းပါးများကို၊ လျှို့ဝှက်စွာရိုက်နှိပ်ထုတ်ဝေခဲ့၏၊ ဂျပန်တို့လက်အောက်မှ လွတ်လပ်ပြီးသည့်အခါ၌လည်း၊ ကရင်နှင့်ပတ်သက်သောဆောင်းပါးများ၊ ကြေညာချက်များ၊ ဆုံးဖြတ်ချက်များ အတိအလင်း ပေါ်ထွက်လာခဲ့ပေသည်၊

စာတမ်း (၁)မှာ၊ ၁၉၄၄-ခု၊ ဇွန်လအတွင်းထုတ်ပြန်သောစာတမ်းဖြစ်သည်၊ ၎င်းစာတမ်းကိုသခင်စိုးရေးသည်၊

စာတမ်း (၂)မှာ၊ အရှေ့ရိုးမတောင် သူပုန်အရေးကို မှတ်တမ်းအနေနှင့်ရေးထားခြင်းဖြစ်သည်၊ ကရင်တို့၏လွတ်လပ်ရေးကြိုးပမ်းမှုကိုသဘောပေါက်စေရန်ဖြစ်သည်၊ ၎င်းစာတမ်းကို တောင်ငူနယ်တွင်ပုန်းအောင်းနေစဉ်၊ ကိုဘဟိန်းရေးသည်၊

စာတမ်း(၄)မှာ၊ ကရင်ဗမာ သွေးစည်းရေးအတွက် ထက်တွေ့လုပ်ငန်းများကိုဆွေးနွေးထားခြင်းဖြစ်သည်၊ ရင်း ကို-ကိုဘပါ်နိုးရေးသည်။

စာတမ်း(၅)မှာ၊ မျောက်ကြွား စစ်ဆင်နေစဉ်၊ကရင် ဗမာများထက်တွေ့စည်းလုံးကြပုံကို၊ တောင်ငူနယ်မျောက် ကြွားခေါင်းဆောင်တဦးဖြစ်သူ ကိုသိန်းအောင်ရေးသည်၊

စာတမ်း(၆)မှာ၊ကရင်အမျိုးသားတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်ပါတ်သက်၍ "ပြည်သူ့အာဏာ" {အတွဲ ၁ အမှတ် ၃}တွင် သခင်သန်းထွန်းရေးသော ဆောင်းပါးဖြစ် သည်၊

စာတမ်း(၇)မှာ၊ကရင်လူငယ်ခေါင်းဆောင်၊ စောဝင်း မောင်ရေးသောဆောင်းပါးဖြစ်သည်၊

စာတမ်း(၈) မှာ၊ဗမာပြည် ကွန်မြူနစ်ပါတီ၊ ဒုတိယ ကွန်ဂရက်ကချမှတ်လိုက်သောတိုင်းရင်းသား လူမျိုးစုများ နှင့်ပတ်သက်သောသဘောထားဖြစ်သည်၊

စာတမ်း (၉)မှာ၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်၏၊ရည်ရွယ်ချက်များဖြစ်ပေသည်၊

စာတမ်း {၁၀} မှာ၊ ကရင် အမျိုးသား အဖွဲ့ချုပ် ၏ ရ်ဒကို ကျေညာသော စာတမ်းဖြစ်သည်၊

ဤစာတမ်းများသည်၊ ကာရင်ဗမာသွေးစည်းရေး။ ကာရင်အမျိုးသားတို့အားစည်းရုံးရေးတွင်၊လက်ကိုင်ပြုအင်သဖြင့်၊ ၎င်းတို့ကို ထပ်မံထပေါင်းထည်း ပုံနှိပ် ထုတ်ဝေ လိုက်ပေသည်၊

ရန်ကုန်မြို့။ သန်းထွန်း၊
၁၃-၁၁-၄၅။

# ကရင်ဗမာ–သွေးစည်းရေး။

## ကရင်သွေးချင်းသားချင်း အပေါင်းတို့။

ငါတို့ဗမာတမျိုးသားလုံးသည်၊ ဂျပန်ဖက်ဆစ်တိရိစ္ဆာန်စနစ်ကို အကောင်းထင်ကာ အသုတရော နက်သောချောက် အတွင်းသို့ ဇောက်ထိုးဆင်းခဲ့ပေပြီ၊ သို့ ကျွန်ဘဝမှ သဘောက်ဘဝသို့ကျရောက်ခဲ့ သည်မှာလည်း၊ မိုက်မှားသော ခေါင်းဆောင်များကြောင့် ဖြစ်ပေသည်၊ ထိုမိုက်မှားသော ခေါင်းဆောင်များအနက်' အချို့သည်ဤမှုမိုက်ရိုင်းယုတ်မာ သည့်အလုပ်နှင့် မကျေနပ်ကြသေးဘဲ ဂျပန်ဖက်ဆစ်ဝါဒ အားခံ တိုက်ခိုက်ခြင်းအားဖြင့် ဗမာတမျိုးသား လုံးအား ထမ်းမှန်ကိုင်ကြ၍-ပြုနေဆဲဖြစ်သော ကရင်သွေးချင်းသား ချင်းများကိုပင်လိုက်၍ ညှဉ်းဆဲနှိပ်စက်ခဲ့ပေပြီ၊ သွေးချင်း သားချင်းများဖြစ်ကြသော ကရင်အမျိုးသားများနှင့် ဗမာ အမျိုးသားများကိုတဦးနှင့် တဦးကို ခိုက်ရန်ဒေါသဖြစ်စေ ခဲ့ပြီ၊ ကရင်ဗမာအဓိကရုဏ်းကိုဖြစ်စေခဲ့ပြီ၊

သို့ကရင်ဗမာမသင့်မတင့်ဖြစ်မှုကြောင့် ဂျပန်လူယုတ် မာတို့က “စောဖေသာ”အမှူးရှိသော အဆွေတို့၏ ခေါင်း ဆောင်များကိုရက်စက်စွာသတ်ဖြတ်နိုင်ခဲ့ပြီ။ အဆွေတို့၏ အမျိုးသမီး နုနုထွတ်ထွတ်ကလေးများကို မုဒိန်းကျင့်ကာ အညွန့်ချိုးနိုင်ခဲ့ပြီ။ အဆွေတို့၏ ပစ္စည်းများကို လုယက်ယူ ငင်ခဲ့ချေပြီ။ ငါတို့ဗမာခေါင်းဆောင်များနှင့် အမျိုးသား ပေါင်းမြောက်များစွာတို့ကိုလည်း၊ ဤနည်းနှင်နှင်သတ်ဖြတ် နိုင်ခဲ့–မုဒိန်းကျင့်နိုင်ခဲ့ပေပြီ။ ငါတို့ဗမာခေါင်းဆောင်အ

ချို့သည်ဤမျှယုတ်ကာမ်းစော်ကားသောကျူပန့်ဖက်ဆစ်များ အထက်ပါ ရာဇဝတ်မှုကြီးများ ကျူးလွန်ခဲ့သည်ကို ကူညီအားပေးကာ သူတို့ကိုယ်တိုင်လည်း မြင်နှံရည် ရက်ရည်ကြူးလွန်ခဲ့ကြပြီ၊

ဗမာရာဇဝင်တွင် အလျှင်တခါမျှမကြုံဘူးအောင် ဤမျှကြီးလေးသော ရာဇဝတ်မှုကြီးကို ကြူးလွန်သည့်အဖြစ်သည့်၊ထိုမိုက်ရိုင်းစော်ကားသော ခေါင်းဆောင်များအပေါ်တွင် တည်စေလော့၊သူယုတ်တပိုင်း-အရူးတပိုင်း ဖြစ်နေသည့် နိုင်ငံခြားသား ဖက်ဆစ်ဓားပြများအား ဤသို့လက်ထောက်ချပေးသူ ဗမာမျိုးဖျက်သစ္စာဖေါက်များ ကရင်ဗမာသွေးစည်းရေး တည်းဟူသော လက်နက်ဖြင့် ကွပ်မြက်ရအောင့်မည့်နက်သည်မဝေးတော့ပြီ၊

## ဤသည်ကိုထောက်ခြင်းအားဖြင့် ပြဿနာသုံးရပ်ထွက်ပေါ်လာချေပြီ။

(၁) ကရင်ဗမာတမျိုးသားလုံး ကျူးရောက် ခံစားနေရသည့်သားပေါက်ဘဝမှ လွတ်မြောက်အောင် ဂျပန်ဓားပြစံနစ်ကိုတိုက်ဖျက်ရမည့်ပြဿနာ၊

(၂) သို့တိုက်ဖျက်ရန် ကရင်ဗမာသွေးစည်းရေးတည်းဟူသော လက်နက် မပါဘဲ မအောင် မြင်နိုင် ဆိုသည့်ပြဿနာ၊

(၃) တိုက်ဖျက်ရာ၌ ကရင်သွေးချင်း သားချင်းတို့က

ရှေ့မှနေ၍ တကာယပ်တန်းဖွဲ့သန်သန်နှင့် တိုက်ဖျက်နေသည်ကို နမူနာယူ၍ အားကျ သင့်သည့် ပြဿနာ၊

စသည့်ပြဿနာတို့ပေတည်း။

ယခုအခါ ကရင်ဗမာ တမျိုးသားလုံးသည် သွေးစည်းကြမည်လော၊ သို့တည်းမဟုတ် တမျိုးလုံး အပြုတ်ခံမည်လော၊ဆိုသည့်အချက်နှစ်ရပ်တွင် ကြိုက်ရာကို ရွေးရတော့မည်၊သွေးစည်းရေးကို ငါတို့ မဖြစ်မနေရအောင် ဆောင်ယူကြစို့။

ဂျပန် ဖက်ဆစ် လူယုတ်မာစံနစ်ကို ငါတို့၏ ကရင်သွေးချင်းသားချင်းများသည်၊ တပ်ဦးမှနေ၍ တိုက်ဖျက်နေသည်ကို ဗမာတမျိုးသားလုံးသည်၊အားမကျဘဲမနေနိုင်ပေ၊ မချီးကျူးဘဲမနေနိုင်ပေ၊ ကျေးဇူးမတင်ဘဲလည်း မနေနိုင်ပေ၊ ဗမာအမျိုးသားတည်းဟူသော နောင်တော်ကို ကရင်အမျိုးသားတည်းဟူသော ညီတော်က— ငယ်ရွယ်သူပင်ဖြစ်လင့်ကစား လွတ်လပ်ရေးလမ်းကိုရှေ့ကနေ၍ တိုက်ဖြသည့်ရဲစွမ် သတ္တိသည် နှစ်ထောင်အားရဘွယ် ကောင်းလှ၏ဘကား၊ ဗမာတပြည်လုံးအတွက် လွတ်လပ်ရေးနှင့်ဂုဏ်သိက္ခာဟူသမျှတို့ကိုပြန်ရအောင်ရှေ့ဆောင်၍ တိုက်နေသော ကရင် အမျိုးသား တို့အား၊ ဗမာတမျိုးသားလုံးသည်၊ရင်သင်ရှူမောအံ့ဩထောပနာမပြုဘဲ မနေနိုင်တော့ပေ၊ဤသို့ကရင်အမျိုးသားများကစွန့်ခြင်းကြီးစွာဖြင့် တိုက်ခိုက်နေသည်ကို "ဗမာပြည်ကွန်မြူနစ်ပါတီက သော်ရင်း"

"ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ တပ်မတော် က သေ၁်ငင်း၊"ဗမာတမျိုးသားလုံး၏ ကိုယ်စား ထောက်ခံအားပေးပါ၏၊ တတ်နိုင်သော အကူအညီကိုပေးမည်ဟု အာမဝန်တာခံပါ၏၊

ဗမာပြည်ကွန်မြူနစ်ပါတီက ဦးဆောင်၍ ယခုအခါ ဗမာပြည်တွင် "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့တပ်မတော်" ဖွဲ့စည်း၍ပြီးသေပြီ၊ ထိုအဖွဲ့တွင် ပါဝင်သည့် အစိတ်အပိုင်းများကား၊ဗမာပြည်တွင်း မှီတင်းနေထိုင်ကြကုန်သော—အလုပ်သမားများ-ကျောင်းသားများ-လူငယ်များ-လယ်သမားများ- ပညာတတ် များ- အမျိုးသမီးများ-စာရေးစာချီ- ကုန်သည်ပွဲစားများ- ဈေးတောင်း ခေါင်းရွက်များ-အတတ်ပညာသည်များ-လုပ်သား, လူထုများ-တောရေမြို့နလူဂုဏ်တန်များနှင့်အရာရှိအရာခံများ- စစ်သားများ-ရှမ်း-ကချင်- ကချင်-ရခိုင်- တလိုင်း- တရုပ်-ကုလားများ-ကပြားများစသည်တို့ဖြစ်ပေသည်။ "ဖက်ဆစ်တိုက်ဖျက်ရေးတပ်မတော်" သည် ဂျပန်လူယုတ်မာစံနစ်ကိုတကယ်တန်းတိုက်ဖျက်မည့်- မည်သည့်ပါတီ- မည်သည့်လူမျိုး- မည်သည့်ပုဂ္ဂိုလ်ကိုမဆို ထက်ခံအားပေးမည်ဖြစ်ကြောင်း၊

"ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့တပ်မတော်" ၏
ရည်ရွယ်ချက်ကား......

(၁) ကမ္ဘာ့ဖက်ဆစ်ဝါဒကိုရင်း၊အထူးအားဖြင့် ဂျပန်

ဖက်ဆစ်ဝါဒကိုဂျင်း၊မိမိတို့ နေရင်းတိုင်းပြည်များ တည်းဟူသော ဂျာမနီ၊အီတလီ၊ဂျပန်တိုင်းပြည်များတွင် လုံးလုံးကျဆုံးသွားသည့်အထိ တိုက်ဖျက်ရန်၊

(၂) သို့တိုက်ဖျက်ရာတွင် ကမ္ဘာပေါ်ရှိ ဖက်ဆစ်ဝါဒအား၊ရှေ့မှနေ၍ ထိရောက်စွာတိုက်ခိုက်နေသော အမေရိကန်၊အင်္ဂလန်နှင့်ဆိုဗီယက်ရပ်ရှားတို့ပါဝင်ရာ ဒီမိုကရေစီမဟာမိတ် အဖွဲ့ကြီးနှင့် မိတ်ဖွဲ့ ဆက်သွယ်ကာ ထိုအဖွဲ့ကြီးထံမှ အကူအညီ တောင်းယူရန်နှင့် ထိုအဖွဲ့ကြီးကိုလည်း အစွမ်း ကုန် အကူ အညီ ပေးရန်၊ စသည် တို့ဖြစ်ပေသည်၊

ကာရင်သွေးချင်း သားချင်းတို့......

ဗမာ့ လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်ကို တိုက်ခိုက်ရာတွင် အဆွေတို့သည်၊ငါတို့အားညီနောင်တော်များဟု သဘောပိုက်ကြပါသေကုန်၊ သို့တိုက်ခိုက်ရာတွင်အဆွေတို့သည်အပေါ်မပါတကိုယ်တည်းမဟုတ်မူ၍ ငါတို့လည်း ရှိကြသောကြောင့် အားမပျက်ကြကုန်လင့်၊ ငါတို့လည်း အဆွေတို့ကဲ့သို့ အသက်ကို စွန့်ကာ၊ ဤ၅က်စရာကောင်းသောဘဝမှလွတ်မြောက်ထာရန် အားတက်သရောတိုက်ခိုက်ကြပါအံ့၊

ဗမာပြည်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့တပ်မတော်ကြီး၏ အောင်လံတော်သည် အနီရောင်ဖြစ်စေရမည်၊ အဘယ့်ကြောင့် အနီရောင်ကို အသုံးပြုထိုက်ပါသနည်း။

(၁) ရဲရင့်ခြင်း၏ အထိမ်း အမှတ်လည်း ဖြစ် သော ကြောင့်ရင်း။

(၂) ဆင်းရဲသားလူထုများ၏ အရောင်အဆင်း လည်း ဖြစ်သောကြောင့်ရင်း။

(၃) ကမ္ဘာပေါ်ရှိ အားလုံးသော လူမျိုးအပေါင်းတို့၏ ညီညွတ်ရေး သွေးစည်းရေး မည်သောကြောင့်ရင်း၊

(၄) ထင်ရှားပေါ် လွင်ပြီးလျှင် အလွယ်တကူလည်းထိ မြင်နိုင် သောကြောင့်ရင်း-စသော အကြောင်းများ ကြောင့် ဖြစ်သည်၊ ။ ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူ့ တပ်မ တော်တွင်ပါဝင်ကြကုန်သော လူတန်းစားနှင့် အမျိုးသားအ စိတ်အပိုင်း တည်းဟူသော လယ်သမားများ-အလုပ်သမား များ-ရှမ်း—ကရင်-ကချင်-တောင်သူ—တလိုင်း-ရခိုင်စသော အဖွဲ့ အစည်း များသည်၊ ထိုအနီရောင် ချယ် ထားသော အောင်လံတော် အပေါ် တွင် မိမိတို့ကြိုက်ရာအထိမ်းအ မှတ်ငယများကိုရေးချယ်နိုင်ကြပေသည်၊ ။ အနီရောင် သည်ကား—အောက်ခံအရောင်အမှန်မလွဲဖြစ်ရမည်၊

ဗမာပြည်သူပြည်သားအပေါင်းတို့၊ ယခုအခါအပူတပြင်း ခံစားနေရသည့်ဘေးဒုက္ခလည်းသွေးရူး ဖေါက်ပြန်နေသော ဂျပန် ဖက်ဆစ်စံနစ်ဖြစ်ပေသည်။ ဖက်ဆစ် ဆန့်ကျင် ရေး ပြည်သူ့ တပ်မတော် တည့်တွင် ပါဝင်ကြကုန်သော အမျိုး သားအစိတ်အပိုင်းများနှင့်လူတန်းစား အစိတ်အပိုင်းဟူသမျှ တို့သည်မိမိတို့အချင်းချင်း ယာယီ အားဖြင့်ရင်း၊ အပေါ် ရန်

အားဖြင့်ရင်း၊ ဖြစ်ပွားနေသည့် သဘောကွဲ လွဲချက်အသေး အနှုတ်များကို သဘောထား ကြီးကြီး ထား၍ ကျော်လွှန် မေ့ပျောက်ခါ-ဂျပန် ဖက်ဆစ်အင်အားစုများအား ကာယ ကံမြောက်တိုက်ခိုက်သူဟူသမျှတို့နှင့်စည်းလုံး ညီညွတ်စွာ ပူးပေါင်း တိုက်ခိုက်ရမည့် အချက် အရေးကြီးကြောင်းကို ကြီးစွာသတိချပ်ရမည်၊

၍သို့ဖက်ဆစ်ဂျာပန်စံနစ်ကား ကာယကံမြောက်တိုက် ခိုက်ရေးအတွက်ဖွဲ့စည်း ထားအပ်သော ညီညွတ်ရေးကိုတ နည်းနည်းသောဆင်ချေဖြင့် ဖျက်ဆီးသူဟူသမျှတို့ကိုကာယ ကံ မြောက်အားဖြင့်-ကရင်ဗမာ သွေးစည်းရေးကိုဖျက်ဆီး သူ-ဗမာ့လွတ်လပ်ရေးကို နှောက်ယှက်သူ-ဖက်ဆစ်ဂျပန် ကိုအားပေးကူညီသူ-မျိုးဖျက်သူ သစ္စာဖေါက်သူဟူ၍ တ ထစ်ချမှတ်ယူကာ ထိုသူများအား ချိုးနှိမ် နှိပ်ကွပ် ဖြစ်ရ မည်၊ ၊တခါတရံ ကရင်နှင့် ဗမာတို့မတော်တဆခိုက်ရန် ဖြစ်သည်ကိုတောစကား တောပျောက် စေရမည်၊ ပုဂ္ဂလ ဒိဌာန်အရေးဟူမှတ်ယူရမည်၊ လူအများအရေးဟုမမှတ်ယူ သင့်၊ ကရင်ဗမာအမိကရုဏ်းမီးကိုမွှေးသူတို့အား နှိပ်ကွပ် ဖြစ်ရမည်၊ ဂျပန့်ထံသတင်းပေးသူတို့အား နှိပ်ကွပ် ဖြစ်ရ ရမည်၊ ဂျပန်အား ပရိယာယ်အဖြစ်ကား ပေါင်းသင်းနိုင် သည်၊ ၊ကရင်အမျိုးသားသွေးချင်းသားချင်းအပေါင်းတို့ ၍ကရင်ဗမာသွေးစည်းရေး ကြေငြာချက် အကြောင်းကို ကရင်အမျိုးသားအမျိုးသမီးအပေါင်းတို့ကောင်းစွာရလည့်

အောင်ထိန်းရှိနားထည့်လာရန်အလွန် အရေးကြီးသောကြောင့် ၍ကြေညာချက်ကိုတဆင့်ဘူးယူရိုက်နှိပ်ခါ၊ ဗမာတပြည်လုံး တွင်ကရင်အမျိုးသားများရှိလေရာ အရပ်များ၌ ဖွည်းနေလှေ အောင်းမြင်းဖော်င်းမကျန်အောင်ဖြန့်ချီးဝေ ကြပါသေကုန်၊ ဗမာအမျိုးသားတို့ကလည်း ၍ဘက်တွင် ကြေဖြန့်စွာထမ်း ဆောင်ကြရန်အာမခံကြပါသည်၊ ကရင်ဗမာသွေးစည်းရေး တည်တန့်ပါစေသတည်း၊ ဖက်ဆစ်ဂျပန်ကိုဖျက်ဆီးသော့၊ ဒီမိုကရေစီမဟာမိတ်အောင်ပါစေ၊

ကွန်မြူနစ်ပါတီ(ဗမာပြည်)

(ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့တပ်မတော်-ကိုယ်စား။

(မှတ်ချက်။ ။၁၉၄၄-ခုနှစ် ဇွန်လ တွင်ရေးသည်)

# အရှေ့ရိုးမတောင်-ကရင်သူပုန်အရေး

(မှတ်တမ်း)

ခရိုင်ထဲရှိလုံးကိုဂျပန်သိမ်းယူပြီးသောအခါလောက်တွင် အရှေ့တောင်နှင့်စစ်တောင်းမြစ်အကြားတွင်၊ ဗမာလူဆိုးတစုက-ကရင်အရေးကိုစတင်မီးမွှေးပုံမှာ၊အင်္ဂလိပ်စစ်တပ်များဖရိုဖရဲဆုတ်ခွာနေရချိန်တွင်- အုပ်ချုပ်ရေးကင်းမဲ့စ ပြုလာသောအခါတွင်၊စဝန်ရွာနေလူဆိုး သက်ထွန်း အမှူးရှိသောလူတစုက ၎င်းအနီးအနားရှိ တပ်ကုန်း ရွာဟောင်း-နောင်ဘို အစရှိသောကရင်ရွာများသို့သွားရောက်၍၊ ကြွက်ဝက်အစရှိသည်တို့ကို သိမ်းယူခြင်း မိမိတို့အလိုရှိသောပစ္စည်းများကို၊ပိုင်ရှင်မဲ့ပမာ ယူငင်လာခြင်း- အစရှိသည်တို့ကိုပြုလုပ်နေရာ၊ကရင်များမှာ လက်နက်မဲ့ အချိန်အခါဖြစ်သဖြင့် ငုံ့ခံနေခဲ့ကြရပေသည်၊

၎င်းနောက်အင်္ဂလိပ် စစ်တင်များ အတွင်း၌ ကရင်စစ်ဗြေးများနေ့စဉ်နှင့်အမျှ ရောက်ရှိလာကြသော အခါတွင်၊ ၎င်းတို့တွင် အင်အားဖြည့်တင်းစ ပြုလာ ပေတော့သည်၊ ထိုအချိန်တိုင်အောင် ကရင်များက ဗမာများအား၊ ဖြန့်ဖျန့်ချခံခြင်းမပြုသေးဘဲ၊(ဝါ)ရန်ကိုရန်ခြင်း မတုန့်နှင်းဘူး ဆိုသည့်ပမာ၊ကရင်ဗမာငြိမ်းချမ်းရေး ရရှိစေခြင်း အလို့ငှာ၊ စကားကမ်းလှမ်းရန် ကရင် ၄ ယောက်ကို ခေါင်းဆောင်များက၊စဝန်ရွာသို့စေလွှတ်လိုက်ပါသည်၊ ၎င်း ကရင် ၄-ယောက်အား၊စဝန်ရွာရှိလူဆိုးများက၊ စကားလက်မခံဘဲ၊ အတင်းဘမ်းခါ ဓါးနှင့်ခုတ်သတ်ရာ၊ ၂ ယောက် သေ၍၊

၂ ယောက်မျှလွတ်ပြေးပါသည်၊ လွတ်ပြေးသော ကရင်နှစ်ဦး၏ ပြန်ပြောချက် အရ၊ ကရင် ဘမျိုးသား လုံးမှာ ယမ်းပုံမီးကျွပမာဖြစ်ခါ၊ သေနတ်ကိုင်စစ်ပြန် ၁၀၀ ခန့်တို့သည်၊ဗမာရွာများရှိရာသို့ ဦးတည်ပစ်ခတ်ချီတက် လာကြကုန်သည်၊ထိုအခါတွင် ဗမာများကလည်း၊ ၎င်းတို့တွင်ရှိသော ရိုင်ဖယ်သေနတ် အနည်းငယ်နှင့် ပြန်လှန် ခုခံကြပါသည်၊နောက်ဆုံးတွင် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတလျှောက်ရှိ ဗမာများမှာ မြစ်ကူးပြီး အနောက်ဘက်သို့ပြေးရသောအခြေအနေရောက်ခဲ့လေသည်၊

ဤသို့အဓိကရုဏ်း ဖြစ်ချိန် ကရင်အမျိုးသား များ၏သစ္စာရှိမှုကို မချီးကြူးဘဲ မနေနိုင်အောင် ဖြစ်ရသည့် အကြောင်းတရပ်ကား၊ ၎င်းတို့အား စတင် စော်ကားသည့်လူဆိုးများနေရာ၊ စဝန်ရွာအတွင်းသို့ ရောက်သော အခါလူဆိုးများအိမ်တို့ကိုသာ ကွက်၍မီးရှို့ကြပြီး၊ ၎င်းတို့နှင့်ရန်ဘက်မဟုတ်သော လူများအိမ်ကို မီးမကူးစက်အောင်ပင်တားဆီး၍၊မီးပြာကျမှထွက်ခွါသွားကြပေသည်၊

ကရင်များထွက်ခွာသွားပြီးနောက်၊ရွာသားများပြန်လာသောအခါ၊မီးရှို့ခံရသူများက တို့အိမ်တွေ မီးလောင်တဲ့နောက်၊ တခြားအိမ်တွေပါ မထားဘူး ဆိုကာ— အလွန်ယုတ်ညံ့ ရုတ်မဲ့ သော စိတ်ဓါတ်ဖြင့်၊ ကျန်နေသော အိမ်များကိုပါ မီးတင်ရှို့ပစ်ကြသေးသည်၊ စဝန်ရွာတပိုက် တဝါတွင်သာ အဓိကရုဏ်းဖြစ်၍၊ကျန် မုံးအစရှိသော နယ်

များတွင်ကား၊ အခြေအနေ အတော် ကောင်းမွန်သည်ကို တွေ့ရပေသည်။

ထိုသို့တွေ့ရခြင်းမှာလည်း၊ ရင်းနှယ်က ကာရင် ခေါင်းဆောင်များနှင့် ဗမာလူကြီးများနှင့် သင့်တင့်မှုကြောင့် ဟုဆိုလျှင်မမှား နိုင်ပေ။ စဝန့်ရွာတွင် အဓိကရုဏ်း ဖြစ်နေစဉ်မှာပင် မြို့၌ ဘီ အိုင်-အေ-အဖွဲ့-ဖွဲ့စည်းမိကာ အချင်းဖြစ်နေရာ စစ်းတောင်းမြစ်ရိုးတလျှောက်မှ ဗမာများက လာရောက် တိုင်တမ်းချက်အရ ဘီ-အိုင်-အေ-တပ်ကလက်နက်အနည်းငယ်နှင့် လိုက်သွားပြီး၊ ကန်းနား=ဘန်းလောင် ရွာတွင်စခန်းချကာ၊ ကာရင်များက လျှော့မပေးလျှင်၊ ရှိမ်နင်းတိုက်ခိုက်မည်ဟူသော ဝါဒဖြန့်လိုက်ရာ- ကာရင်ဗမာ အဓိကရုဏ်းမှာ ထိုအချိန်တွင်ပင် စခမ်းသိမ်းသွား ပေတော့သည်၊

အဓိကရုဏ်းတွင် ကာရင်ရော ဗမာများပါနှစ်ဘက်စလုံး ကျဆုံးကြသဖြင့်၊ အေးငြိမ်းသည့် တိုင်အောင် အခဲမကျေကြဘဲတို့ဘနွေ နှမှာနိုင်တဲ့လူကတိရအုံးမှာဘဲဟူသော အစွဲကလေးတွေကိုယ်စီနှင့်ပင်တခဏ်းရင်ကြခြင်းပင် ဖြစ်ပေသည်၊

ထို့နောက် မြို့တွင် ဘီ=အိုင်—အေ— အုပ်ချုပ် ရေးများ အတော်စံနစ်တကျ ဖြစ်လာသောအခါ၊ အုပ်ချုပ်ရေးခေါင်းဆောင်များက မှန်းနှယ်ဘိုက်သို့လှည့်လည်ကာ၊ ကာနုပိုးပင်အထ၊ ကာရင်ဗမာ ချစ်ကြည်ရေးတရားများကို ဟော

ပြောကြပါသည်၊ ထိုအချိန်က—ကရင်များမှာ၊ ဗမာများကို မနိုင်၍သိ.ခံရခြင်း သည်လည်းကောင်း- ဆိုသည့်ပမာ မတတ်!သာ သေး သဖြင့် သာ အောင့်အီး သည်းခံနေကြရပုံ ပေါက်ပေသည်၊

ထိုအခါလောက်က အရှေ့တောင်ပေါ်တွင်၊ အင်္ဂလိပ်စစ်ဗိုလ်များ ရှိသည်ဆိုသော ကောဋ္ဌာ ဟာလ သတင်းမှာ၊ အတော်ပင် ပျံ့နှံ့ ခဲ့ပေသည်၊ သို့ရာတွင်- ဂျီ—အမ်—ပီ က ပါ ၎င်းသတင်းကိုဂရုမစိုက်ဘဲ၊ ခတ်အေးအေးပင် နေခဲ့သည်၊

၁၉၄၃-ခုနှစ် လယ်လောက်တွင်၊ တောင်ငူ ခရိုင်မှ ဗမာ့ဝန်ထမ်း သင်တန်းကို ဒုတ်တွင်းတွင် ဖွင့်ခဲ့ရာ—သန်တောင်မြို့နယ်မှူး၊စောမောင်းအောင် ဆိုသူလည်း၊ သင်တန်းလာတက်၍၊ ၎င်းသင်တန်းကို လာတက်သူ အခြားကရင်တယောက်နှင့် တွေ့ရှိခါ တောင်ပေါ်တွင် အင်္ဂလိပ်စစ်ဗိုလ်တယောက်အနှန့်ရှိကြောင်း ၎င်းမှာ ပေါက်တောကွင်းတွင်နေကြောင်း၊ စောမောင်းအောင်ကို ပြောပြသေသည်၊ ထိုသတင်းသည်ဂျီ အမ် ပီ အရာရှိများထံ ရောက်သွားပေရာ ၎င်းသတင်းမှန်မမှန် ကျောက်ကြီးနယ်သို့ စုံစမ်းရန်ဆာဂျင်ကာနဂါးကိုစေလွှတ် လိုက်ပါတော့သည်။

စ၍တွေ့သောအချက်တရပ်သည်ကား၊ မောင် နန်းဆိုသော လူဆိုးတယော က်သည်၊ ဓားပြတိုက်မှုနှင့် က်၍ ကျောက်ကြီးအချုပ်သို့ရောက်လာရာ၊ ၎င်းမှာ အချုပ် ၎င်းအား

ဖွတ်ပစ်ရမည့်အခြေအနေရောက်နေပါလျက်၊ ငွေစားပြီးမှ ဖွတ်လိုက်သည်ကို မောင်ထွန်းက အခြား လူများကိုးဖြာ ဖြာသိရ၍ မောင် ထွန်း တွင် ခြောက် ဖွန့် နိုင် စရာ အခြားအကြောင်းတရပ်ရှိသေးသဖြင့်သာ ယခုကဲ့သို့ ငွေညှစ်ယူနိုင်ခြင်းဖြစ်ရပေမည်ဟုတွက်ပြီးချောင်ရုံးစမ်းရာ၊

မောင်ထွန်းက ကရင်နှစ်ဦးထံမှ ယမ်းတောင့် များကို ယူပြီးချောင်ညောင်လေးပင်-သတုံ- ရွှေကျင် နယ် ၃ ခုမှ ဓားပြများကို ရောင်းပေး နေသည်ကို တွေ့ရှိလာပါသည်၊ ကရင်နှစ်ဦးမှာ ယမ်းတောင့်များကိုငွေလိုချင်၍ ရောင်းဟန်မတူဘဲ၊လူဆိုးများလက်ရောက်မှုကိုသာ ပဓာန ထား သည်ကိုတွေ့ရှိရပေသည်၊

ထိုဖြင်ကျောက်ကြီးတွင် ကရင်များကို ချွေးတပ်ဆွဲရာ ကျောက်ကြီး စာဖြူကုန်းနေ တရားဟောဆရာတော်ထံက မှာနာအောက်ဘွင်လာပြီး ရဲသားများကို မင်းတို့မကြာခင်သိးစေ မည်သတိတားဟု ကြိမ်းမောင်း ပါတော့သည်၊ ဤအကြောင်းနှင့်ရပ်ကို ဆက်စပ် ရုံးစမ်းရန်ပြိမ်ဝပ်မှု ထိခိုက်ပျက်ပြားအောင် ဓားပြများကို ယမ်းတောင့်နှင့် လက်နက်အချို့ပေးခါ ဆူပူစေလျက်ကရင်များကလည်း— လက်နက်ကိုင်ခါ– ဆူပူသောင်းကြွရန်- ၁၃၀၅-ခု တန်ဆောင်မုန်းလဆန်း-၁၀-ရက်လောက်အတွင်းတွင် စီစဉ်သည်ဟု သိရပါသည်၊

ထိုအခါ–ဂျီ–အမ်–ဗီ–က လူဆိုး များကို အတင်းနှိမ်

ကွင်လိုက်ရာ-လူဆိုးများမှာ လူစုကွဲထွက်သွားသည့်အဖြင့် ကရင်များကလည်း၊ ၎င်းတို့အကြံကို ရိပ်မိ သွားပြီ ဖြစ်ကြောင်းသိရှိကာ၊ ဆူပူထကြွရန်စီစဉ်ထားသော- အစီစဉ်ကိုဖျက်လိုက်ပါတော့သည်၊

ဂျပန်စစ်ပုလိပ်-သတင်းပေးအဖွဲ့ဝင်တို့ကလည်း၊ ကရင် အရေးနှင့် ပတ်သက်သော- သတင်းများကို ရံစမ် ထောက်လှမ်းကာ သတင်း ပေးနေခဲ့ရာ၊ တောင်ပေါ်တွင် အင်္ဂလိပ်များ ရှိကြောင်း သေချာသလောက်ပင် ရှိနေခဲ့ပါသည်။

ထိုအချိန်လောက်မှာပင်၊ ရန်ကုန်မှ— စောဘိုးလှရောက်လာပြီး၊ ကျောက်ကြီးမှ မောင်ဝါးနှင့် တောင်ပေါ်ကိုတက်လာကြပါသည်၊ ထိုသို့သွားခြင်းကို၊ နောက်ပုံး ကျောင်းရ စောလူသိန်းအား— ဘမ်းပြီး စစ်သောအခါ၊ ပေါ်သည်မှာ၊ စောဘိုးလှမှာ ၎င်းတို့၏ ခေါင်းဆောင် တယောက် ဖြစ်၍ (ဆီးကရင်း) နှင့်အရင်းနှီးဆုံး လူတယောက်ဖြစ်ကြောင်း၊ တောင်ပေါ် အရေးကိစ္စများ (ဆီးကရင်း) အား အကြံပေးနေသူဖြစ်ကြောင်း၊ ၎င်းနှင့် အတူတောင်ပေါ်သွားသည့်ကိစ္စမှာ ဗိုလ်စကြာက- ဂျပန်အား ပုန်ကန်ထကြွရန်၊ ဗမာလူငယ်များ ရထားပြီဖြစ်ကြောင်း ၎င်းသတင်းကို— (ဆီးကရင်း)မှာ တဆင့်အိန္ဒိယသို့ အကြောင်းကြားပေးရန်-အစမှီ သည်တို့ပါသည်ဟုဆိုပါသည်၊ ၁၉၄၄-ခု ဖေဖော်ဝါရီလ ၁-ရက်လောက်တွင် ထောင်ပေါ်အရေး ကိစ္စများကိုနား ပြီး

အပြတ်—နှိမ်နင်းရန်၊ရန်ကုန်- ဂျီ-အမ်-ပီ-မှ ထုန်စည်ဖြန့်ချိရေးအဖွဲ့ဟုအမည်ပေးခါရောက်ရှိလာကြပါသည်၊ တောင်ငူ-ဂျီ-အမ်-ဒီ-မှသည်း၊ ဂျပန်စစ်ပုလိပ် နှစ်-ယောက်ကရင်းရန်ကုန်—ဂျီ-အမ်-ပီ-အမိန့်ကို နာခံပြီး ဆောင်ရွက်ရပါသည်၊

ပဌမတွင်- ရင်းတို့သတင်းအရ- ကျောက်ကြီး စာဖြူကုန်းမှအရေးအကြီးဆုံးဟုယူဆသောမောင်ဝါးနှင့် ဆရာစက်လဲတို့ကိုဘမ်းပြီးစစ်ပါသည်၊ မောင်ဝါးအား- အဖြင်းအထန် ရိုက်နှက် စစ်ဆေးသောအခါ ဖေါ်ပြောသည်မှာ၊ တောင်ငူပေါ်တွင် အစကာ အင်္ဂလိပ်-၃-ယောက်ရှိကြောင်း၊ ရင်းတို့အနက် (ဆီးကရင်း) နှင့် (မက်ဘလင်နယ်) တို့မှာ ပေါက်တော ကွင်းတွင်ရှိ၍ (စီရိုး) မှာ မော်ချီး ဘက်သို့ ထွက်သွားကြောင်း၊ဘောင်ပေါ်တွင်-ထွန်းရွှေ-ဘဒ္ဒကျော်-အစရှိသော လေထီးသမားများနှင့် အသံလွှင့်စက်များပါရှိကြောင်းတို့ဖြစ်ပါသည်၊

နောက် မောင်ဝါး အား {ဆီးကရင်း} ရှိရာနေရာကို လိုက်ပြလျှင်အသက်ချမ်းသာပေးမည်၊ သို့မဟုတ်က- သတ်ပစ်မည်ဟုပြောရာသူလိုက်ပြမည့်အကြောင်း ဝန်ခံပါသည်၊ ထိုအခါ အမ်ပီ-ကဘယ်နေရာတွင် ယခုအထိ သူရှိသည်ကိုအသေအချာသွားရောက်ရှာဖွေ၍- အကယ်၍—ရင်းတို့အား လိမ်လည်ဘုည့်ဖြားပြီး၊ ပြန်မလာဘဲနေပါက၊ ဤ ကျန်ရစ်ခဲ့သော- တလ- သား ကလေးနှင့်- မယားကို

ညွှဉ်းဆဲ သတ်ဖြတ် ပစ်မည်ဟု-ခြိမ်းချောက် ထွက်လိုက်ပါသည်၊ မောင်ဝါး ပြန်ရောက်လာသောအခါ၊ ရန်ကုန် အင်ပီ အဖွဲ့ ခေါင်း ဆောင်သော၊ စစ်တပ် သုံးခုသည်၊ ကျောက်ကြီး၊ သံဆိပ် ရွာကျင်မြို့မှနေပြီး၊ သူလျှို ဂိုဏ်းကြီးကို နှိမ်နင်းရန် တောင်ပေါ်သို့တက်ကြပါတော့သည်၊ ၎င်းဖြင့်- ဖါပွန် ဘက်မှလည်း—အင်ပီ-အဖွဲ့နှင့် စစ်တပ် (မော်ချီး) မှလည်း တောင်ငူ- ဂျီ—အင်- ပီ- အဖွဲ့နှင့်စစ်တပ်တို့ တက်ကြပါသည်။ ၎င်းတို့အစီအစဉ်မှာ၊ ရွာကျင်နယ်နှင့်(မော်ချီး)နယ်အတွင်းရှိတောင်ရိုးကိုစစ်တပ်နှင့်ပိုင်းထားရန်ဖြစ်ပါသည်၊

ရန်ကုန်-အင်—ပီ-အဖွဲ့ ခေါင်းဆောင်သော စစ်တပ်သည်၊ မောင်ဝါး ပြောသည့် (ဆီးကရင်း) ရှိ သည်ဆိုသော နေရာသို့ ရောက် သော အခါ (ဆီးကရင်း) ကို မတွေ့ရတော့ပါ၊ ထိုအခါ ၎င်းတို့ကြံရာမရတဲ—တပ်စခန်းချလျက် ရှိစဉ်၊ ထွက်ထားသော ကင်းထောက် များက ကရင် ၈ ယောက်ကို ပက်ပင်းပါသွားတွေ့သဖြင့်၊ဘမ်းပြီး စစ်ဆေးရာ (ဆီးကရင်း) ကကဲ့ျဝယ် ထွက်လိုက်သဖြင့်—လာကြကြောင်း၊ ကဲ့ျသားကို နေလှမ်းပြီးလျှင်၊ မိုကျွာအတွက် စုဆောင် ရန်ဖြစ်ကြောင်းစသည့်တို့ကို ဖေါ်ပြောပါသည်၊ ၎င်းတို့အား (ဆီးကရင်း) ရှိရာသို့ လိုက်ပြီးပြရန်ခေါ်ဆောင် သွား ရာ— တောင်နှစ် လုံး ကျော်ပြီး၊ တောင် ကမူစာထရပေါ်သို့ ရောက်သောအခါ၊ မြေကွက် လပ် က

ထေးဖြစ်အောင် ခုတ်ထွင်ရှင်းလင်းထားပြီးလျှင်–အဆံတွင် စက်နှစ်လုံးကို ဆင်၍ အထုပ်များကို ပတ်ပိုင်း၍ ချထားခါ စက်သေနတ် အငယ်စားများကို၊ သစ်ပင်တွင်ချိတ်ဆွဲထား သည်ကိုတွေ့ရပါသည်။

လူကား တယောက်မျှမရှိပါ။ ထိုအခါ၊ စကားပြန်လုပ် သောကရင်ကလေးကအသံတွင်စက်နှင့်အထုပ်များကိုသွား ရောက်ကိုင်တွယ်ကာ ဟိုဟိုဒီဒီကြည့်နေစဉ် အတွင်းတွင် ရှိ၊ ခြံထဲမှခြောက်လုံးပြူးသေနတ်သံ ၃ ချက်ကြားပြီး လျှင် ကရင်ကလေးမှာ ပွဲမ်းပြန်လဲကျသွားတော့သည်၊ထိုအခါ ဂျပန်စစ်တပ်က စက်သေနတ်များနှင့်သေနတ်ကျည်ဆံသာ ရောက်သို့ ဦးလှဲ့ပစ်ခတ်ပြီး ၁၅ မိနစ်လောက်အကြာတွင် ရင်၍လျှိုထဲသို့ဆင်းပြီးကြည့်ရာ–သင်တိုင်းဝတ် မျက်နှာဖြူ တယောက်မှာ–မှောက်ခုံ မှောက်လျက် သေနေသည်ကိုတွေ့ ရ၍- ရှာဖွေ စစ်ဆေး ကြည့်ရာ (မက်ကလင်နယ်) ဖြစ် ကြောင်းသိရပါသည်၊ ၎င်း၏ နေ့စဉ်မှတ်တမ်း စာစောင် ကိုလည်း တွေ့ရှိပါသည်၊ အခြားသူများကိုကားအစအနမျှ မတွေ့ရတော့ပါ။

သို့နှင့်–စခမ်းချ သတင်းထောက်လျှက်နေစဉ်– တပတ် အတွင်းလောက်တွင် တောင်ငူနှင့်ရန်ကုန်–အမ်-ဗီ-အဖွဲ့ တို့ ခေါင်း ဆောင်သော စစ်တပ်က–ဖါပွန်နှင့် ၆ မိုင်အ ကွာတွင် ခြေထောက် ညှောင့်ရှုးသည့်ဒဏ်ရာနှင့် ပြေးလေး

စွာ ဖါပွန်ဘက်သို့ ဇော့ရှု ထမ်းလျှောက်လျှက် နေသော (ဆီးကာရင်း)ကိုတွေ့ရှိ ဘမ်းဆီးလိုက်ပါတော့သည်၊

ဤတွင်အရှေ့တောင်ရိုး၌- အသက်စွန့် ဆောင်ရွက် နေကြသော ကရင်သူပုန် ဂိုဏ်းကြီးမှာ၊ ရေတိမ်တွင်နစ်ရချာ တော့သည့် နောက်မှ သိရှိရသော ၎င်းဘို့၏အထွေထွေအခြေအနေမျ ား စတင်ဆောင်ရွက်ပုံဘို့ကား ဤသို့ဘည်း၊

ဂျပန် စစ်တပ်များနှင့်-အင်္ဂလိပ် စစ်တပ်တို့—ထားဝယ်သောက်တွင်တိုက်နေချိန်တွင်-အရှေ့တောင်ကရင်စစ်သားများနှင့်—ရင်းနှီး-ခြွေဖောရှိသော (ဆီးကာရင်း)ကို အရှေ့ရိုးမတောင်သို့ တက်ပြီး၊ ကရင်များအား ပြောက်ကျား တိုက်နည်း သင်ပေး၍ ၎င်းကရင်များနှင့်ဂျပန်တင်များကိုကြားဖြတ် အနှောင့်အရှက် ပေးရန် ကြံစည်ခဲ့ပါသည်၊ (ဆီးကရင်း)သည်ခန်ကုန်စစ်ဌာနချုပ်မှ ညွှန်ကြားချက်အဖြည့်အရကိုယူပြီး၊ဖါပွန်ဘက်မှ ၎ည့်၍ အရှေ့တောင်ကိုတက်သွား၍ရောက်ရှိသောအချိန်သောက်မှာ ပဲရူးကျခဲ့လေပြီ၊

(ဆီးကာရင်း)လည်းကာရင်အမျိုးသားများကို၊ စုဆောင်းပြီးပြောက်ကျား တိုက်နည်းကိုသင်လျှက်ရှိစဉ် စစ်အခြေအနေမှာမလှတော့သည်ကို သိရှိသဖြင့်၊ တောင်ငူသို့ဆင်းရန်ကြံရွယ်ချိန်တွင်၊ တောင်ငူလည်း ဂျပန်စစ်ဘပ်များလက်တွင်းသို့ရောက်ပြီဖြစ်၍၊ ၎င်းအကြံကိုလက်လျှော့လိုက်ရတော့သည်၊သို့နှင့်ပင် (ဆီးကာရင်း) မှာ၎င်း၏လုံခြုံရေးနှင့်

အိန္ဒိယကိုမည်သို့ပြန်ရန်ဆိုသည့်ပြဿနာနှစ်ရပ်ကိုသာ အ မှုတပြင်းစဉ်းစားရန် အချိန်ပင်ဖြစ်ပါတော့သည်၊

ရှမ်းကုန်းပြင်ကို ဖြတ်ပြီးချုံကြင်း အဝိုရထံအရောက် သွားနိုင်ခဲ့လျှင်၊ ရင်းကတဆင့် အိန္ဒိယသို့လေယာဉ်ပျံနှင့် ပို့မှာတဲ့ဟူသော အယူအဆနှင့် ကြိုးစားကြည့်ခဲ့ရာ ရှမ်း ဓားပြတိုက်ခြင်းခံရ၍ အကြံမအောင်ဘဲ-ဖါပွန်သို့ ပြန်ကာ နေရပြန်ပါသည်၊

ထိုအခါတွင် ဘဇကျော်ဆိုသောကရင်စစ်ဗိုလ်တယောက် က အရှေ့တောင်ရိုးအတိုင်းလျှောက်ခါ၊ တောင်ပေါ်လမ်း ဖြင့်အိန္ဒိယပြည်ထဲသို့ရောက်သွားပြီး၊ ဗမာပြည်တွင် (ဆီး ကရင်း)ရှိနေကြောင်းပြောပြ၍၊ ဆိုင်ရာစစ်ဌာနချုပ်ကသိရှိ ခါ၊အရှေ့တောင်ရိုးသို့လေယာဉ်ပျံနှင့်လာပြီး (မက်ကာလင် နယ်မိုး) ထွန်းရွှေ၊ ဘကျော် အစရှိသောသူများကို၊ အသံ လွှင့်စက်များနှင့်အတူ၊လေထီးနှင့်ချပေးပါတော့သည်၊ ထို အချိန်မှစပြီးအရှေ့တောင်ရိုးတွင်၊ သူ့ဟိုသုင်ဌာနကြီးကိုဖွ ယားချပြီးစတင်ဆောင်ရွက်ပါတော့သည်၊

တောင်ငူနက်အဘွက် ကျောင်းရ-စောလူသိန်း နှင့် ကနစိုးပင် စောထွန်းသာ တို့ကတသင်း၊ ရဆောင်းရေးအ ဖြစ်ဆောင်ရွက်ရ၍၊ ဖဲခူး–ရန်ကုန်အတွက် ကျောက်ကြီး ဆရာဝန် စောဘဘင်၏သား-စီစီက တာဝန်ခံဆောင်ရွက် ရပါသည်၊ မောင်ဝါးမှာ (ဆီးကရင်း) တို့ရှိရာသို့ သက်ာ မကောင်းဘွယ်ရာရန်သူများ တက်ရောက် လာခဲ့လျှင် ခုခံကာ

ကွယ်ရန် တောင်အောက်၌ လက်နက်အပြည့်အစုံနှင့်တာ ဝန်ယူကြပါသည်၊မဲခူး တောင်ကျောတပိုက်ရှိ စစ်စခန်းများ ကိုဗုန်းကြဲသည့်အနက်၎င်းတို့သတင်းပေးချက်၊ အများဆုံး ပါဝင်သည်ဟုဆိုပါသည်၊ ၎င်းဖြင်သူလျှိုလုပ်ငန်းအတွက်၊ ၆ိ ထန်စက္ကူများကိုလည်းရိုက်နှိပ်၍ချပေးခဲ့ရာ၊စောလူသိန်းကို ဘမ်းဆီးသောအခါ၊ ထိုစက္ကူ ၆ိ ထန်မျိုး ၁၂၆၀ ကိုရပါ သည်၊

၎င်းတို့လုပ်ငန်းတွင်၊ ဥာဏ်မှီသလောက် တွေ့ရှိရသော ချို့ယွင်းချက်များမှာ(က)ဆိုကရင်နှင့်ကရင်ခေါင်းဆောင် ပေါ်များ၏ဆက်ဆံရေးချို့ယွင်းမှု {ခ}မိမ္ဘအရေး၊(ဂ)စည်း လုံးညီညွတ်ခြင်းမရှိမှု စသည်တို့ပင်ဖြစ်ပါသည်၊

(က) ဆက်ဆံရေး၊ ၊{ဆိုးကရင်} မှာကရင် အမျိုး သားများအပေါ်တွင်ဆက်ဆံရာ၌အာဏာလက်ရှိ စစ်ဗိုလ် တဦးပမာ သခင်သည် ကျေးကျွန်များကို ခိုင်းစေသကဲ့သို့ ခိုင်းစေအမိန့်ပေးလေ့ရှိပါသည်၊ ၎င်း၏အသက်နှင့်လုပ်ငန်း သည် ကရင် လူထုအပေါ်တွင် အမိက မှီခိုနေရ သည် ဆိုသော အချက်ကို မေ့နေဟန် တူ ပါသည်၊ ဥပမာ ကရင်ခေါင်းဆောင်ပေါ်တယောက်အား၊ ၎င်း၏စိတ်တိုင်း မကျလျှင် အလွန်ပြင်းထန်သောအာဏာဖြင့်၊ မင်းဒီနား ကိုလာခဲ့စမ်း၊မင်းဟာဒီလောက်ကိစ္စကလေးက်မှ ချောမော အောင်မဆောင်ရွက်နိုင်တာ ခွေးနဲ့အတူတူဘဲ၊မင်းကိုပေး ထားတဲ့သက်နက် ပြန်အပ်၊ မင်းအခုချက်ခြင်း ထွက်သွား၊

ယင်းမျက်နှာကို မကြည့်ချင်ဘူး- စသည်ဖြင့် အောင်ပေါက်ကြီးမောင်းခြင်းဘိုက်ပြုပေသည်၊

(ခ) မိန်းမအရေး၊ ၊တောင်ကြီးပေါ်မှကရင် အမျိုးသမီးများမှာ ယောကျ်ားရွေးချယ်ရာတွင်၊ ထားရှိသောအချက်များမှာ၊ယောကျ်ားပြီသခြင်း၊သတ္တိရှိခြင်း၊ စွန့်စားခြင်းအစရှိသည်တို့ဖြစ်ရာ၊ ပဌမတွင် တောင်ရိုးအတွာမယ်ဟာ ခေါ်ဆိုလောက်သော ကရင်မျိုးတယောက်နှင့်၊ မောင်ဝါးတို့မေတ္တာဆုံကြပြီး၊ကလေးတယောက်ပင် တိတ်ဘိတ်ဒုံးရနေချိန်လောက်မှာ၊လေထီးသမား ထွန်းရွှေ ရောက်လာရာ၊ ထေထီးသမားများမှာ၊ ကရင်မများအဘို့ ရိုးယ်ကျရွှေ ကိုယ်သဖွယ်ဖြစ်နေတော့သဖြင့်၊မောင်ဝါးကို စွန့်ဖြစ်လျှော် ထွန်းရွှေနှင့် ဆက်သောအ ခြအနေသို့ရောက်သွား၍၊ မောင်ဝါးမှာ-ထိုရာ၊ ချီအောင်နှ ပြီးလျှင်၊အသက်ပေး၍ ပူးပေါင်းဆောင်ရွက်ရမည့်ထွန်းရွှေနှင့်ရဲဘော်အဖြစ်မှ၊ ရန်သူအဖြစ်သို့ကူးပြောင်းခဲ့ကြပါတော့သည်၊

(ဂ) စည်းလုံးမှုမဲ့ခြင်း၊ ၊ထိုဖြင့်ကရင်များမှာအစုအခုပ်ကလေးတွေနှင့်နေကြရာ၊ ထက်နက်ရှိကြပြီး၊ မိမိ၏အစုအခုပ်ထဲကလူကိုထိသျှင်ဘယ်ကိစ္စမျိုးနှင့်မဆိုသည်းမခံဘဲ အသက်ကိုပင်ရန်ရှာသည်အထိ၊ ဘဝစားချေတတ်ကြပါသည်၊

တခုလုံးကို ခြုံကြည့်လိုက်လျှင်၊ ဆီးကရင်းနှင့်တကွ ကရင်ခေါင်းဆောင်ကြီး များပါ၊ မိမိတို့၏ ယော်သားများ

စည်းလုံးညီညွတ်မှုကိုမဆောင်ရွက်နိုင်ခဲ့ ရှိသည်ကို တွေ့ရပါသည်။

ရဲဖန်ရဲခါမိန်းမအတွက်နှင့် သော်ရင်း၊ အခြားအသေးအပွဲကိစ္စကလေးများနှင့်သော်ရင်း၊ အစုတစုမှကရင် တယောက်နှင့် အခြားအစုအစုမှ ကရင်တယောက်တို့ အချင်းများခဲ့လျှင် တဦးချင်းဖြစ်သော၊ ၁မှ အစုချင်းဖြစ်သနာသို့ ကူးပြောင်းပေါ်ပေါက်တတ်သည်ကို တွေ့ရပါသည်၊

တောင်ပေါ်အရေးကိစ္စများကို၊ စစ်ထပ်ဖြင့်တက်ရောက်နှိမ်နင်းနေစဉ် တဘက်မှ တောင်ရှုးရိုင်ရှိ ကရင်ခေါင်းဆောင်ကြီးများဖြစ်ကြသော ဦးဘခင်၊ဦးစီလုံး အစရှိသည်တို့ကို ကရင်များအား ပါဒဖြန့် ဟောပြောခိုင်းပါသည်၊

နောက်ဆုံးတွင်ကား ဧရာဝတီ ကြီးသည်၊ အရေးပါသောအခက်ကြီးများမှာ ပါဝင်ဆောင်ရွက်နေသော ကရင်များအား ရန်ကုန်သို့ အမ်ပီဓကာ ခေါ်ဆောင်သွားပါတော့သည်၊ထိုအထဲတွင်ခေါင်းဆောင်ပြီသသော စောဘိုးထွ အကြောင်းကို ချီးကျူးလိုပါသေးသည်၊ ရန်ကုန်နှင့် တောင်ငူအမ်ပီက၊ကရင်များအားညှဉ်းဆဲနှိပ်စက်နေသော အခါတွင် စောဘိုးထွ အပြောဖြစ်သည်မှာ၊ ဒီအရေးတော်ပုံ သူ့လျိုက်စစ်ကြီးကို ဆီးကရင်းနှင့်အတူ တူးဆွဲဆောင်ရွက်နေသူ များမှာမိမိသလျှင်ဖြစ်၍ညှဉ်း လိုးမလိုခဲ့သော်မိမိကိုသာညှဉ်းပမ်းနှိပ်စက်မေးမြန်း သင့်ကြောင်း၊ သူတို့ စေခိုင်း သဖြင့်သာ ခေါင်းဆောင်အား ယုံကြည်မှုနှင့် လုပ်ရရှာသော ကရင်

အမျိုးသားများအား။ညှဉ်းပန်းနှိပ်စက်ခြင်းသည်၊ ဇာရင်ပေါ် ကာလူနာကို ထက်ထောင်းခြင်းနှင့်သာတူကြောင်း ပြောပါ သည်။

ရန်ကုန်တွင်စစ်ဆေးမေးမြန်းပြီးနောက်၊ ကျောက်ကြီး နယ်မှ ကရင်များအား ပြန်လွှတ်ခါ အသုံး ချလျက်ရှိပါ သည်။...... ထိုသို့ပြန်အသုံးချသည်ဆိုစေကာမူ၊ကရင်အမျိုး သားများအပေါ်တွင် အပ် ပိ က ဘယ်တော့မှအယုံအ ကြည်ရှိလိမ့်မည်မဟုတ်ပါ၊ယခုလည်း လေထီးသမားများ နောက်ထပ်ဆင်းပြီး တစခမ်းထနေပြန်ပြီဟု အယူရှိနေပါ သည်၊ကရင်များအနေ မှာ ဒေသအားဖြင့်ရင်းတို့အားအလွန် အခက်အခဲတွေ့စေသဖြင့်-အရှေ့တောင်ကိုပြု၍ ရကောင်း ချင်ဖြိုပစ်ချင်ပေလိမ့်မည်။

ပြီးပြီ။

"သံမဏိ"။

(မှတ်ချက်။ ။၁၉၄၄ ခု နိုဝင်ဘာလလောက်တွင်ရေးသည်)။

# "စောဘိုးလှ"

စောဘိုးလှသည် အင်္ဂလိပ်စစ်ပြန်တယောက်ဖြစ်သည်။ အင်္ဂလိပ်စစ်တပ်များဆုတ်ခွါသွားသောအခါ၊ ၎င်းမှာ အရှေ့တောင်ပေါ်တွင် ကပ္ပတိန်ဆီးကရင်းနှင့်အတူ ကျန်ခဲ့သည်။ ။အရှေ့တောင်ရိုးတွင် စောဘိုးလှမှာအတော်ပင် ဩဇာရှိသူဖြစ်သဖြင့် ဆီးကရင်း၏ အားကိုးခြင်းကိုခံခဲ့ရသူ ဖြစ်ပေသည်။ ။

ဗမာပြည်တွင် စံနစ်တကျ အုပ်ချုပ်ရေးများ စတင်တည်ထောင်ချိန်လောက်တွင် ဆီးကရင်းနှင့် စောဘိုးလှတို့ တိုင်ပင်ကြသည်မှာ၊ ဂျပန်များ၏လုပ်ကိုင် ဆောင်ရွက်နေသော အတွင်းရေးကိစ္စများကို သိရှိရန် လိုအပ်ကြောင်း၊ ဂျပန်တို့၏ လှမ်းသမျှသော ခြေလှမ်းတိုင်းကို သေချာစွာကြည့်ရှုသိရှိနိုင်ရန်မှာ ၎င်းတို့နှင့် ပူးပူး ကပ်ကပ် ဝင်ထွက်နေနိုင်မှသာဖြစ်နိုင်မည့်အကြောင်းတို့ပင်ဖြစ်ပေသည်။

ထို့ကြောင့် ရန်ကုန် ဂျပန်စစ်ပုလိပ်ရုံးတွင် စောဘိုးလှသွားရောက်အမှုထမ်းခါ၊ ၎င်းတို့ အတွင်းအပြင် အရေးကိစ္စတို့ကိုထောက်လှမ်းရန်ဆီးကရင်း၏သဘောတူညီချက်အရ စောဘိုးလှမှာ နှစ်စထွက်အလုပ်လုပ်ရန်– ရန်ကုန်သို့ ထွက်ခွါလာခဲ့ပေသည်။ ။ရန်ကုန် ရောက်ပြီးနောက် အဆက်အသွယ်ရခါ-ဂျပန်စစ်ပုလိပ်ရုံးတွင် ဝင်ရောက်အမှုထမ်းရာ၊ဒုတိယ ဗိုလ်နဂါးရာမားနှင့်တွဲဖက် အလုပ်လုပ်ရန်

တာဝန်ကျခဲ့ပေသည်။ ၊ငင်း၏သားမယားများကိုမူကား၊ ရန်ကုန်အနီးရွာတရွာတွင်ထားသည်၊

စောဘိုးလှသည်၊ငင်းတို့သိရှိသမျှ သတင်းများကို စီးကရင်ထံသို့ အတော်အတန်ပို့နိုင်ခဲ့သည်၊ ၊ဂျပန်တို့၏ သဘောမှာ အထူးသဖြင့်ကရင်အမျိုးသားများအပေါ်တွင်ငင်းတို့ကပင် ခိုင်းစေအသုံးချနေသည့် တိုင်အောင် မည်သည့်အခါမျှ အယုံအကြည်မရှိခဲ့ပေ၊ ၊

တကြိမ်တွင် စောဘိုးလှသည်-ခွင့်ယူပြီး သားမယားများထံပြန်မည်ဆိုခါ ထွက်ခွါသွားရာ ခွင့်ရက်က ကျော်လွန်သည့်တိုင်အောင် ပြန်မလာသဖြင့် ဒုတိယဗိုလ်နဂါးချာမား-(စောဘိုးလှနှင့်တွဲဖက်ထားသော ဂျပန်) ဗိုလ်ဒေါ်ရှီးဝေးနှင့်စကားပြန်ကိုတင်ညွန့်ဆိုသူတို့သည်၊ စောဘိုးလှ၏နေအိမ်သို့လိုက်သွားကြသည်၊ငင်းအိမ်သို့ရောက်သောအခါစောဘိုးလှကိုလည်းမတွေ့ရ ဘယ်သွားသည် ဟူ၍သည်းအိမ်သူ အိမ်သားများက အသေအချာ မပြောနိုင်ကြသဖြင့် စောဘိုးလှ၏ခေါင်းပုံတပုံကိုချိတ်ဆွဲထားရာမှ အဖွတ်တမဲ့ခိုး၍ဖြုတ်ယူလာခဲ့ကြသည်၊

စောဘိုးလှမှာကား- စီးကရင်-မက်ကာလင်နယ်-နိုမိုးစသော အင်္ဂလိပ် စစ်ဗိုလ်များနှင့် တွေ့ရှိရန် အရှေ့တောင်သို့တက်ခဲ့ခြင်းပင်ဖြစ်၏၊ တောင်ပေါ်တွင် အတော် ကြာအောင် စစ်ဗိုလ်များနှင့်ဆွေးနွေးတိုင်ပင်ခြင်း၊ ကရင်လူထုကို ဝါဒဖြန့် စည်းရုံးခြင်းအစရှိသည်တို့ကို တောင်ရိုး ထ

လျှောက်ရွှေကျင်နယ်မှ သံတောင်နယ်အထိ ပြုလုပ်ခဲ့ရာ၊ နောက်ဆုံးတွင် သံတောင်နယ်အတွင်းရှိ—မော်ကုဒိုးအမည်ရှိသော ကရင်ရွာတွင်ကပ္ပတိန် နိုးမိုးနှင့် တွေ့ဆုံကြသည်၊

ရန်ကုန်စစ်ပုလိပ်ရုံးမှလည်း၊စောဘိုးလှအရှေ့တောင်ကိုတက်သွားသည်ဟုသိရှိခါ စောဘိုးလှနှင့်အတူစစ်ပုလိပ်ရုံးတွင်အလုပ်လုပ်လျက်ရှိသော ကရင် ဘဖောက်အား၊ စောဘိုးလှကိုလိုက်ခေါ်ရန် စေလွှတ်လိုက်ပေသည်၊ ၎င်းကရင်မှာလည်း၊ စောဘိုးလှသတင်းကို နားထောင်ခါ လိုက်လာရာကျောင်းရွာ စောလူသိန်းထံသို့ရောက်သော အခါ စောဘိုးလှနောက်သို့ ဆက်မလိုက်တော့ဘဲ၊ စောလူသိန်းအား စောဘိုးလှ ရှိရာသို့ အရောက်လိုက်သွား၍ နဂါးရာမားကခေါ်နေကြောင်းပြောပြရန်မှာခဲ့ပြီး၊ ရန်ကုန်သို့လှည့်ပြန်သွား၏၊ ၊စောလူသိန်းလည်း၊စောဘိုးလှရှိရာမော်ကုဒိုးသို့သွားရောက်ခါ နီးမိုးရှေ့တွင်ပင် ရန်ကုန်မှ လိုက်လာပြီး၊နဂါးရာမားကအခေါ် လွှတ်လိုက်သည့်အကြောင်းပြောပြရာ စောဘိုးလှ၏အကြောင်းရင်းကို ရန်ကုန်မှ အကုန်သိရှိသွားပြီးဖြစ်ကြောင်း၊၎င်းတို့သိရှိသောကြ၏၊ ၊ထိုအခါ ဤကိစ္စနှင့်ပတ်သက်၍ နိုးမိုးနှင့်စောဘိုးလှတို့ အခြေအတင် စကားများကြပုံမှာ နိုမိုး—မင်းရန်ကုန်က ခွင့်ယူပြီးထွက်လာခါ ခွင့်ရက်စေ့သည် တိုင်အောင် ပြန်မရောက်ဘာနဲ့ မင်းအိမ်ကိုလဲ သွားရှာကြတယ်၊ အိမ်မှာမတွေ့တော့၊ ဒီတောင်ပေါ်ကို တက်လာဒါသိရှိပြီ၊အခုအားခေါ် လွှတ်လိုက်ရတာဘဲ၊

မင်းဟာသူတို့ရဲ့ခြေလှမ်းကိုသိချင်လို့ဝင်ပူးပြီး အလုပ်လုပ်နေတယ်ဆိုဒါ အခုသူတို့သိသွားပြီ။ဒီတော့မင်းပြန်သွားရင်မင်းကိုဘယ်။ဒို့အကြောင်းတွေအကုန်ပေါ်အောင် အနှိပ်နဲ့ဘမျိုး အကြမ်းနဲ့တဖုံစစ်ဆေးတော့မှာဘဲ။အဲဒါမင်းဘယ်လိုလုပ်မလဲ။"

"စောဘိုးလှ"အိုက်စ္စမရှိပါဘူး ကျုပ်ပြန်သွားမယ်၊ ဒီအကောင်တွေလောက်တော့ကျုပ်လှည့်ပစ်နိုင်ပါတယ်၊"

"နိုးရိုး" မင်းဒီလိုလွယ်လွယ် ပြောလို့မဖြစ်ဘူး၊ ဒီကောင်တွေကိုမင်းသိပ်ပြီး အထင်သေးနေသလား။မန်ချူရီးယားတခွင် တရုပ်ပြည်တခွင်မှာ နှံ့စပ်အောင် မွှေနှောက်လာတာ မင်းလိုလူတယောက်ကိုတော့ မှုလောက်မယ် မဟုတ်ဘူးဆိုဒါ မင်းယုံကြည်ပါ မင်းပြန်လို့တော့ ဘယ်နည်းမှမဖြစ်ဘူး။"

"စောဘိုးလှ' ကျုပ်ဇာတ်ကိုကျင်နိုင်အောင်စီးနိုင်လို့ကျုပ်ပြန်သွားမယ်ပြောနေတာပေါ့ ကျုပ်နဲ့ဒီလောက်ကြာကြာကြီးအလုပ်လုပ်တဲ့ကောင်တွေ အကြောင်းကို ခင်ဗျားထက် ကျုပ်ပိုပြီးသိတာပေါ့"

"နိုးရိုး"ဟော့ဘိုးလှ ဒီကိစ္စဟာ မင်း တယောက် ထဲနဲ့ပတ်သက်ပြီး မင်းတယောက်ထဲနဲ့ပြီးမဲ့ကိစ္စ အသေအမွှားကလေးမဟုတ်ဘူးဆိုတာမင်းနားလည်ပါ။မိုးရိုးမဆုံ မြေယံမဆုံးဖြစ်ပြီး၊ တောင်ရိုးတခုလုံးရဲ့အရေးတွေကိုထိခိုက်လာမယ်ကွ။(ဒေါသသံနှင့်ပြောသည်၊)အဲဒီတော့ မင်းကို ငါအ

ကြီတခုပေးချင်ထာက မင်းသားမယားပါခေါ်ပြီး၊ အိန္ဒိယ ကိုသွားပေတော့ ဒီတောင်ရိုးပေါ်မှာ မင်းနေမယ်ဆိုရင်လဲ တနေ့မတွေ့တနေ့တွေ့သွားမှာဘဲ၊အိန္ဒိယကို သွားတယ်ဆို တော့ တခါထဲ ပျောက်သွားတော့ ကိစ္စရောဘယ်နဲ့လဲမ မကောင်းဘူးထား၊"

"စောဘိုးထွ" အိန္ဒိယကိုသွားဘို့ဆိုဒါကခင်ဗျား ပြော သထောက်မလွယ်ကူဘူးအရကိစ္စမှာခင်ဗျား အစိုးရိမ်ကြီး ပြီးကျုပ်ကိုသာ မပြန်ဘို့အတင်းပြောနေတာဘဲ၊"

"နိုးရိုး" မင်းပြန်လို့တော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင် ဘူးဆိုထာ- ငါတာထစ်ချပြောတယ်၊ မင်းအိန္ဒိယကိုမသွား ချင်ရင်-ဒို့တတွေနဲ့ကရင်တမျိုးသားလုံးရဲ့ အကျိုးကိုမျှော် ကိုးပြီးတော့- မင်းကိုယ်မင်း လက်စတုံး ခြောက်လုံးပြူး နဲ့ပစ်သေလိုက်ရင်ကောင်းမယ်-ရော့ခြောက်လုံးပြူး-"

"စောဘိုးထွ"အို—— ကျုပ်ဘယ်နည်းနဲ့မှ ကိုယ်ကိုယ် ကို သတ်မသေနိုင်ဘူး၊"

"နိုးရိုး" ဟင်- ဘိုးထွ မင်းဟာ-သစ္စာဖေါက်မဲ့လူတ ယောက်ဖြစ်နေပါကလား.... မင်းဟာ အလွန်သဏ္ဍိုနဲ့ပြီး- ယောကျ်ားမပီသတဲ့-သစ္စာမဲ့ လူတယောက်ဘဲ၊ မင်းကို ငါကိုယ်တိုင်ပစ်သတ်မယ်" စောဘိုးထွအား ခြောက်လုံး ပြူးနှင့်ထချွပစ်ရန်ချိန်သည်၊ နောက်-ချောင်းချောင်းတွက် နေသောဒေါ်သက်အနိုင်နိုင်ချုပ်တည်းခါ- နိမြန်းသောမျက် နှာကြီးဖြင့်၊"ဘိုးထွရယ်......မင်းဟာဒို့နဲ့အရင်က အလုပ်

အတူတူလုပ်ခဲ့တဲ့၊ ရဲဘော်-ရဲဘက် ဖြစ်နေလို့ မင်းကိုငါ သတ်ရမှာခက်တယ်၊ငါမသတ်ရက်ဘူး၊ဒီတော့ မင်းကိုယ် မင်း-သေနတ်နဲ့သတ်သေရမှာ ဝန်လေးနေရင်၊ သက်သက် သာသာကလေးနဲ့ သေနိုင်တဲ့- ဟော-ဒီအဆိပ်ကိုသောက် လိုက်ပါကွာ......ရော့၊”ထိုအခါတွင်လည်း ဘိုးဖှာမှာညှင်း နေ၏၊

နောက်ဆုံးတွင်ကား-စောဘိုးဖှာအပေါ်တွင် ထက်ချော့ ရခါ “ကဲမင်းကိစ္စကိုမင်းတာဝန်ယူပြီး၊ဆုံးခန်းတိုင်ရောက် အောင်ဆောင်ရွက်နိုင်မယ်ဆိုရင် မင်းပြန်ပေတော့၊ ဘိုးဖှာ မင်းကိုဘုရားသခင်စောင်မပါစေ၊”

စောဘိုးဖှာလည်း-နိုးမိုးနှင့်ခွဲပြီးနောက်၊ ရန်ကုန်သို့ပြန် ရောက်လာရာ၊ စစ်ပုလိပ်ရုံးကနိုးမိုးယူဆသည့်အတိုင်းပင်၊ ဘမ်းလိုက်၏၊ထိုအချိန်မှာ တောင်ငူစစ်ပုလိပ်ရုံးမှ၊ အရှေ့ တောင်အရေးကိစ္စများနှင့် ပတ်သက်ပြီး၊ သတင်းစုံစမ်း ထောက်လှမ်းခ၊ ရန်ကုန်ဗဟို စစ်ပုလိပ်ရုံးသို့ အစီရင်ခံ၍ အထောခရီးရောက်နေပြီးဖြစ်သောအခါပင်......

ဗိုလ်အိုးနိုးဝေးအမှူးရှိသော- ရန်ကုန် စစ်ပုလိပ်အဖွဲ့ သည်၊ ကုန်စည်ဖြန့်ချီရေးအဖွဲ့အမည်ဖြင့်၊ တောင်ပေါ်သို့ ထက်ရန်၊ ကျောက်ကြီးကို ရောက်လာသော အခါတွင်၊ စောဘိုးဖှာကိုပါအကျဉ်းချုပ်နှင့်ခေါ်လာခဲ့ပေသည်၊ထိုအ ချိန်မှစပြီး-နောက်ဆုံးစီကရင်းတို့ဘိုမိသည့်အထိ၊ စောဘိုး ဖှာကို-လည်စေ့ညှစ်ခါ- အစ်ခါ-ညှစ်ထုတ်မေးမြန်းအရှေ့

တောင်ရိုးတခုလုံးကို မွှေနှောက်ခါ- ရင်းတို့အလိုရှိသူများကို ဘမ်းဆီးသွားခြင်းပင်ဖြစ်ပေသည်။

စီကာရင်းမှာ=သူလျှိုအလုပ်ကိုလုပ်သော်လည်း၊ စစ်ကျွန်တယောက်ဖြစ်သဖြင့်- လူခြင်းလဲရန်ရည်ရွယ်၍ ယခုအချုပ်နှင့်ထားသည်။ စောတိုးလှကားမရှိတော့ပြီ၊ အရှေ့တောင်အရေးကိစ္စများကိုအဆုံးသပ်အလုပ်လုပ်ပြီးနောက်။ ညတညတွင်–စောတိုးလှအား၊မော်တော်ကားပေါ်ထင်ပြီး၊ ခေါ်၍ထွက်သွားရာ၊ ရင်းမော်တော်ကားနှင့် ပါသွားသောစစ်ပုလိပ်အရာရှိများပါပြန်ရောက်လာသောအခါတွင်- စောတိုးလှကား...... ပြန်မလာတော့ပေ....

---

# ကရင်ဗမာသွေးစည်းရေးဆွေးနွေးပွဲ

ကရင်ဗမာ သွေးစည်းရေးကို ဖြစ်မြောက်အောင်ဆောင်ရွက်ကြသော ငါတို့ရဲဘော်များသည်၊ ကရင်အမျိုးသားများနှင့်တွေ့ဆုံဆွေးနွေးကြရာ၌ သံသယရှင်းစွာ နားလည်နိုင်အောင် စိတ်ရှည်လက်ရှည်ဆွေးနွေးရန် အရေးကြီးသည်၊

ဗမာ့ ခေါင်းဆောင် အချို့၏ သစ္စာ ဖောက်မှုကြောင့်တကြောင်း၊ ဂျပန်နောက်လိုက် ဗမာ လူယုတ်မာထရေတို့၏ နှိပ်စက် ညှင်းဆဲမှုကြောင့်တကြောင်း၊ ကရင် အမျိုးသားများမှာအသတ်ခံရ အမျိုးမျိုး ညှင်းဆဲခံခဲ့ရချေသည်၊ ကရင် အမျိုးသမီး လူကြီးလူငယ်ဟူ၍ သမျှမုဒိမ်းအကျင့်ခံရ၊ ပြည့်တန်ဆာ အလုပ်ခံခဲ့ရပေသည်၊ ကရင် ကလေး ငယ်လူမမယ် ကလေးများပင်လျှင် မီးပုံထဲသို့ အရှင်လတ်လတ် အပစ်ခံရပေသည်၊ ကရင်အမျိုးသားပုန်ကန်ရေးလုပ်ငန်းကြီးမှာ ဖရိုဖရဲဖြစ်ရခဲ့ချေသည်၊ ထိုသို့ဖြစ်ရာ ကရင်အမျိုးသားများက ဗမာများအပေါ် မယုံသင်္ကာဖြစ်ခြင်း၊ မပေါင်း မသင်းရဲဖြစ်ခြင်း၊ ကြောက်လန့်ခြင်းတို့ဖြစ်နေသည်မှာ ဘာမျှထူးဆန်းစရာမရှိပါ၊ ဓမ္မတာသာဖြစ်မည်၊

ကရင်အမျိုးသားများသည် ဗမာများနှင့် လူချင်းတူတူ သူချင်းမမျှ ပခုန်းခြင်းယှဉ်ကာ ပူးပေါင်း ထိုကြသည်မှာ အမှန်ဖြစ်၏၊ ဗမာများနှင့်ရင်ဘောင်တန်းကာ ဗမာတိုင်းရင်းသားအားလုံး၏ရန်သူစင်စစ်ဖြစ်သော ဂျပန်ခိုးသား မုဒိမ်း

များအား ဖြိုဖျက် သုတ်သင် လိုသည်မှာ အမှန် ဖြစ်၏။ ထို့ကြောင့် ကရင်ဗမာ သွေးစည်းရေးကို ဆောင်ရွက် နေကြသော ငါတို့ရဲဘော်များသည်၊ ကရင်အမျိုးသားများ ကိုချည်းကပ်ရာ၌။ ၎င်းတို့တွင် ရှိနေသော မယုံကြည်စိတ် သံသယစိတ်များကို ပယ်ရှားဖြစ်နိုင်ရန်မှာငါတို့၏ အဓိက တာဝန်ဝတ္တရားဖြစ်သည်။

ဤသို့ ပယ်ရှားဖြစ်နိုင်လျှင် ကရင်ဗမာ သွေးစည်းရေး ပဋ္ဌမအဆင့်မှာ ချောမောအောင်မြင်ပေပြီဟု ယူဆနိုင်ပေမည်။ ထို့ကြောင့် ကရင် အမျိုးသားများနှင့် တွေ့ဆုံရာ၌ ၎င်းတို့၏ မေးမြန်းချက်ဟူသမျှတို့ကို စိတ်ရှည် လက်ရှည် ရှင်းလင်းပြတ်သားစွာ ဖြေဆိုနိုင်ကြရမည်။

အောက်တွင်ဖော်ပြလိုက်သောမေးခွန်းများသည် ကရင် အမျိုးသားများက ငါတို့အားမေးမြန်းတတ်သော မေးမြန်း လိုသော မေးခွန်းများဖြစ်၏။ ဤမေးခွန်းများကို တခုစီ တခု အဖြေနှင့်ယှဉ်တွဲ၍ ဖော်ပြလိုက်သည်။ ကရင် အမျိုးသား များနှင့် ဆွေးနွေးလိုသော ရဲဘော်များသည် မဆွေးနွေးမီ ဤကရင်ဗမာ သွေးစည်းရေး ဆွေးနွေးပွဲ စာတမ်းကို လေ့လာ ထားစေလိုသည်။ သို့မဟုတ် ဆွေးနွေးရန်အခွင့် မရသော ကရင်အမျိုးသားများအား ဤစာတမ်းကို ပြစေ လိုသည်။

(မေး) အင်္ဂလိပ်တွေနှင့် ပါ်ဆက်ဆက်သို့ -ခင်းဗျားကို

ဘယ်လိုသဘော ထားပါသလဲ ဆူဆွီ ပြန်လာဇေါင်ကော-ခေါင်ဗျားတို့က-ဆူတို့ကို ပြန်တိုက်အခုမှာလား။

(အဖြေ) ကချင်-ဗမာသွေးစည်းရေး ကြေညာစာတမ်းမှာပါတဲ့အတိုင်းကျုပ်တို့ (ဖက်ဆစ် ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်)ရဲ့ရည်ရွယ်ချက်ကြီး ၂ ခုကား—(၁) ကမ္ဘာ့ဖက်ဆစ်ဝါဒကြီးနှင့် တကွ-အထူးသဖြင့် ဂျပန်ဖက်ဆစ်ဝါဒကို-ရင်းတို့ရဲ့နေရင်း တိုင်းပြည်များဖြစ်တဲ့-အီတလီ ဂျာမဏီ နှင့် ဂျပန်တိုင်းပြည်များမှာ လုံးလုံးကျဆုံးသွားတဲ့အထိ တိုက်ဖျက်ရန်နဲ့ (၂) ဒီလို တိုက်ဖျက် ရန်မှာ၊ အင်္ဂလိပ်၊ အမေရိကန်၊ ဆိုဗီယက် ရုရှား တရုတ် အစရှိတဲ့နိုင်ငံများပါဝင်ရာ၊ ဒီမိုကရေစီမဟာမိတ်အဖွဲ့ကြီးနဲ့ မိတ်ဖွဲ့ဆက်သွယ်ပြီး၊ အဲဒီအဖွဲ့ကြီးထံက၊ အကူအညီတောင်းယူရန်၊အဲဒီအဖွဲ့ကြီးကိုလဲ အစွမ်းကုန်ကူညီရန်ဖြစ်တယ်။

ဖက်ဆစ်ဝါဒဟာ-ဘာလဲလို့ မေးစရာရှိပါတယ်၊ဖက်ဆစ်ဝါဒ-ဖက်ဆစ် အုပ်ချုပ်ရေး စနစ်ဟာ ကမ္ဘာမှာ ပေါ်ဘူးသမျှစနစ်များတွင် နယ်ချဲ့တကာ အချဲ့ဆုံး ဝါဒ-စစ်မက်အလိုလားဆုံးဝါဒ သူသတ်သမား တစုက လူအပေါင်းကို အရက်စက် အကြမ်းကြုတ်ဆုံး ညှင်းဆဲအုပ်ချုပ်သောဝါဒဖြစ်တယ်၊ ဒီဖက်ဆစ် ဝါဒကို လက်ဆုပ်လက်ကိုင်နဲ့ပြရမယ်ဆိုရင်-ဗမာပြည်မှာ—ဂျပန် လူရိုင်းခိုးသားမုဒိမ်းတွေက ဗမာပြည်တိုင်းရင်းသားများဖြစ်ကြတဲ့၊ခင်ဗျားတို့ကျုပ်တို့ရဲ့ပစ္စည်းတွေလုယူ၊ခင်ဗျားတို့ ကျုပ်တို့ရဲ့ ထမင်းလုပ်ကို

လုစားနေကြတာဟာ ဖက်ဆစ်ဝါဒတဲ့၊ ခင်ဗျားတို့ ကျုပ်တို့ကို သတ်လိုက်တယ်၊ ခြေထက် ရိုက်ချိုးလိုချိုး လုပ်ပြီး၊ ခင်ဗျားတို့ကျုပ်တို့ရဲ့- အမေ-အမ-နှမ-ဇနီးသယ်အစရှိတဲ့ တိုင်းရင်းသား အမျိုးသမီးတွေကို၊ မုဒိန်းကျင့်လိုကျင့်၊ ဖါလှုင်ခိုင်းလိုခိုင်း၊ လုပ်နေတဲ့ ဂျပန်ဝါဒဟာလဲ၊ ဖက်ဆစ်ဝါဒပါတဲ့၊ ခင်ဗျားတို့ ကျုပ်တို့ နေ့စဉ်နှင့်အမျှ၊ အရှင်လပ်ထပ်ဖိ ဖြိုက်ခံရသလို၊ အပူတပြင်း-ဒုက္ခ ရောက်နေ ကြတာဟာလဲ၊ ဂျပန့်ရဲ့ဖက်ဆစ်ဝါဒကြောင့်ပါတဲ့၊

ဖက်ဆစ်ဝါဒဟာခင်ဗျားတို့ကျုပ်တို့ဗမာတိုင်းရင်းသားများသာ ညှင်းဆဲနှိပ်စက်ပြီး၊ ကျွန်လုပ်ထားတာမဟုတ်ဘူး အရှေ့ဘက်မှာဆိုရင်တရုပ်၊ မန်ချူးရီးယား ကိုးရီးယား ဖိလိပိုင် ယိုးဒယား စတဲ့နိုင်ငံများက တိုင်းရင်း သားတွေ အနောက်ဘက်မှာဆိုရင်ဥရောပတိုက်နိုင်ငံများမှာရှိတဲ့ တိုင်းရင်းသား လူအများတွေကိုပါ၊ ညှင်းဆဲ နှိပ်စက်နေကြတာတဲ့၊ ဒါကြောင့်မို့ ဖက်ဆစ် ဝါဒ တခုလုံးကို ချေမှုန်းသုတ်သင်ပြီးမှသာ၊ ဗမာတိုင်းရင်းသားများတွင်မက၊ ကမ္ဘာမှာရှိတဲ့ အညှင်းဆဲခံလူမျိုးအားလုံးပါ၊ လွတ်မြောက် ချမ်းသာကြမယ်လို့ ကျုပ်တို့ယုံကြည်ကြခြင်းဖြစ်တယ်၊

ဒီဖက်ဆစ်ဝါဒကြီးကို အင်နဲ့၊ အားနဲ့၊ တိုက်ဖျက်နေကြတာဟာ အထက်မှာဘော်ပြခဲ့တဲ့ ဒီမိုကရေစီ မဟာမိတ်အဖွဲ့ကြီးတဲ့ဆိုတာ ခင်ဗျားတို့လဲသိပြီးတဲ့၊ ဒီမိုကရေစီမဟာမိတ် အဖွဲ့ ကြီးဟာ ဖက်စစ် ခိုးသား မုဒိမ်း များရဲ့

လက်အောက်မှာ အညှင်းဆဲခံနေရတဲ့ လူမျိုးအပေါင်းကို၊ လွတ်မြောက်အောင် ဆောင်ရွက်နေကြတဲ့အတွက်-ဒီအဖွဲ့ကြီးကိုလုံးဝထောက်ခံပြီး၊ဒီအဖွဲ့ကြီးထမြောက်အောင်မြင်ရန်အတွက် ဗမာတိုင်းရင်းသားအားလုံးကအစွမ်းကုန်ကူညီမယ်လို့ ကျုပ်တို့တထစ်ချယူဆခြင်းဖြစ်တယ်၊ ဒီမိုကရေစီမဟာမိတ်အဖွဲ့ကြီးမှာ၊ တဦးအပါအဝင်ဖြစ်တဲ့ အင်္ဂလိပ်ကိုလဲ-ဒီဖက်ဆစ်ဝါဒဘိုက်ဖျက်ရေး လုပ်ငန်းကြီးမှာလုံးဝထောက်ခံပြီးအစွမ်းကုန် ကူညီဘို့ရာ၊ ဗမာ တိုင်းရင်းသားအားလုံးရဲ့ဝတ္တရားကြီးဖြစ်တယ်၊

ဒီတော့ အင်္ဂလိပ်တင်မျှားနှင့်တကွ၊ အခြားမဟာမိတ်များက ဗမာတိုင်းရင်းသားတွေကို-တမျိုးညှင်းဆဲပြုပ်စက်နေတဲ့ ဂျပန်လူရိုင်းများကိုမောင်းထုတ်ဘို့-ဗမာပြည်ထဲကိုဝင်လာတဲ့အခါ၊ဗမာတိုင်းရင်းသားအားလုံးက၊ ဒီစစ်တပ်တွေကို၊ ခံမတိုက်ရမဲ့အပြင် ဂျပန်ဖက်ဆစ် လူရိုင်းများရဲ့အညှင်းဆဲခံဘဝမှလွတ်မြောက်အောင်လုပ်ပေးမဲ့ စစ်သည်တော်များအဖြစ်ကြိုဆိုကြရမယ်၊ ဒီမဟာမိတ် စစ်တပ်တွေနဲ့ ပူးပေါင်းပြီး၊ဗမာတိုင်းရင်းသားအားလုံးတို့လဲ၊ တိုင်းအင်ပြည်အားနဲ့ ဂျပန်လူရိုင်းတွေကို တော်လှန် မုန်ကန်ကြရမယ်၊

အင်္ဂလိပ်နဲ့ ပတ်သက်လို့ ကျုပ်တို့ရဲ့ သဘောထားကိုထင်ပြီးရှင်းပြရဦးမယ်၊ အင်္ဂလိပ်ကို ယခုစစ်ပွဲကြီးတွင်ကျုပ်တို့က လုံးဝထောက်ခံ ကူညီနေတာ အင်္ဂလိပ်ဟာ

ကျုပ်တို့ကိုကျွန်လုပ်ထားဘူးတဲ့ သခင်ဟောင်းဖြစ်တယ်ဆိုပြီး ထောက်ခံခြင်း မဟုတ်—အင်္ဂလိပ်ဟာ—ဒီမိုကရေစီမဟာမိတ်အဖွဲ့ကြီးတွင်တဦးအပါအဝင်အဖြစ် အလွန်ဆိုးရွားကြမ်းကြုတ်တဲ့ ဖက်ဆစ်ဝါဒကြီးကို တိုက်ဖျက်နေတဲ့အတွက်၊ အညွှန်းဆဲခံတို့ရဲ့ လွတ်မြောက်ရေးအင်အားစုတစုအဖြစ် ထောက်ခံခြင်းသာဖြစ်တယ်၊ အင်္ဂလိပ်တိုက်နေတဲ့စစ်ဟာ ကျုပ်တို့အတွက်ကာယက မြောက်အားဖြင့်၊ တိုးတက်သောစစ်ဖြစ်တဲ့အတွက် ကျုပ်တို့က ထောက်ခံခြင်းဖြစ်တယ်၊

ဂျပန်လက်အောက်မှာနေရတဲ့ဘဝနဲ့စာရင်၊ အင်္ဂလိပ်အောက်မှာနေရတဲ့အဝကပိုကောင်းတယ်၊ ဒါပေမဲ့ ဂျပန်လက်အောက်မှာရော—အင်္ဂလိပ်လက်အောက်မှာရော နေရတဲ့ဘဝတို့ထက်၊ဗမာတိုင်းရင်းသားအားလုံး၊ မိမိတို့ရဲ့နေရေးထိုင်ရေးကို၊ မိမိတို့ဘာသာ လွတ်မြောက်စွာဆုံးဖြတ်နိုင်တဲ့ဘဝ၊ ဘယ်နိုင်ငံခြားသားရဲ့ အချုပ်အချယ်မှမရှိတဲ့ဘဝဟာ မနှိုင်းယှဉ်လောက်အောင် ပိုကောင်းတယ်၊ ဒါကြောင့်၊ကျုပ်တို့ (ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့ချုပ်) ရဲ့နောက်ဆုံးပန်းတိုင်ဟာ၊ ဗမာတိုင်းရင်းသား အားလုံးရဲ့ တကယ့်လွတ်လပ်ရေးကိုရအောင်ယူဘို့ဖြစ်တယ်၊ ဗမာတိုင်းရင်းသားအားလုံးရဲ့ တကယ့်လွတ်လပ်ရေးနဲ့ ပတ်သက်လို့ကျုပ်တို့ယုံကြည်တာကိုပြောရလျှင်……

(၁) ကမ္ဘာ့အခြေအနေ၊အင်္ဂလန်ပြည်ရဲ့ ပြည်တွင်း အ

ခြေအနေ၊ ပြောင်းလဲလာပုံတွေကို သောက်ကြည့်လိုက်တော့ လူမျိုးတွေကို ညှ ်းဆဲ နှိပ်စက် နေတဲ့ ဖက်ဆစ်ဝါဒကို အစွမ်းကုန် တိုက်ဖျက် နေရတဲ့ အင်္ဂလိပ်ဘာကိုယ့်အဖွဲ့ကြီးတော့ ဖက်ဆစ် လူရိုင်းတွေလိုဘဲ၊ဗြိမ်လူမျိုးတွေကို လိုက်ပြီး နှိပ်စက်ဘို့အခွင့် အလမ်းမရှိနိုင်လောက်အောင်ဖြစ်လာလိမ့်မည်။ ။

(၂) အကြမ်းကြုပ်ဆုံး နယ်ချဲ့ပြီး အရက်စက်ဆုံးဖြစ်တဲ့ ဂျပန်လူရိုင်းတွေကို ဗမာ တိုင်းရင်း သားများဘာသာစည်းစည်းလုံးလုံးနဲ့ ပုန်ကန်မောင်းထုတ်နိုင်ရင်၊ဗမာတိုင်းရင်းသားအားလုံးဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ လူမျိုးဖြစ်လာပြီး၊လွတ်လပ်ရေးကိုလဲတကယ်ရနိုင်လိမ့်မည်။

(အမေး)။ ။ကျုပ်တို့ ခရစ်ယာန် ဘာသာဝင်တွေဆိုတော့ လွတ်လပ်တဲ့ဗမာအစိုးရ ဖြစ်လာတယ်ဆိုရင် ဗုဒ္ဓဘာသာကိုးကွယ်ရမည်ဆိုပြီး ကျုပ်တို့ရဲ့ဘာသာကိုနှိပ်ကွပ်မှာကို ကျုပ်တို့ စိုးရိမ်တယ်။ အလျှင်အီ အိုင်အေ တုံးက ကျုပ်တို့ရဲ့ (ချာချ်) ဘုရားရှိခိုးကျောင်းတွေ မီးရှို့ခံရတယ်။ တချို့ ကျုပ်တို့ အမျိုးသားခရစ်ယာန်တွေကို သတ်မယ်ချိမ်းခြောက်ပြီး။ ဗုဒ္ဓဘာသာထဲအတင်းဝင်ခိုင်းတယ်။ ဘာသာရေးနဲ့ ပတ်သက်လို့ ခင်ဗျားတို့ သဘော ထားက ဘယ်လိုပါလဲ။ ။

**အဖြေ။** ။ဒီမေးခွန်းကို ပြေလည်အောင် ဖြေဖို့ အတွက် လွတ်လပ်တဲ့ ဗမာပြည်မှာ ကရင် အမျိုးသားတွေ ရဲ့နေရာ ကရင်အမျိုးသားတွေရဲ့အခြေ အနေ အကြောင်းကို အကျယ်ရှင်းပြရလိမ့်မည်။

ဗမာပြည်ရဲ့လွတ်လပ်ရေးကို ဘယ်လို မျိုးခြား ကမှ မပေးနိုင်ဘူး၊ဗမာပြည် လွတ်လပ်ရေးရဖို့ ဗမာတိုင်းရင်း သားအားလုံးက ညီညီ ညွတ်ညွတ်လုပ်နိုင်မှ ရမယ်ဆိုတာ ကျုပ်တို့က တထစ်ချယုံကြည်တယ်၊ ကရင်–ကချင်–ရှမ်း၊ ဗမာ အစရှိတဲ့ တိုင်းရင်းသား အားလုံးက ကိုယ့်တာဝန် ကိုယ်တိုင်ထမ်းဆောင်နိုင်မှသာ တကယ် စင်စစ် ဖြစ်တဲ့ လွတ်လပ်ရေးကိုရနိုင်ကြမယ်၊ဒီလိုရတဲ့လွတ်လပ်ရေး ကြမှ ဘဲ ကရင် အမျိုးသားအစရှိတဲ့တိုင်းရင်းသား လူမျိုးတိုင်း ဟာ မိမိတို့ရရှိခံစားထိုက်တဲ့ အခွင့်အရေး အားလုံးကို ဒင် ပြည့် ကျပ်ပြည့် ခံစားနိုင်မယ်၊ ။ဒီအခွင့်အရေးများ အ နက် အရေးအကြီးဆုံးအခွင့်အရေးကြီး ၃ ခုကတော့၊

(၁) နိုင်ငံရေး အားဖြင့် ဗမာ တိုင်းရင်းသား လူမျိုး ချင်းချင်း မိမိတို့သဘောအလျောက် ဆက်သွယ်ပူးပေါင်းခွင့်၊ ဒီလိုမှ မပေါင်းချင်လဲ မိမိဘာသာ မိမိတို့ လွတ် လပ် စွာ သီးခြား ခွဲထွက်စေနိုင်ခွင့်၊

(၂) ဘာသာ စကား စာပေ ဓလေ့ထုံးစံစတဲ့ ယဉ် ကျေးမှုများကို မိမိတို့စိတ်တိုင်းကျ လွတ်လပ်စွာ ပြုပြင်မျိုး ထောင်ခွင့်၊

(၃) မိမိကြိုက်နှစ်သက်ရာ ဘာသာ အယူ ဝါဒ ကို လွတ်လပ်စွာ ကိုးကွယ်ခွင့်စသည်တို့ ဖြစ်တယ်။ ။ဒီအချက်ကြီးသုံးချက်ကို ထပ်ပြီးရှင်းပြအုံးမယ်။

(ပဉ္စမ) ဗမာပြည်မှာနေထိုင်ကြတာဟာ ဗမာလူမျိုး တမျိုးတည်း မဟုတ်ဘဲ၊ ကရင်-ဗမာ-ရှမ်း-ကချင် စတဲ့ တိုင်းရင်းသားလူအမျိုးမျိုးစုပေါင်းနေထိုင်ကြတဲ့၊တိုင်းပြည် ဖြစ်တယ်။ယနေ့အထိဖြစ်ပျက်လာခဲ့တဲ့ဗမာပြည်ရဲ့ ရာဇဝင်ကိုပြန်ကြည့်ရင်၊တိုင်းရင်းသားအချင်းချင်း မသင့်မတင့်ဖြစ်နေခဲ့တာကိုဘဲတွေ့ရလိမ့်မည်၊တိုင်းရင်းသားလူမျိုးများထွင် လူများစုဖြစ်တဲ့၊ဗမာတွေက၊ အခြား ဗမာတိုင်းရင်းသားလူမျိုးများကိုအထင်သေးတာတွေ၊နှိမ့်ချတာတွေကိုတွေ့ရလိမ့်မည်၊ ယခုအချိန်မှာ၊ဗမာတိုင်းရင်းသားအားလုံး၊ ကျွန်သားပေါက်ဘဝ၊ လူမဟုတ်တဲ့ဘဝ ရောက်နေတာဟာ၊ ဒီလိုတိုင်းရင်းသားအချင်းချင်းအခွင့်အရေးညီတူညီမျှနှင့်တန်းတူမပေါင်းမိကြရင် လွတ်လပ်ရေးကိုဘယ်တော့မှမရနိုင်ဘူး။ ဒါကြောင့်တကယ့် လွတ်လပ်ရေးကိုရရှိတဲ့ အခါမှာ၊ တိုင်းရင်းသားလူမျိုးအချင်းချင်းဗမာဖြစ်လို့၊ ရှမ်းဖြစ်လို့ ကရင်ဖြစ်လို့ဆိုပြီး၊လူတမျိုးကအခြားတိုင်းရင်းသား လူတမျိုးကိုဖိနှိပ်ချုပ်ချယ်လို့မဖြစ်နိုင်ဘူး။ လွတ်လပ်တဲ့ ဗမာပြည်မှာ၊ တိုင်းရင်းသားလူမျိုးတိုင်း၊ လူမျိုးတိုင်းအာဘို့ အချင်းချင်း ပူးပေါင်းဖွဲ့စည်းနေထိုင်ရာမှာ၊ မိမိတို့ရဲ့ လွတ်လပ်တဲ့ ဆန္ဒအလျောက်၊တန်းတူပူ ပေါင်းခွင့်သာရှိရမယ်၊ ဒီလိုပူးပေါင်း

လို့ စိတ်တိုင်းမကျဘူးဆိုရင်တဦးက ထိုသို့ချုပ်ချယ်တယ် ထင်ရင်မကျေနပ်တဲ့ လူတမျိုးကလုံးဝခွဲထွက်ခွင့် မိမိတို့အာ လိုအလျောက်မိမိဘာသာ မိမိလွတ်လပ်စွာ နေထိုင်နိုင်ခွင့် ရှိရမယ်။

ဒီအခွင့်အရေးဟာ ဗမာတိုင်းရင်းသားလူမျိုးတိုင်းအတွက် အလွန်အရေးကြီးတဲ့ အခွင့်အရေးကြီးဘဲ၊ ဘယ်သောက် အရေးကြီးသလဲဆိုရင် ဒီအခွင့်အရေးမရှိရင် လွတ်လပ်ရေး ကိုမရနိုင်ဘူး၊ လွတ်လပ်ရေးရပြန်ရင်လဲ ဒီအခွင့်အရေးကို ပယ်ဖျက်ပြီးတော့ တိုင်းရင်းသား လူမျိုးတမျိုးက အခြား တိုင်းရင်းသား လူမျိုးများကို နှိပ်စက်ညှင်းဆဲနေရင် ရတဲ့ လွတ်လပ်ရေးဟာ တရက် တမနက်တောင်မှ တည်တန့် နိုင်မယ်မဟုတ်ဘူး၊ အတိုချုပ်ပြောရရင် ဒီအခွင့်အရေးနဲ့ လွတ်လပ်ရေးဟာဒွန်တွဲနေတယ်၊ တခုမရှိရင် ဒီပြင်တခု ထည့်ပြီးတော့တောင် မစဉ်းစားနိုင်ဘူး၊

(ဒုတိယ) ယဉ်ကျေးမှုလွတ်လပ်ခွင့်ဆိုတဲ့ ဒုတိယ အခွင့် အရေးဟာလဲ၊ ပဌမအခွင့်အရေးလိုဘဲထပ်တူထပ်မျှအရေး ကြီးတယ်လို့ဆိုရမယ်၊ လူမျိုးတမျိုး ကြီးပွါးတယ် ဆိုတာ ဟာ၊ ဒီလူမျိုးရဲ့ ဘာသာစကား စာပေဓလေ့ ထုံးစံတဲ့ လူမျိုးရဲ့ ယဉ်ကျေးမှုကို လွတ်လပ်စွာ ဖွံ့ဖြိုး တိုးတက် အောင် လုပ်ခွင့်ရမှသာဖြစ်နိုင်တယ်၊ ဒါကြောင့်ဗမာပြည်မှာ နေထိုင်ကြတဲ့တိုင်းရင်းသားလူမျိုးတိုင်း တန်းတူတူ ညီညီ မျှမျှတိုးတက် ကြီးပွါးနိုင်တို့အတွက် တိုင်းရင်းသား လူမျိုး

တိုင်းရဲ့ ဘာသာစကား၊ စာပေ၊ ဓလေ့ ထုံးစံများကို နှိပ်ကွပ်ဖျက်ဆီးခြင်းမပြုဘဲ လွတ်လပ်စွာကြီးပွါးနိုင်အောင် အခွင့်အရေးဒင်ပြည့် ကြွပ်ပြည့်ပေးကျရမယ်၊ ဒီလိုကြီးပွါးနိုင်ဖို့အတွက် အခွင့်အရေး ပေးရုံတွင်မကဘဲ၊ ကိုယ်တိုင်လက်ရောက်လဲအကူအညီပေးကြရမယ်၊ ဗမာပြည်မှာဗမာတိုင်းရင်းသား အားလုံးရှိကြတဲ့အနက်၊ ဗမာစာကိုမှအရေးပေးချင်ရင်၊ဗမာထုံးစံ ဗမာဓလေ့ကိုမှ ကြီးပွါးစေချင်ရင်၊ ဗမာပြည်ဟာဘယ်တော့မှမလွတ်ထပ်နိုင်ဘူး၊ ကိုယ်လူမျိုးတိုင်းရင်းသား အချင်းချင်း ချုပ်ချယ်တဲ့ တိုင်းပြည်ဟာ၊ သူများ တိုင်းပြည်ရဲ့ ချုပ်ချယ်တဲ့အောက်က ဘယ်တော့မှ မလွတ်လပ်နိုင်ဘူးဆိုတာ၊ ကျုပ်တို့အသေအချာ ယုံကြည်တယ်၊

ဒီကိစ္စနဲ့ ပတ်သက်လို့၊ ကျုပ်တို့ရဲ့ သဘောထားကိုထင်ရှားအောင်၊ကျုပ်တို့ရဲ့ (ဖက်ဆစ် ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်)ရည်ရွယ်ချက်ထဲကစာတပုဒ်ကိုအောက်မှာထုတ်ပြလိုက်မယ်၊

ဘာသာစကား ခြားနားသူများအတွက် စိမ်တွဲသုံးခွဲစသာဘာသာ၊(ဂ) အလေ့ အထ အယူအဆအတိုင်းနေနိုင်ခွင့်ရှိမယ်၊ ကရင် -ရှမ်း-ကချင်စတဲ့တိုင်းရင်းသားသူမျိုးအားလုံးဟာ တမျိုးလုံးရဲ့ ယဉ်ကျေးမှုအဆင့်အတန်းရောက်အောင် အမြန်လုပ်ပေးရမယ်၊ရင်းတို့ထံမှရတဲ့ အခ

ခွန်ငွေများကို ၎င်းတို့အတွက်သာအသုံး ပြုရမယ်၊ သို့ရင်လဲအစိုးရမှဘဏ်ငွေကထုတ်သုံးပေးရမယ်။

ဒါကြောင့် အထက်ကပြောခဲ့တဲ့ စကားတွေကြည့်ခြင်းအားဖြင့် ဗမာတိုင်းရင်းသား လူမျိုးတိုင်း အတွက် ဘာသာစကား ဓလေ့ထုံးစံ စတဲ့ယဉ်ကျေးမှုများကို မိမိတို့ စိတ်တိုင်းကျ လွတ်လပ်စွာပြုရမျိုးထောင်နိုင်ခွင့် ရှိမှသာ ကျုပ်တို့တိုင်းပြည်ကြီး ပွါးရေးအတွက် လွတ်လပ်ရေးဟာတည် ရှိနိုင်မယ်ဆိုတာ ကောင်းကောင်းကြီးထင်ရှားပါတယ်။

(တတိယ) အခွင့်အရေးကတော့မေးထားတဲ့ မေးခွန်းနဲ့ တိုက်ရိုက် သက်ဆိုင်နေတယ်၊ဘာသာရေးနဲ့ ပတ်သက်လို့ ကျုပ်တို့ရဲ့သဘောထားကို အတိအလင်းပြောရမည်ဆိုရင် လွတ်လပ်တဲ့ဗမာပြည်မှာ မိမိတို့ကြိုက်နှစ်သက်ရာဘာသာ အယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ဆိုတဲ့အခွင့်အရေးကိုလူတိုင်း တိုင်းရင်းသာ လူမျိုးတိုင်းခံစားင်စရမယ်၊ ဘယ်ဘာသာကိုမှ မကိုးကွယ်တဲ ကိုယ့်သဘောအတိုင်း လွတ်သင်စွာနေလိုတဲ့လူများကိုလဲ သူတို့သဘာအတိုင်းနေထိုင်ခွင့်ပေးရမယ်လို့ ကျုပ်တို့သဘောရတယ်၊ဘာသာရေးနဲ့ ပတ်သက်လို့ သီးမခံနိုင်တာ ကိုယ့်ဘာသာကလွဲလို့ ဒီဖြင်အယူဝါဒ ဘာသာတွေကို ရန်သူမှတ်ပြီး တိုက်ခိုက် ခြင်းဟာ မတူတဲ့ ဘာသာ နှစ်ခုကို အကြောင်းပြုပြီး ဘာသာရေးစစ်ပွဲ ဆင်နွှဲကြတာတို့ ဆိုတာတွေဟာ–ရှေးပဝေသဏီက အယူအဆတွေတဲ၊ဒီအယူအ

ဆာတွေဟာ-ခေတ်သစ်ကမ္ဘာကြီးနဲ့ သင့်လျော်တော့ဘူး၊ ဒါကြောင့်သာ– ခေတ်မှီတဲ့ တိုင်းပြည်တွေဖြိုရိကရေစီဆို တဲ့အများပြည်သူဆန္ဒအရအုပ်ချုပ်ရတဲ့ လွတ်လပ်တဲ့ နိုင်ငံ တွေမှာဆိုင်–အစိုးရဟာ–ဘာသာရေးကို–လူတိုင်းအတွက် ကိုယ်ရေးကိစ္စတခုအဖြစ်- သဘောထားကြရတယ်၊ ဘာ သာရေးကိစ္စမှာ-အစိုးရဟာကြားနေရတယ်၊

ဘီ-အိုင်-အေခေတ်တုံးက၊ ခရစ်ယာန်ဘာသာဝင်အ ချို့နဲ့-အခြားဘာသာဝင်အချို့ အညှဉ့်ဆဲခံကြရတာ၊ဗမာ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်းရေး လုပ်ငန်းကို များစွာဘဲအနှောက်အရှက်ပေးခဲ့တယ်ဆိုတာ ကျုပ်တို့သိ ပါတယ်၊ ဒါပေမဲ့ — ဒီလိုဖြစ်တဲ့ ကိစ္စဟာ– ဂျပန်နောက် လိုက်လူမိုက် လက်တဆုတ်လောက်ရဲ့ ညစ်ပတ်မှုကြောင့် ဖြစ်ရတယ်ဆိုတာ၊ ကရင်အမျိုးသားများ နားလည်စေလို တယ်၊ဂျပန်နောက်လိုက်လူမိုက်တစုဟာ၊ ဒီဖြင်လူမျိုးတွေ ကိုညှဉ့်ဆဲတာ ကိုးကွယ်တဲ့ ဘာသာကလွဲလို့ ကျန်တဲ့ ဘာသာတွေကိုညှဉ့်ဆဲတာလို့ ထင်ခဲ့ကြ- လုပ်ခဲ့ကြတဲ့ အတွက် ဗမာ တပြည်လုံးဟာလဲ-ဘားပေါက် ဘဝဆိုတဲ့ ချောက် ကမ်းပါးကြီးအတွင်း ဇောက်ထိုး ဆင်းခဲ့ကြရ တာဘဲ၊

ဒီလိုဘေးရန်ကို-နောက်တဖန် ဖြန်မဖြစ်နိုင်ဘို့အတွက်၊ ကရင်နဲ့ဗမာသွေးစည်းနိုင်ဘို့-အလွန်ဘဲ အရေးကြီးတယ်၊ ကရင်–ဗမာသွေးစည်းရေး လက်နက်ကိုကိုင်ဆွဲပြီး၊ ဗမာ

လူရိုက်-လူယုတ်မာတွေနဲ့တကွ၊သူတို့ရဲ့- ဂျပန်-မာစတာတွေကို ခုတ်ဖြတ်သုတ်သင်ပစ်ကြရမယ်၊

{အမေး} ခင်ဗျားတို့-ကရင်- ဗမာသွေးစည်းရေးကို လုပ်နေတာဟာ- တကယ့်စေတနာနဲ့လုပ်နေတယ်ဆိုတာ။ ကျုပ်တို့ယုံကြည်ပါတယ်၊ သို့ပေမဲ့ အရေးကြီးလို့ဗမာတွေက- ကရင်တွေကို ညှဉ်းဆဲနှိပ်စက်ရင်- ခင်ဗျားတို့ ကာကွယ်နိုင်ပါ့မလား။

{အဖြေ} ဒီမေးခွန်းနဲ့ပတ်သက်လို့- အချက်နှစ်ချက်ကိုရှင်းလင်းဘို့လိုတယ်၊ အဲဒီအချက်နှစ်ချက်ကတော့ (၁) ကျုပ်တို့ရဲ့တော်လှန်ရေးနဲ့ပတ်သက်တဲ့- ထင်မြင်ချက်နဲ့၊ (၂) ဂျပန်ဖက်ဆစ်တွေနဲ့ပေါင်းပြီး၊ ကရင်အမျိုးသားတွေကိုရန်ပြုနေကြတဲ့၊ဗမာတစုတို့ရဲ့အကြောင်းတို့ဖြစ်တယ်၊

ကျုပ်တို့ဟာ-ဗမာပြည်လွတ်လပ်ရေးကို လုပ်တဲ့ကိစ္စမှာတဲဖြစ်ဖြစ်၊ဗမာတိုင်းရင်းသားလူမျိုးအားလုံးရဲ့ကြီးပွားရေးကိုလုပ်တဲ့ကိစ္စမှာတဲဖြစ်ဖြစ်၊ လူစွမ်းကောင်းထက်တဆုပ်ကလေးသာ ဆောင်ရွက်ရုံနဲ့၊ ကိစ္စ ပြီးနိုင်တယ်လို့၊ ကျုပ်တို့မယုံကြည်ဘူး၊ အထူးသဖြင့် အလွန်ဆိုးဝါးကြမ်းကြုတ်တဲ့၊ ဂျပန်ဖက်ဆစ်စံနစ်ကို ဖြိုဖျက်ချိုးနှိမ်ဘို့ရာအတွက် လူတစုက လုပ်နိုင်တယ်ဆိုတာ သာပြီး မယုံကြည်သေးတယ်၊စင်စစ်အားဖြင့်၊ ဂျပန်ဖက်ဆစ်စံနစ်ကို တိုက်ဖျက်ဖို့ဗမာတိုင်းရင်းသားလူမျိုးအားလုံးရဲ့ အင်အားတရလုံးကိုလိုပါတယ်၊ဂျပန်ကိုမောင်းထုတ်တဲ့နေရာမှာ၊ ဗမာ

တိုင်းရင်းသားအားလုံးပါဝင်သည့်တိုင်အောင်၊ပြည်အားအလုံးအရင်းနဲ့ လက်နက်ကိုင်ပုန်ကန်ထကြွပြီးတော့၊ မောင်းထုတ်ရမယ်ဆိုဘာ၊ ကျုပ်တို့တထစ်ချယူဆတယ်၊ ဂျပန်ရဲ့အညှဉ်းဆဲကိုခံရတာဟာ၊ဗမာတမျိုးလုံးထဲလဲ—မဟုတ်ဘူး၊ ကရင်အမျိုးသားထဲလဲမဟုတ်ဘူး၊ တိုင်းရင်းသားလူမျိုး အားလုံးလဲခံကြရတာဘဲ၊ နောက်ပြီးဂျပန်ရဲ့ ဘိနပ်အောက်မှာ နင်းပြား ဖြစ်နေ တာလဲ၊ ဆင်းရဲသား ရှောသူ ဌေး ရော၊ အ လုပ် သ မား ရော၊ အ လုပ် ရှင် ရော၊ လယ် သ မား ရော၊ လယ် ပိုင် ရှင် ရော၊တောသားရော၊ မြို့သားရော၊ခရစ်ယာန်ရော၊ဗုဒ္ဓဘာသာရော၊အားလုံးဘဲ နင်းပြားဖြစ်နေကြတာဘဲ၊ဂျပန်ဖက်ဆစ်တွေ ဗမာပြည်ရောက်လာလို့ အကျိုးခံစားရတယ်ဆိုတာဂျပန်ယောက်ဖတို့၊ဗမာမျိုးဖျက်သစ္စာဖောက်တို့၊ ဖါကောင်းတို့ စတဲ့ လူလက်တဆုပ်လောက်ဘဲ ရှိပါတယ်၊ ဒါကြောင့် ဂျပန်ဖက်ဆစ်လူမိုက်တွေကိုမောင်းထုတ်ရန်အတွက်ကျုပ်တို့ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်ကြီးက ဂျပန်ကို မုန်းတီးသူဟူသမျှ၊ဂျပန်ကို ဆန့်ကျင်သူဟူသမျှတို့ကို လူတန်းစားမရွေး ဂျပန် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုကြီး တခုထည်းဖြစ်လာအောင် စည်းရုံးနေခြင်းဖြစ်တယ်၊

ယခု ကျုပ်တို့ခင်ဗျားတို့ ကရင်အမျိုးသားများနဲ့ သွေးစည်းမိအောင်ဆွေးနွေးစေ့စပ်နေခြင်းဟာ ကျုပ်တို့လူနည်းစုကလေးတစုနဲ့ စေ့စပ်နေခြင်းမဟုတ်ဘဲ၊ ဖက်ဆစ်ဆန့်

ကျွင်ရေး ဗမာလူထုကြီးရဲ့ ကိုယ်စားလည်များအဖြစ်ဖြင့် စေ့စပ်နေခြင်းသာဖြစ်တယ်၊ဒါကြောင့်မို့ ကျုပ်တို့ရဲ့ စေတနာကိုယုံကြည်ရင် ကျုပ်တို့နောက်ကွယ်မှာရှိတဲ့ ဗမာလူထုကြီး ရဲ့ စေတနာကို ယုံကြည်ထိုက်ပေတယ်၊

ဒုတိယအချက်နှင့် ပတ်သက်ပြီး ရှင်းလင်းရမယ်ဆိုရင် ဂျပန်နှင့်ပေါင်းပြီး ကရင်အမျိုးသားတွေကို နှိပ်စက်ညှဉ်းဆဲနေတဲ့ ဗမာလူဟာဗရပာ၊ ဗမာလူထုကြီးရဲ့ ကိုယ်စားလည်များမဟုတ်ဘဲ၊ ဂျပန်အလိုတော်ဂျ ဗမာ တိုင်းရင်းသားတွေကို လည်မျိုညှစ်နေတဲ့လူတွေသာ ဖြစ်တယ်။ဒီလူတွေဟာ၊ ဗမာလူမျိုးရဲ့ဂုဏ်သိက္ခာကို နဲနဲမှမစောင့်ထိန်းတဲ့၊ သစ္စာဖောက် မျိုးဖျက်တွေ ဖြစ်တဲ့အတွက်၊ ဒီလူတွေဟာ ကရင်အမျိုးသားတွေရဲ့ ရန်သူသာမဟုတ်၊ ဗမာတမျိုးလုံးရဲ့ ရန်သူဖြစ်ပေသည်၊ဒါကြောင့် ဒီလိုမျိုးဖျက်လူယုတ်မာတွေကို သူတို့ဆရာ ဂျပန်တွေနဲ့ အတူ သုတ်သင်ရှင်းလင်းပစ်ရန်ကျုပ်တို့ရဲ့ လေးနက်စွာ ဆောင်ရွက်ရမဲ့ ဝတ္တရားကြီးဖြစ်ပေတယ်၊ဒါကြောင့် ဒီတကြိမ်အရေးပေါ်သို့ ဗမာရော ကရင်ရော၊ဂျပန်လူရိုင်းတွေကို ပုန်ကန်ထကြွတဲ့အခါမှာ၊ဖြော်ခဲ့တဲ့ ဗမာမျိုးဖျက်အသေးအမွှားတွေရဲ့ ဘေးရန်ကို ကာကွယ်စရာပင်မလိုဘဲ၊ ကရင်ဗမာ သွေးစည်းရေး ဒါးလက်နက်အောက်မှာ၊ ရှေ့မဖျာ အသက် ပျောက်ကြပါလိမ့်မည်၊

ဒီမျိုးဖျက်တွေထဲမှာလဲ လူသုံးစားကိုတွေ့ရတယ်။ပဌမ

အစားကတော့၊ ဂျပန်ရဲ့အလိမ်အညာတွေကို အဟုတ်ကြီး
ထင်ပြီး၊ ဂျပန်လုပ် လွတ်လပ်ရေးအကူနဲ့ အကျေနပ်ကြီး
ကျေနပ်နေခဲ့ကြတဲ့ စဉ်းစားဉာဏ် မရှိသော လူမိုက်တစု
ဖြစ်တယ်၊ ဒီလူတွေဟာ ကရင်အမျိုးသားတွေရဲ့ ပုန်ကန်
ရေးလုပ်ငန်းနှင့်တကွ ဗမာတိုင်းရင်းသားအားလုံးရဲ့ ဂျပန်
ဆန့်ကျင်ရေးဟူသမျှကိုဂျပန်အလိုတော်ကျ ဖျက်ဆီးခဲ့ကြ
တယ်၊ ဂျပန်သူလျှိုလုပ်ခဲ့ကြတယ်၊ ဒီလူတွေက သူတို့ပစ္စည်း
တွေကို ဂျပန်ကလုလိုလု၊ သူတို့ကိုလဲ ရာဇဝတ်ကောင်တွေ
ပမာ၊ ရိုက်လိုရိုက်၊ ညှဉ်းလိုညှဉ်း၊ အလုပ်ခံရတော့ အခုမှ
နောင်တ တရားကြီး ရပြီး၊ ဂျပန်ကို အပြင်း အထန်
ဆန့်ကျင်ဘက် လုပ်လာ ကြတာကို တွေ့ရတယ်၊ ဒုတိ
ယ အစား ကတော့...... ဗမာ့ ဂုဏ် သိက္ခာ ကိုလဲ
မထောက်-ဗမာလူမျိုး တယောက်အဖြစ်-အရှက်ဆို၍လဲ—
ထရွေးသားမှ မရှိတဲ့ ဂျပန်နဲ့ပေါင်းမှ ဂုဏ်ရှိတယ် စား
သမ်းချောင်တယ်ဟု ယူဆကြတဲ့ ဗမာလူယုတ်မာ-သူခိုးဓါး
မြ-ဖါခေါင်းတို့ဖြစ်တယ်၊ ဒီလိုလူမျိုးတွေကို ဗမာထဲမှာသာ
မဟုတ်ဘယ်လိုလူမျိုးမှာမဆို၊ အနည်းနှင့် အများ တွေ့ကြ
ရမယ်၊ ဒီလိုလူတွေကတော့ သေသည့်အထိ မိုက်စတုံးကြ
မဲ့လူတွေ မဟုတ်တဲ့အတွက်သူတို့ကိုတော့ လက်မနှေးဘဲ
သုတ်သင် ရှင်းလင်း ပစ်ကြရလိမ့်မည်၊ တတိယ လူစား
ကတော့ တယောက်တလေ လောက်ဘဲ ရှိမယ်၊ ဒီလူမျိုးက
တော့ကာ၊ အကြောင်းအမျိုးမျိုးကြောင့်ဂျပန်ကိုအမုန်းကြီး

ရှန်းပြီးတော့ ဂျပန်ရန်ကို အတွင်းကနေပြီ ဖျက်နိုင်အောင်ဆို ပြီးတော့ သူလျှိုအဖြစ်ဂျပန်နှင့်ပေါင်းသင်းကြရင်းက၊ ဂျပန် နိုင်းတာလုပ်ရတဲ့ဘဝ၊ ဂျပန်ဘမ်းဆိုဘမ်း၊ ဂျပန်က ရိုက် ဆိုရိုက် ရတဲ့ဘဝ ဂျပန်နောက်လိုက်ဘဝကို ရောက်သွား ကြတာတွေ တွေ့ရတယ်။ ။

သို့သော် ဘယ်လိုဘဲဖြစ်ဖြစ်-ဘယ်လိုစိတ်ထားထား— ဗမာတမျိုးလုံးကို စော်ကားနိုင်အောင် ဂျပန်ကိုကူညီနေတဲ့ လူဟူသမျှ၊ ဂျပန် စနစ်ဗမာပြည် မှာမြဲအောင် လက်တွေ့ ဆောင်ရွက်နေသူဟူသမျှ၊ နောင်တမရတဲ့ မိုက်တွင်းနက် နေကြသေးရင်၊ ဗမာတိုင်းရင်းသား အားလုံးရဲ့ ရန်သူများ အဖြစ်သစ္စာဖေါက်ရဲ့သွားမြဲလမ်းကိုပို့ကြရလိမ့်မည်။ ။

(အမေး) ခင်ဗျားတို့ရဲ့ သဘောအရ ကျုပ်တို့ကရင် အမျိုးသား ပုန်ကန်မှု လုပ်ငန်းကြီးရဲ့ ချို့ယွင်းချက်များ မှာ၊ ဘာများပါလဲ။ ကျုပ်တို့လုပ်ငန်းမှာ ဘယ်အချက် တွေပြုပြင်လျှင် ကောင်းမယ်ဆိုတာကိုလဲ။ အကြံပေးနိုင် ပါတယ်။

(အဖြေ) ကရင်အမျိုးသား ပုန်ကန်မှုကြီးကို ကျုပ်တို့ ဟာအမြဲတဲ၊ ကျုပ်တို့ဂျပန် ဖက်ဆစ် လုပ်ငန်းကြီးရဲ့ စံန မူနာအဖြစ်၊ ကျုပ်တို့လုပ်ငန်းကြီးရဲ့ အစိပ် အပိုင်းအဖြစ်။ စိတ်ဝင်စားစွာ ထောက်ခံခဲ့ပါတယ်။ ကရင်-ဗမာသွေးစည်း ရေးတကယ်တမြောက် အောင်မြင်ဖို့အတွက် ကရင်အမျိုး သားလုပ်ငန်းဖြစ်ပေါ် လာပုံနှင့်တကွ၊ လက်ရှိ အခြေအနေ

များကိုလဲ၊ ဂရုတစိုက်လေ့လာကြည့်ခဲ့ပါတယ်၊ သည်လိုလေ့လာသည့်အခါမှာ–ကရင်အမျိုးသားများရဲ့လုပ်ငန်းမှာဖြစ်သင့်တဲ့ အချက် အလက်တွေကို တွေ့ရပါတယ်၊ ဒီအချက်အလက်များအကြောင်းကိုမပြောမီ ကြီးကျယ်တဲ့လုပ်ငန်းကြီးတိုင်းမှာ–ကိုယ့်ကိုယ် ဝေဖန်ရေးဟာ အရေးကြီးတယ်ဆိုတာ၊ အနည်းငယ် ပြောလိုပါတယ်၊ လူမျိုးတမျိုးရဲ့သရေးရှင်ရေးနဲ့ပါတ်သက်တဲ့လုပ်ငန်းတခုဟာ မမှားဘဲမနေဘူး၊ချို့ယွင်းချက်မရှိဘဲ မနေဘူး လုပ်ငန်းတခုအောင်မြင် ထမြောက်ဘို့အတွက် မှားတာဟာ ချို့ယွင်းတာဟာအရေး မကြီးဘူး၊ ဒီလို မှားတာ ချို့ယွင်းတာ တွေကိုအချိန်မှီ ပြုပြင်နိုင်ဘို့ကသာ–အရေးကြီးတယ် လုပ်ငန်းမှာစိတ်အားထက်သန်သူတိုင်းအဘို့ မိမိတို့လုပ်ငန်းတွင် ရှိနေတဲ့ချို့ယွင်းချက်များကို ဝေဖန်ဆွေးနွေးပြီး- အချိန်မှီ ပြင်ဆင်လိုတဲ့ဆန္ဒရှိကြရမယ်၊သို့မှသာသက်ရှိ အမှားတွေကိုရှာဖွေခြင်း- ပြုပြင်ခြင်းဖြင့် တကယ့် အောင်မြင်ခြင်းကိုရောက်နိုင်တယ်၊ဒါကြောင့်ကျုပ်တို့က ကရင် လုပ်ငန်းရဲ့ချို့ယွင်းချက်များပြုပြင်ထိုက်တာများကို ဝေဖန် ရှင်းပြတဲ့အခါ ကရင် အမျိုးသားတွေရဲ့ ပန်ကန်မှု လုပ်ငန်းကြီးအောင်မြင်ထမြောက်ဘို့နဲ့ ကရင်အမျိုးသားလုပ်ငန်း အပါအဝင်ဖြစ်တဲ့ ဗမာတိုင်းရင်းသားအားလုံးရဲ့ ဂျပန် ဖက်ဆစ်လူမှိုင်းများအား ပုန်ကန်ထကြွတဲ့လုပ်ငန်းကြီးအောင်ပွဲဆင်နိုင်ဘို့အတွက် ရည်ရွယ် ပြီးတော့ ဝေဖန် ရှင်းပြတဲ့ အ

ကြောင်းကို နားလည်ကြစေလိုတယ်၊ ကျုပ်တို့ရဲ့သဘော အရ၊ ကရင်အမျိုးသားလုပ်ငန်းမှာ အဓိကအရေးအကြီးဆုံး မှုပြင်ထိုက်တဲ့အချက်ဟာ သည်လုပ်ငန်းကိုတကယ့်နိုင် ငံရေးလုပ်ငန်းတခု ဖြစ်အောင်လုပ်ဖို့ဆိုတဲ့အချက်ဘဲ၊ ဒီ တော့ နိုင်ငံရေး လုပ်ငန်းဟာဘာလဲလို့ မေးစရာရှိတယ်၊ ကရင်အမျိုးသားများနဲ့ပတ်သက်ပြီး၊ တိုးတက်ကြီးပွါးရေး ကိုရည်ရွယ်ချက်တခု လုပ်ငန်းစဉ် တခုကို အခြေပြုကာ ကရင်အမျိုးသားအားလုံးကို ဖွဲ့စည်းထားတဲ့ အစည်းအရုံး ကြီးရဲ့လုပ်ငန်းကိုဆိုလိုတယ်။ တမျိုး ပြောရမယ် ဆိုရင် ကရင်အမျိုးသားတရပ်လုံးရဲ့ကြီးပွါးတိုးတက်မှုအတွက် လို အပ်တဲ့ လိုလားချက်များကို ရေးဆွဲ ပြရမယ်–ဒီလိုလား ချက်များကို ဘယ်လိုရောက်အောင် လုပ်ရမယ် ဆိုတဲ့ လုပ်ငန်းစဉ် တခုကိုလဲ ရေးဆွဲရမယ်၊ ဒီလို လိုလားချက် ရည်ရွယ်ချက်ကို ရေးဆွဲ ပြီးတဲ့နောက်၊ ရေးဆွဲ ထားတဲ့ လုပ်ငန်းစဉ် ရည်ရွယ်ချက်များကိုထောက်ခံမည့်သူ လုပ်စဉ် ရည်ရွယ်ချယ်များကို ရအောင် တိုက်ခိုက်မည့်သူများကို ကရင် အမျိုးသားများ အထဲမှ သိမ်းသွင်း ယူရမယ်၊ ဆွဲဆောင်ယူရမယ်၊ ဒီနည်းအတိုင်းနဲ့ဘဲ ကရင်အမျိုးသား အားလုံးပါဝင်တဲ့ နိုင်ငံရေးအစည်းအရုံးကြီးဖြစ်လာအောင် လုပ်ယူရမည်၊

**ကရင်အမျိုးသားများအတွက် လုပ်ငန်းစဉ် ရည်ရွယ် ချက်များကို ရေးဆွဲတဲ့နေရာမှာလဲ- အခြေခံထားရမဲ့ အ**

ချက်အလက်များရှိသေးတယ်၊ ကရင် အမျိုးသားများဟာ ဗမာပြည်မှာ အခြားတိုင်းရင်းသားလူမျိုးများနဲ့ ပူးတွဲ နေထိုင်ရတဲ့အတွက် အခြားတိုင်းရင်းသား လူမျိုးများရဲ့ အကျိုးနှင့်ဆန့်ကျင်ပြီးတော့ လုပ်ငန်း စဉ်ကိုခွဲလို့မရဘူး၊ ကရင်အမျိုးသားများရဲ့အကျိုးဟာ အခြား တိုင်းရင်းသား လူမျိုးများရဲ့ အကျိုးနဲ့ အများအားဖြင့်ထပ်တူ ထင်မျှသော် ဖြစ်နေပေလိမ့်မည်၊ ကရင်များရဲ့ အကျိုးကို ချုပ်ချယ်ဖိနှိပ်တဲ့ရန်သူဟာလဲ ဗမာတိုင်းရင်းသား လူမျိုးအား လုံးရဲ့အကျိုးကိုချုပ်ချယ်ဖိနှိပ်တဲ့ရန်သူဖြစ်ပေလိမ့်မယ်၊ အခုအခါမှာဆိုရင် ကရင်အမျိုးသားရဲ့ရန်သူ ဂျပန် လူရိုင်းဖက်ဆစ်တွေဟာ ဗမာတိုင်းရင်းသားလူမျိုးအားလုံးရဲ့ရန်သူကြီးတဲ့ မဟုတ်လား၊ ဒါကြောင့် ကရင်အမျိုးသား လုပ်ငန်းဟာ မိမိတို့ဆိုင်ရာ ကွဲပြား ခြားနားတဲ့ အဓိက အားဖြင့်တော့ ဗမာတိုင်းရင်းသား လူမျိုးအားလုံးရဲ့ နိုင်ငံရေး လုပ်ငန်းမှာ အစိပ်အပိုင်း တခုအနေနဲ့ ပါဝင်ရမယ်၊

ဒါကြောင့် ကရင်အမျိုးသား လုပ်ငန်းကို တကယ့်နိုင်ငံရေးလုပ်ငန်းတခု ဖြစ်လာဘို့အတွက် ကျုပ်တို့ရဲ့ဂျပန်ဆန့်ကျင်ရေး ပြည်သူ့အဖွဲ့ချုပ်ရဲ့ လုပ်ငန်း စဉ်ကိုအခြေခံထားပြီးကရင်အမျိုးသားများကို စည်းရုံးပေးသင့်ပေတယ်၊ **(ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ် ကြေညာစာတမ်းကိုကြည့်ပါ)၊**

**အထက်မှာဖေါ်ပြတဲ့အတိုင်း ကရင် အမျိုးသား လုပ်ငန်း**

ကိုသာ ထကယ့် နိုင်ငံရေး လုပ်ငန်းဘခု ဖြစ်သာအောင် လုပ်နိုင်ရင်အခြားချို့ယွင်းချက်ကလေးများဟာလဲ အလိုလို ပျောက် သွားပါလိမ့်မည်၊ ဘာကြောင့်လဲဆိုတော့ အခြား ချို့ယွင်းချက် ကလေးများဟာပြောခဲ့တဲ့ အဓိက ချို့ယွင်း ချက်ကြီး ရဲ့ အဆွယ်အပွါးကလေး ဖြစ်တဲ့အတွက်ဘဲ၊ ၊

ဉပမာဆိုရင် ယခုအခါမှာကရင်အမျိုးသားလုပ်ငန်းဟာ လူထုလုပ်ငန်းမဖြစ်သေးဘူးဟုဆိုရမယ်၊ဆိုလိုတာကတော့ ကရင်အမျိုးသား အားလုံး လက်ရှိလုပ်ငန်းထဲကို ပါသင့် သလောက် မပါကြသေးဘူး၊ ကရင် အမျိုးသားတိုင်းမှာ ဂျပန် ဆန့်ကျင်ရေး စိတ်ဓါတ် ကိန်းအောင်း နေပြီးသား ဖြစ်နေကြတယ်၊ ကရင် အမျိုးသားများရဲ့ စိတ်မှာ ကိန်း အောင်းနေတဲ့ ပုန်ကန်ထကြွရေး အလား အလာများကို အထက်မှာပြောခဲ့တဲ့ နိုင်ငံရေး လုပ်ငန်းစဉ်နဲ့ လှုံ့ဆော် ပေးခြင်း တက်ကြွအောင် သွေးထိုးပေးခြင်းဖြင့်ဂျပန်ဆန့် ကျင်ပုန်ကန်သည့်လုပ်ငန်းကြီးတွင်ကရင်တိုင်းကိုတပ်သား များ ဖြစ်သာအောင် သိမ်းသွင်း ပေးနိုင် ရမယ်၊ ဒီလိုလုပ် လိုက်ရင်၊ ကရင်အမျိုးသားလုပ်ငန်းဟာ မလွဲဧကန်လူထု လုပ်ငန်းကြီး ဖြစ်လာလိမ့်မယ်၊ လုပ်ငန်းစဉ်တခုကို အခြေ ခံပြီး ဝါဒဖြန့်ချိရေး၊ လှုံ့ဆော်ရေး၊ စည်းရုံးရေး တို့ကို လုပ်လိုက်ရင် ယခုအချိန်ရှိနေသေးတဲ့ ကရင် အမျိုးသား အချင်းချင်း၊ သွေးကွဲစိတ်၊ ရပ်စိတ်၊ ရွာစိတ်၊ ဇာတိစိတ်တွေ သေးဖွဲ့အကြောင်းကလေးများကို အကြောင်းပြပြီး ဖြစ်ပွါး

တက်တဲ့ တစုနဲ့တစု ရန်လို စိတ်တွေဟာ ကွယ်ပျောက်သွားပေလိမ့်မယ်။

ကရင်ပုန်ကန်မှု လုပ်ငန်းကို နိုင်ငံရေး လုပ်ငန်း တခုဖြစ်အောင်လုပ်နိုင်ရင် သာသနာရေးကို အကြောင်း ပြုပြီး ခွဲခြားနေတဲ့ ကရင် အမျိုးသားများကိုလဲ စည်းလုံး ပေးနိုင်လိမ့်မယ်။ယခုကရင်ကိစ္စမှာ ခရစ်ယာန်ဘာသာဝင်များရဲ့ အလုပ်ဆိုပြီး၊တချို့ဗုဒ္ဓဘာသာဝင်ကရင်များက ကူညီသင့်သလောက် မကူညီကြဘူး၊ တချို့ နေရာ များမှာ ဆိုရင် ဗုဒ္ဓဘာသာ ကရင်များဟာ ကရင်အရေးကိစ္စကို အနည်းနှင့်အများ လျှစ်လျူရှုကာ ဆန့်ကျင်တာကိုပင် တွေ့ရတယ်၊ ကရင် အမျိုးသားအားလုံးပါဝင် ဦးဆောင်ရွက် နိုင်ကြဖို့အတွက် တခုတည်းသောလမ်းမှာ ကရင်လုပ်ငန်းကို ဘာသာရေးအရိပ်အရောင်မပါစေတဲ့နိုင်ငံရေး လုပ်ငန်းသက်သက်ဖြစ်အောင်လုပ်ပေးနိုင်ဖို့လိုတယ်၊ယခုအခါ ကရင်လုပ်ငန်းတွင် အနှောက်အယှက်ဖြစ်စေတဲ့ အထက်ပါ ချို့ယွင်းချက်များကိုပြုပြင်ဖို့ရာ ကရင်လုပ်ငန်းဟာ နိုင်ငံရေး လုပ်ငန်းဖြစ်ရမယ် နိုင်ငံရေးလုပ်ငန်းဖြစ်မှသာကာယ ့လူထုလုပ်ငန်းဖြစ်လာနိုင်မယ်၊

နောက်တချက်ကတော့ ကရင် အမျိုးသား တယောက်ကိုခွဲဆောင်ရာမှာ အသက်စွန့်ထိုက်လောက်တဲ့ ရည်ရွယ်ချက်တခုကို သူယုံကြည်စွဲမြဲသာအောင် လုပ်ပေးနိုင်ရမယ်။

ဒီအခါကျမှ သူဟာအရေးဆိုရင် အသေခံတိုက်မဲ့ မယိမ်း ယိုင်တပ်သားတယောက် ဖြစ်လာမယ်၊ ဒီယုံကြည်ချက်ကို နိုင်ငံရေး လုပ်ငန်းကသာလျှင် ပေးစွမ်းနိုင်တယ်၊ ယုံကြည် ချက်တခုကို အကြောင်းပြုပြီး၊ အသေခံရဲတဲ့ သူချားပါဝင် မှ ကရင် လူထုလုပ်ငန်းကြီးသာ ပေါ်ပေါက်မယ် ဆိုရင် လက်ရှိ ကရင် အမျိုးသား လုပ်ငန်းရဲ့ချို့ယွင်းနေသေးတဲ့ စည်းရုံးနည်း-တိုက်နည်း-ခိုက်နည်းတွေဟာမရှိတော့တဲ့၊ လူ ထုအင်အားကိုအခြေခံတဲ့ ခေတ်မှီသော စည်းရုံးနည်းတွေ ခေတ်မှီသော တိုက်နည်း- ခိုက်နည်းတွေ ပေါ်လာ လိမ့် မည်၊ ။

ဒါကြောင့်မို့အလွန်တရာကြမ်းတမ်းရက်စက်ပြီး၊ လိမ် တဲ့-ညာတဲ့နေရာမှာလဲ မိုလ်ဆွဲတဲ့ချပန်ခိုးသား-မဒိမ်းများ ကို ခေတ်မှီတဲ့နိုင်ငံရေး အစည်းအရုံးကသာ တိုက်နိုင်မယ် ဆိုတာ တထစ်ချ ယုံကြည်ပြီး၊ လက် ရှိ က ရင် အ မျိုး သားလုပ်ငန်းကိုတကယ် နိုင်ငံရေးလုပ်ငန်းကြီးတခု ဖြစ်လာ အောင်-ဆောင်ရွက်ကြဘို့ ကျုပ်တို့က ထေးနက်စွာတိုက် တွန်းခြင်းဖြစ်တယ်၊

**{အမေး} ကရင်-ဗမာသွေးစည်းရေး စာတမ်းကို ဖတ်ပြီးလို့ ကျုပ်တို့အလွန်ဘဲသဘောကျပါတယ်၊ သွေး စည်းရေးဖြစ်မြောက်အောင်၊ဘယ်အချက်တွေကိုဆောင် ရွက်ရပါမလဲ- ပေါင်းပြီးလုပ်ကြမယ်ဆိုရင်၊ ဘာတွေကို စပြီး၊လုပ်ကြရမလဲ၊**

(အဖြေ) ကျုပ်တို့သဘောအရ-ကရင်-ဗမာသွေးစည်းမှု-တကယ်အောင်မြင်တို့ကရင်နဲ့၊ဗမာတကယ်ညီညွတ်တို့အတွက်-ညီညွတ်ရေးနှစ်မျိုးကိုလုပ်ကြရလိမ့်မယ်၊ညီညွတ်ရေးနှစ်မျိုးဟာဘာလဲလို့ဆိုတော့၊ အထက်အောက်နှစ်ရပ်စလုံး ညီညွတ်ရေးနဲ့၊ အလုပ်ညီညွတ်ရေးလို့ ခေါ်ပါတယ်၊ ထပ်ပြီး ရှင်းပြအုံးမယ်၊ အထက်အောက် နှစ်ရပ်စလုံးညီညွတ်ရေးဆိုတာကတော့၊ ကရင်ခေါင်းဆောင်များနဲ့၊ ဗမာခေါင်းဆောင်များ အောက်မှာရှိကြတဲ့၊ ကရင်အမျိုးသားလူထုကြီးနဲ့-ဗမာလူထုကြီးပါညီညွတ်စည်းလုံးမိလာအောင်လုပ်ဘို့ ဆိုလိုတယ်၊ အလုပ်ညီညွတ်ရေး ဆိုတာကတော့၊ ကရင်နဲ့ဗမာ ညီညွတ်နေတဲ့ နေရာမှာ အပြော အားဖြင့်ညီညွတ်ရုံနဲ့ မပြီးဘူး၊ တယောက်နဲ့ တယောက် စေ့စပ်သဘောတူကြပြီးပြီ ဆိုပြီး အလုပ် လုပ်တဲ့ နေရာမှာတော့ တဘက်နဲ့တဘက် စီးဝါးမကိုက်တဲ့ တဘက်တမျိုးစီလုပ်ကြရုံနှင့်မပြီး၊ တကယ်ညီညွတ်တို့အတွက် အလုပ်လုပ်တဲ့နေရာမှာလဲ နှစ်ဦးနှစ်ဘက်သဘောတူတဲ့လုပ်ငန်းစဉ် ရည်ရွယ်ချက်ကိုအခြေခံထားပြီး အလုပ်အတူတူ လုပ်ကြဘို့ကိုဆိုလိုပါတယ်၊ ဒီလိုအတူတူလုပ်ကြမှသာလျှင် ဒုက္ခခံစရာရှိလဲ အတူတူခံ၊ ဝမ်းသာစရာရှိလဲ အတူတူဝမ်းသာပြီး၊ တယောက်အကြောင်းကိုလဲ တယောက် ကောင်းကောင်းကြီးနားလည်ကြတဲ့အခါမှာ၊ဘယ်သူခြားဝင်နှောက်ယှက်ပေမဲ့၊ မပျက်စီးနိုင်တဲ့ သွေးစည်းရေးကို ကြားရပေလိမ့်မည်၊

ဒါကြောင့်ကရင်ဗမာသွေးစည်းရေး တကယ်ထမြောက်အောင် ပြောခဲ့တဲ့ ညီညွတ်ရေးနှစ်မျိုးစလုံးကို ရအောင်လုပ်ကြရလိမ့်မယ်၊ ဒါဖြင့် ဒီညီညွတ်ရေး နှစ်မျိုးစလုံးကို ရအောင်ဘယ်လိုလုပ်မလဲ။

## ကရင်-ဗမာ သွေးစည်းရေးကော်မီတီ။

အထက်ပါ ညီညွတ်ရေး နှစ်မျိုးစလုံးကို ရဘို့အတွက် လက်ငင်းအလုပ်လုပ်ဘို့ရာ ကရင်ဗမာသွေးစည်းရေး ကော်မီတီတခုကို အမြန်ဆုံး ဖွဲ့စည်းရမယ်၊ ဒီကော်မီတီဟာ ကရင်ဗမာ သွေးစည်းရေးလုပ်ငန်းနဲ့ ပတ်သက်သမျှ အမှုကိစ္စအားလုံးကို ဆောင်ရွက်ဘို့အတွက် အချက်အချာဖြစ်ရမယ်၊ ဒီကော်မီတီမှာလက်ရှိဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့အဖွဲ့မှ ကိုယ်စားထည်များနှင့် ကရင်အမျိုးသားများဘက်မှ၊ ကိုယ်စားသည်များ လူဦးရေအညီအမျှ ပါဝင်ရမယ်၊ တဘက် တဘက်တွင် ကိုယ်စားလှည် နှစ်ဦး၊ သို့မဟုတ် သုံးဦး ကျစ်လောက် ပါလျှင် လုံလောက် ပေမည်၊ နောက်မှသာ အလုပ်များလာတဲ့ အလျောက် ကော်မီတီငယ်ကလေးများကို၊ ကရင်ဗမာသွေးစည်းရေး ကော်မီတီကြီးရဲ့ လက်အောက်မှာ ဆိုင်ရာဆိုင်ရာအလုပ်များကို တာဝန်ပေးပြီးဖွဲ့ရလိမ့်မည်၊

သွေးစည်းရေး ကော်မီတီရဲ့ အလုပ်ကတော့၊ လက်ငင်းလောလောဆယ်အားဖြင့် ကရင်ရဲ့ နေ့စဉ်အခက်အခဲများကို ဗမာက ကူညီပိုင်းဝန်းခြင်း။ ဗမာရဲ့ နေ့စဉ်အခက်အခဲများ

ကို ကရင်က ဗိုင်းဝန်းကူညီခြင်းဖြစ်လာအောင်လုပ်ရာက၊ နောက်ဆုံးတွင် ဂျပန်ဖက်ဆစ်လူရိုင်းများကို ပုန်ကန်ထကြွရာ၌၊ ဗမာနှင့်ကရင်ပခုံးချင်းယှဉ်ပြီး-စစ်မြေပြင်မှာ-ရင်မြေကတုပ် လုပ်၍ တိုက်ခိုက် နေတဲ့အထိ ကရင်ဗမာ သွေးစည်းလာမိအောင် ဆောင်ရွက်ရ လိမ့်မယ်၊

ကရင် ဗမာ သွေးစည်းရေးကော်မီတီရဲ့ အဓိကထာဝန်ဝတ္တရားများကတော့-အောက်ပါအတိုင်း ဖြစ်လိမ့်မယ်၊

(၁) ခေါင်းဆောင်ခြင်းလဲလှယ်၍ဝါဒဖြန့်ချီရေး။

ကရင် ခေါင်းဆောင်တဦးဖြစ်စေ အများဖြစ်စေ ဗမာဘက်သို့လာပြီး ကရင် ဗမာ သွေးစည်းရေးကို ကရင်များရဲ့သဘောထားများ၊ ကရင်များရဲ့ နစ်နာချက် များလိုလားချက်များစသည်တို့ကို ပြောပြစေရမယ်၊ဖက်ဆစ် ဆန့်ကျင်ရေးဘက်မှ ကိုယ်စားလှယ်များကိုလဲ ကရင် ဘက်သို့ ပို့ပြီး ကရင်-ဗမာ သွေးစည်းရေး အကြောင်းကို ဖက်ဆစ် ဆန့်ကျင်ရေး လုပ်ငန်းအကြောင်း၊ ဗမာပြည်လွတ်လပ်ရေး အကြောင်း စသည်တို့ကို ဝါဒဖြန့်ချီစေရမယ်၊ ဒီလိုခေါင်းဆောင်ခြင်းလဲလှယ်တဲ့ နေရာမှာ နှစ်ဘက်စလုံး ကရောက်လာသည့်ခေါင်း ဆောင် များ ကိုလုံချုံစိတ်ချရအောင် ထားနိုင်တို့အလုပ် တွင်ကျယ်စွာလုပ်နိုင်ဖို့တာဝန်ယူကြရမည်၊ ဒီလိုလုပ်နိုင်မယ်ဆိုရင် ပုံးကွယ်နေတဲ့ ကရင်ခေါင်းဆောင်များကိုလဲ ဗမာဘက်သို့ ပို့ထားနိုင်သည်အထိ ဖြစ်လာလိမ့်မယ်၊

## (၂) သွေးစည်းရေး ဆွေးနွေးပွဲများ

ကရင်-ဗမာနှင့်တကွ ဗမာတိုင်းရင်းသား အားလုံးရဲ့ ကြီးပွါးရေး လွတ်လပ်ရေးတို့နှင့် ပတ်သက်သော ဖြေရှင်းရမဲ့ ပြဿနာ များဟာ မသေးငယ် လှဘူး။ ဒီပြဿနာ များကို၊ သွေးနဲ့လဲပြီး ဖြေရှင်းတို့ရာ အထူး အားဖြင့် ကရင်လူငယ်များနဲ့ ဗမာလူငယ်များ အပေါ်မှာ တာဝန် ကျနေတယ်၊ ဒီပြဿနာများနဲ့ ပတ်သက်လို့ ဘယ်လို သဘောထားရမယ်၊ ဒီပြဿနာများကိုဘယ်လို ဖြေရှင်းရမယ် ဆိုတာကို ဆွေးနွေးကြဖို့ ကရင်ဗမာလူငယ်များကိုသွေး စည်းရေး ဆွေးနွေးပွဲများကို ကရင်ဘက်မှတလှည့်၊အလှည့် ကျသလိုသင့်တော်သလို ကျင်းပသွားနိုင်ရမယ်၊ဒီဆွေးနွေး ပွဲများမှာ ဆွေးနွေးသင့်တဲ့ အကြောင်းအရာများကားတွ—

(က) ကရင်ဗမာ ရာဇဝင်နှင့်ရှေ့တွင် ကရင်ဗမာသွေး စည်းရေးအတွက် လိုလားအပ်သော အချက်များ၊

(ခ) ဖက်ဆစ်စံနစ်အကြောင်း၊

(ဂ) ယခုတိုက်နေသော စစ်ကြီးအကြောင်း၊

(ဃ) ဗမာပြည် လွတ်လပ်ရေးအကြောင်း၊

(င) ဖက်ဆစ် ဆန့်ကျင်ရေ လုပ်ငန်းစဉ်၊

(စ) ကရင်အမျိုးသားများအား နိုင်ငံရေးအရ စည်းရုံး ပေးရေး စသည်တို့ဖြစ်သည်၊

## (၃) ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့များဖွဲ့စည်းရေး

ဖက်ဆစ် ဆန့်ကျင်ရေး အဖွဲ့ ကလေးများကို အချက်

အခြာဖြစ်ပြီး အရေးကြီးတဲ့ ကရင်ရွာတိုင်းမှာရော ကရင်ဗမာ ရောနှောနေတဲ့ ရွာတိုင်း မှာရော မဖြစ်မနေ လိုက်လံဖွဲ့စည်းရလိမ့်မယ်၊ ဒီအဖွဲ့ကလေးများဟာ ကရင်အမျိုးသား များကိုနိုင်ငံရေးအရ ဝါဒဖြန့်ခြင်း၊ လှုံ့ဆော်ခြင်း၊ စည်းရုံးသိမ်းသွင်းခြင်းစသည်တို့ဖြင့် ဂျပန် လူရိုင်းတွေကို လက်နက်ကိုင်ပုန်ကန်ထကြွတဲ့ အခါမှာ ပုန်ကန်မှုရဲ့ ဗိုလ်သွားများဖြစ်လာကြလိမ့်မယ်၊ အထူးအားဖြင့် ကရင်ရော ဗမာပါရောနှောနေထိုင်တဲ့ ရွာများမှာ ရှိတဲ့ အဖွဲ့ကလေးများကတော့ကရင်-ဗမာ သွေးစည်းရေးအလုပ်ကို နေ့စဉ်အားဖြင့် လက်တွေ့ဆောင်ရွက် ကြရလိမ့်မယ်၊ ဥပမာဆိုရင်၊ကရင်များရဲ့နေ့စဉ်စီးပွါးရေးအခက်အခဲ နိုင်ငံရေး အခက်အခဲတို့ကို တိုက်ခိုက်ရာ၌ ဗမာများကကူညီ တိုက်ခိုက်ပေးရမယ်၊ကရင်ကို ဂျပန်က ညှဉ်း ပုလိပ်က ညှဉ်းနှင့် ဗမာက ကရင်ဘက်မှနေပြီး၊ဂျပန်နဲ့ပုလိပ်တို့တိုက်ရမယ်၊ ဒီလိုဘဲ ဗမာအညှဉ်းခံရလျှင်လဲ ကရင်က လိုက်ရမယ်၊ ဒီအခြေအနေမျိုးရောက်လာ အောင်ဆိုခဲ့တဲ့ အဖွဲ့ကလေးများကို အားကျိုးမာန်တက်ဆောင်ရွက်ကြရလိမ့်မည်၊

## {၄} ပုန်ကန်ရန်ပြင်ဆင်ရေး

ဒီကိစ္စဟာအလွန်ဘဲအရေးကြီးတဲ့အတွက်၊စစ်ဆင်ရေးပျောက်ကြားတိုက်ပွဲရေးတို့ကို နားလည်တဲ့ဗမာကိုယ်စားလည်နဲ့ကရင်ကိုယ်စားလှည်များ ပါတဲ့ ပုန်ကန်မှု ပြင်ဆင်ရေးကော်မီတီခွဲကလေးဟာရုံ ကရင်-ဗမာ သွေးစည်းရေး

ကော်မီတီရဲ့ လက်အောက်မှာ ဖွဲ့စည်း ထားသင့်တယ်လို့ ကျုပ်တို့ ယူဆတယ်၊ ဒီကော်မီတီခွဲကလေးရဲ့ အလုပ်ကတော့ ဝုန်ကန်မှုအတွက်လိုအပ်တဲ့ ပြင်ဆင်စရာကိစ္စများကို အမြဲဘန်းဆွေးနွေး ဆောင်ရွက်ရလိမ့်မည်၊ ဒီအဖွဲ့က ဆောင်ရွက်ရမဲ့ အဓိကတာဝန်ဝတ္တရားများဟာ၊

(က) ကရင်-ဗမာတပ်များကို ပူးပေါင်း တိုက်ခိုက်ရန် အတွက်အမိန့်တရပ်ထည်းပေးနိုင်သော ကရင် ဗမာစစ်ဌာနဖွဲ့စည်းရေး၊

(ခ) ကရင်-ဗမာ ဝုန်ကန်ရေးတပ်များဖွဲ့စည်းရေး၊

(ဂ) ခဲယမ်း မီးကျောက် လက်နက်ဖြန့်ဝေရေး၊

(ဃ) စားနပ်ရိက္ခာစုဆောင်းရေး၊

(င) ပျောက်ကြားတိုက်နည်းစသည့် စစ်အတတ်များ လေ့ကျင့်ရေး၊

(စ) ဝုန်ကန်ရေးတပ်သားများကို နိုင်ငံရေးပညာများ သင်ပေးရေးစသည်တို့ဖြစ်သည်၊

ဒါလောက်ဆိုရင် ကရင်-ဗမာသွေးစည်းရေးဖြစ်မြောက်အောင်ဘယ်လိုလုပ်ရမယ်၊ ဒါနဲ့ ပတ်သက်လို့ အတော်ရှင်းလင်းလာလိမ့်မယ်လို ယုံကြည်ပါတယ်၊ ကရင်-ဗမာသွေးစည်းရေးကော်မီတီကိုဖွဲ့ပြီး၊ အထက်ကပြောခဲ့တဲ့ အလုပ်တွေကိုအမြန်လုပ်နိုင်ကြမှ ထကယ်ထိရောက်တဲ့ ညီညွတ်ရေးကိုရရှိကြလိမ့်မယ်၊

လွတ်လပ်ရေးကိုလိုချင်ရင်,......ကရင်-ဗမာသွေးစည်းကြ ရို.၊

ငြိမ်းချမ်းရေးကိုလိုချင်ရင်...... ကရင်-ဗမာသွေးစည်းကြ ရို.၊

အဝတ်အစားကိုလိုချင်ရင် .... ကရင်-ဗမာသွေးစည်း ကြရို.

ဝမ်းရေးကိုလိုချင်ရင်......ကရင်- ဗမာသွေးစည်းကြရို.၊

ကျ န် ခေးပြစံနစ်ပျက်စီးပါစေ၊...... ဗမ ာ အောင်လံနီ တည်တံ့ပါစေ၊

ဒိုရိုကရေစီ မဟာမိတ်အဖွဲ့ကြီးအောင်မြင်ပ စေ..... သ တည် ၊

[ တ်ချက်၊ ၊၁၉၄၄ ခု၊ ဒီဇင်ဘာလလောက်တွင် ရေးသည်]၊

# ရာသက်ပန်သွေးစည်းရေး။

(၁)

ကရင်နဲ့ဗမာဟာ- ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက ဗမာပြည်မှာနေထိုင်လာခဲ့ကြတဲ့သူများဖြစ်သော်လဲ တမျိုးနှင့်တမျိုး စည်းလုံးရင်းနှီးခြင်းမရှိခဲ့ဘူး၊ အဲဒီလိုရင်းနှီးစည်းလုံးခြင်းမရှိခဲ့ရတဲ့အကြောင်းကတော့(၁) ကရင်တွေဟာ အများအားဖြင့် တောတောင်တွေမှာ နေထိုင်ကြပြီး-ဗမာတွေကတော့ မြေညီမှာနေထိုင်ကြတယ်၊ {၂} ဘာသာခြားနေတဲ့အတွက်လဲတမျိုးနဲ့ထမျိုးရင်းနှီး သင့်သလောက်မရင်းနှီးခဲ့ကြဘူး၊ ။

ခေတ်ဟောင်းပြောင်းပြီး-ခေတ်သစ်ရောက်လာတဲ့ အခါမှာ (၁) တောတောင်နဲ့မြေညီလမ်းပန်း အဆက် အသွယ်တွေများပြားကောင်းမွန်လာတယ်။ (၂) ကမ္ဘာအနှံ့ အခြားမှာတဲ၊ဘာသာမတူတဲ့လူမျိုးတွေဟာ တူညီတဲ့ ရည်ရွယ်ချက်များအတွက် ပူးပေါင်းသွေးစည်းလာကြတယ်၊ ဒီအချက်နှစ်ချက်ကြောင့် ကရင်-ဗမာ သွေး စည်း ရေးဟာကောင်းမွန်လာလိုက်တယ်။ ။

ဒါပေမဲ့ ဗမာရော ကရင်ပါ ကရင် ဗမာသွေးစည်းရေးအတွက် ကြိုးကြိုး-စားစားမဆောင်ရွက်ခဲ့ကြလို့ ကရင်နဲ့ဗမာဟာ အင်္ဂလိပ် ဗမာပြည်ကထွက်သွားတဲ့ အချိန် အထိ ရင်းနှီးသွေးစည်းမှုမရှိခဲ့ကြဘူး၊ ။

{၂}

၁၉၄၁–ခု ဒီဇင်ဘာလမှာ ဒီမို ကရေစီနိုင်ငံများဖြစ်တဲ့ အင်္ဂလိပ်နဲ့ အမေရိကန်တို့က တဖက်- ဖက်ဆစ်ဂျပန်က တဖက်-ကမ္ဘာ့အရှေ့ပိုင်းမှာစစ်ဖြစ်ခဲ့ကြတယ်၊ ဂျပန်ဟာ ဗမာပြည်အပါအဝင်ဖြစ်တဲ့ အာရှတိုက် အရှေ့တောင်ပိုင်း နိုင်ငံကို ကျူးကျော် တိုက်ခိုက်လာတယ်၊ ဗမာအမျိုးလုံး လောက်တဲ လွတ်လပ် ရေးကို မြှော်မှန်းပြီး၊ ဂျပန်ဖက်ဆစ်ဝါးပြတွေကို လိုလားခဲ့ကြရုံမက အသက်တွေ ရာထောင်အသေခံပြီးကူညီခဲ့ကြတယ်၊ကရင် အမျိုးသားတွေကတော့ ဖက်ဆစ်ဂျပန်ကို ခုခံတိုက်ခိုက်ခဲ့ကြတယ်၊ ဂျပန်ဟာ ဗမာ အချို့ရဲ့အကူအညီနဲ့ ကရင် အမျိုးသားတွေကို နှိပ်ခဲ့တယ်၊ရိုင်းစိုင်းတဲ့ ဂျပန်ခေတ်ပါးစေဗမာအချို့ဟာခွင့် မလွှတ်သည်းမခံနိုင်လောက်အောင် ကရင်တွေကိုစော်ကားခဲ့ကြတယ်၊အဲဒီနောက် တိုင်းပြည် ငြိမ်သွားတဲ့အခါမှာလဲ သစ္စာ မဲ့တဲ့ ဗမာ အချို့ဟာ ဂျပန် စစ်ပုလိပ်တွေ နဲ့ပူးပေါင်းပြီး ကရင်တွေကိုအမျိုးမျိုးနှက်ပေးခဲ့ကြတယ်၊ ကရင်အမျိုးသားတွေရဲ့ ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းတွေကိုခြေမှုန်းခဲ့ကြတယ်၊

အဲဒီလို ကိစ္စတွေဟာ-ဖါးသာဝလာ-နေခဲ့ကြတဲ့ သွေးစည်းမှုမရှိခဲ့ကြတဲ့–ကရင် ဗမာကို ပိုမိုစိမ်းကားသွားစေတယ်၊

(၃)

လမ်းမှားတဲ့ဗမာတွေရှိခဲ့သလို- လမ်းမှန်တဲ့ ဗမာတွေလဲရှိခဲ့ပါတယ်။ဒီလူတွေဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်တွေနဲ့ ပါတီဝင်တွေ ဖြစ်တယ်၊ ကွန်မြူနစ်ပါတီဟာ ဗမာပြည်ကို ဂျပန်သိမ်းပြီးစအချိန်မှာဘဲ ကျေညာစာတမ်း(၁)ကို ထုတ်ဝေခဲ့တယ်၊အဲဒီကျေညာစာတမ်းထဲမှာ (၁)ဗမာ တိုင်းရင်း သားတွေအားလုံးဟာ–မဟာမိတ်တွေနဲ့ ပူးပေါင်းပြီး ဖက်ဆစ်တွေကိုပုကန် မောင်းထုတ်ရမယ်ဆိုတဲ့အချက်(၂)လူ့နှစ်မျိုးလုံးရဲ့ လက်ငင်းနဲ့ အနာဂါတ်အကျိုးအတွက်ကရင်နှင့်ဗမာသွေးစည်းကြရမယ်ဆိုတဲ့ အချက်တို့ကိုအတိအလင်းကျေညာခဲ့တယ်၊ အဲဒီအချိန်ကစပြီး ပါတီဟာဂျပန် ဖက်ဆစ် မောင်းထုတ်ရေးအတွက် သိမ်းသွင်းစည်း ရုံးခြင်း–အားယူ ခြင်းများနှင့်တကွ-ကရင်ဗမာသွေးစည်းရေးအတွက်ကိုပါဆောင်ရွက်ခဲ့တယ်၊ ။

ကွန်မြူနစ်ပါတီရဲ့ ဆောင်ရွက်မှုကြောင့်လဲ၊အရင်တနှစ်နီးပါးလောက်က-ကရင်နှင့်ဗမာ ခေါင်းဆောင်တွေ၊ သွေးစည်းညီညွတ်ခဲ့ကြပြီး၊ အဖွဲ့ရုံးပါတဲ့ ဖက်ဆစ် ဆန့်ကျင်ရေး။ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်၊အဖွဲ့ချုပ်ရဲ့ကိုယ်စား ကွန်မြူနစ်ပါတီက-ကရင်ဗမာသွေးစည်းရေးစာတမ်းကိုထုတ်ဝေခဲ့တယ်၊

အဲဒီနောက်အနယ်နယ်မှာဘဲ၊ ဖက်ဆစ် ဆန့်ကျင်ရေးအဖွဲ့တွေရဲ့ ကြိုးပမ်းချက်ကြောင့် ကရင်နဲ့ ဗမာအဆက်အ

သွယ်တွေ-သွေးစည်းမှုတွေကို ရလာခဲ့ကြတယ်၊ ဒါပေမဲ့ အဲဒီထုံးက ရခဲ့တဲ့သွေးစည်းမှုဟာ(၁) အလုပ်သွေးစည်းမှု မဟုတ်သေးတဲ၊ သဘောအားဖြင့်သာသွေးစည်းခဲ့ခြင်းဖြစ်တယ်၊ (၂) ဗမာတစုနဲ့ ကရင်တစုရဲ့-သွေးစည်းမှုမျှသာ ဖြစ်ခဲ့တယ်၊

ကရင်များနဲ့ တွေ့ဆုံ ဆွေးနွေးတိုင်း-ဗမာများက (၁) ကရင်ရောဗမာတွေပါ၊ ညှဉ်းပမ်းသွေ ရပ်နေတဲ့ဂျပန်လုရိုင်းများကို တနေ့ကျရင် ကရင်နဲ့ ဗမာ မဟာမိတ်တွေနဲ့ပူးပေါင်းမောင်းထုတ် သုတ်သင် ကြရမယ်၊ (၂) ကရင်နဲ့ ဗမာတွေ့ရဲ့ အကျိုးဟာဒုရလဲတ ခုထဲဘဲ-နောက်လဲ တ ခုထဲဘဲဖြစ်မှာတဲ-ဒါကြောင့် ကရင်ဗမာ ရာသက်ပန်သွေးစည်းရေးအတွက်ဆောင်ရွက်ကြရမယ် ဆိုတဲ့အချက်နှစ်ချက်ကို ထောနက်စေခဲ့တယ်၊ ဗမာတွေက ဒီလိုပြောတာကို-တချို့ ကရင်အမျိုးသားတွေက ယုံတယ်၊ အချို့ကလဲသံသယဖြစ်ခဲ့ကြတယ်၊

(၄)

ငါတို့ ဘာကြောင့် ဂျပန် ဖက်ဆစ်တွေကို-တော်လှန်ရမလဲ၊

(၁) ဂျပန် ဖက်ဆစ်တွေဟာ တို့ကို ဘယ်လောက်ကိုယ်ထိလက်ရောက်ညှဉ်းပမ်းနှိပ်စက်ပြီးစီးပွားရေးအရလဲ ဘယ်လောက် သွေးစုပ် တယ်ဆိုတာ လူတိုင်းအသိဘဲ ဗမာတပြည်လုံးမှာရှိတဲ့ လူတိုင်းဟာကိုယ့်ကိုယ်ကို မပိုင်

ဟာ့မိတ်တပ်တွေနဲ့ စီးဝါးကိုက်ပြီး-ပူးပေါင်းဆောင်ရွက်ကြမှဖြစ်နိုင်မယ်၊ ဗမာပြည်က ထွက်သွားရုံနဲ့ ဖက်ဆစ် ရန်ဟာမအေးသေးဘူး ဒီတော့ငါတို့ဟာအင်္ဂလိပ် အမေရိကန် တရုပ်ရုရှားအစရှိတဲ့ ဒီမိုကရေစီအဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး တကမ္ဘာလုံးမှာ ဖက်ဆစ် ဝါဒကြီးတခုလုံးကျဆုံးသွားတဲ့ အထိတိုက်ခိုက်ကြရမယ်၊

(၂) ဗမာပြည်ဟာဂျပန်လက်အောက်က လွတ်မြောက်တာနဲ့တပြိုင်နက်ငါတို့ တိုင်းရင်းသား လူမျိုး အားလုံးရဲ့ ကောင်းရာကောင်းကြောင်း ကိုသာ ဆောင်ရွက်ကြရအုံးမယ်၊ဒီလူမျိုးတွေ ကောင်းစားဖို့ဆိုတာ အောက်ပါအခွင့်အရေးတွေကိုလူတိုင်းစေ့ရအောင်အနည်းနည်းနဲ့ ကြိုးစားကြရမယ်၊

(၃)

(က) ပုဂ္ဂိုလ်ရဲ့လွတ်လပ်ခွင့်၊ အချနေအခါမှာရှိနေတဲ့ လူတယောက်ကို အရမ်းသတ်၊အရမ်းရိုက်၊အရမ်းဘမ်း၊ဆိုတာမျိုးမရှိစေရဘူး၊

(ခ) ငွေးဥစ္စာရဲ့လွတ်လပ်ခွင့်နဲ့ အိမ်ယာကိုမကျူးလွန်ရေး၊ကားသိမ်း၊နွားသိမ်း၊ နှမ်းသိမ်း၊အိမ်တိုင်းကို ဝင်ချင်တိုင်းဝင် ဆိုတာမျိုးမရှိစေရဘူး၊

(ဂ) လွတ်လပ်စွာ ပြောဆိုရေးသား ထုတ်ဝေ ရဝေးစည်းရုံးအင်အားပြခွင့်များရှိရမယ်၊

(ဃ) ကိုးကွယ်ချင်တဲ့ဘာသာတို့ကို ကိုးကွယ်နိုင်ခွင့် အယ်ဘာသာကိုမှမကိုးကွယ်ချင်ရင်လဲနေနိုင်ခွင့်(ဘာသာ

ရေးနှင့်ပတ်သက်ပြီး လူတစုနဲ့တစု၊တမျိုးနဲ့တမျိုး သွေးခွဲခြင်းကိုတွေ့ရှိပ်ကွပ်ရမယ်၊)

(င) စီးပွားရေးအခွင့်အရေးများ။အတိုးကြီးနှင့်ငွေချေးခြင်း၊သီးထောက်ခကြီးလေးခြင်း၊လယ်ခနဲ့လွန်းခြင်း၊ အလုပ်သမားများကို ထုတ်ချင်တိုင်း ထုတ်ပစ်ခြင်း စသည်တို့မှ ကာကွယ်ပေးရမည်၊

လူတိုင်း အလုပ်လုပ်ခွင့်ရှိရမယ်၊ အလုပ်သမားများကို အိုစာနာစာပေးရမယ်၊ထိခိုက်ကျိုးပဲ့ရင် လျော်ကြေးပေးရမယ်၊ အလုပ်လက်မဲ့တွေကို ထောက်ပံ့ရမယ်၊

အခွန်အထုတ်ကို မျှတအောင်ကောက်ခံရမယ်၊

စားကျက်၊ထင်း၊ဝါး၊သစ်များကို အခမဲ့ အသုံးပြုခွင့်၊ ရှာယူခွင့်၊ငါးဘမ်းခွင့်ပေးရမယ်၊

(စ) ခေတ်ပညာကို အခမဲ့သင်ကြားခွင့်ရှိရမယ်၊

(ဆ) တကာယ်တရားတဲ့ဥပဒေစံနစ်ရှိရမယ်၊ငွေ့နေခ၊ မတတ်နိုင်လို့ မတရားလုပ်တာကို ခံနေရမယ် ဆိုတာမျိုး မရှိစေရဘူး၊

အဲဒီအခြေခံအခွင့်အရေး ၇ ခုဟာ ဗမာပြည်မှာသာ ရှိ၍ လူတိုင်း လူမျိုး ဘာသာ ယောက်ျားမိန်းမ ဆင်းရဲချမ်းသာမရွေးခံစားခွင့်ရှိရမယ်၊

အဲဒီ အခွင့်အရေးတွေ အပြင်၊ လူနဲ့ဇုဖြစ်တဲ့ ကရင်၊ ကုလား၊တရုပ်၊ရှမ်း၊အစရှိတဲ့လူမျိုးတွေအတွက် အောက်ပါအခွင့်အရေးတွေပေးရမယ်၊

{က} အစိုးရက လူနည်းစုများကိုကာကွယ်ပေးရမယ်။

(ခ) လူနည်းစုလူမျိုးတွေဟာ ခွဲထွက်ချင်ရင် ခွဲထွက်ခွင့်ရှိရမယ်။

(ဂ) အစိုးရက ခေတ်နောက်ကျနေတဲ့ လူနည်းစုလူမျိုးတွေကို ခေတ်မီယဉ်ကျေးလာအောင်၊ ကြီးပွားလာအောင် ဆောင်ရွက်ရမယ်။

ကျုပ်တို့ဂျပန်တိုက်ရမယ်ဆိုတာ အဲဒီအခွင့်အရေးတွေ လိုချင်လို့ပဲ။ အဲဒါတွေဟာ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ရဲ့ လက်ငင်းနဲ့ အနာဂါတ်ရည်ရွယ်ချက်ဖြစ်တယ်။

(၁) ဂျပန်ဟာ နေ့ရာတကာမှာ အရှုံးကြီး ရှုံးနေပြီး၊ မဟာမိတ်တပ်များဟာလဲ ဗမာပြည်ထဲကို တဟုန်ထိုးဝင်နေကြတယ်၊

(၂) ဗမာပြည်သူပြည်သား အပေါင်းဟာ ဂျပန် ဝန်ဒဏ်ကို သည်းမခံနိုင်လောက်အောင် စက်ဆုပ်ရွံရှာကုန်ကြပြီ၊

(၃) ကွန်မြူနစ်ပါတီနဲ့ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်တို့ရဲ့ ကြိုးပမ်းခြင်းကြောင့်၊ ဗမာတပြည်လုံးမှာတဲ လူတွေဟာ အတော်စည်းလုံးမိလာတယ်၊

ဒီလိုအခါသင့်အကြောင်းသာတာနဲ့ တပြိုင်နက် ......ဗမာတွေလက်နက်ကိုင်ပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်ပုန်ကန်တယ်၊ ရှေးကဂျပန်ကို အရိုအသေပေးရတဲ့ လက်တွေဟာ၊

အခု ဂျပန်သတ်ဘို့ သေနတ် မောင်းတွေကို ဖြုတ်ကုန်ပြီ၊ ကရင်များပါဝင်တဲ့ ဗမာတပ်မတော်ဟာ၊ ဗမာပြည်အနှံ့ အပြားမှာတဲ ၁၉၄၅ ခုမတ်လ ၂၇ ရက်နေ့မှာ ဂျပန်ဖက်ဆစ်တွေကို တော်လှန်ပုန်ကန်ခဲ့တယ်၊ ဆဲဒီတော်လှန်ပုန်ကန်မှုဟာ၊နယ်တိုင်းမှာ ဂျပန်ဖက်ဆစ်တွေကိုအတုံးအရုံး သေစေခဲ့တယ်၊ သူတို့ရဲ့ပစ္စည်းတွေကို ပျက်စီးစေခဲ့တယ်၊သွားရေး လာရေးတွေကို နှောင့်နှေးစေခဲ့တယ်၊

ဧပြီလ ၂ ရက်နေ့ကျတော့ ကရင်တွေပါတဲ့ဗမာ့ရဲခေါင်းပျောက်ကြားထပ်သားများဟာ တောင်ငူခရိုင်အနှံ့ အပြားမှာတဲ ဂျပန်ကို တော်လှန် သတ်ဖြတ်ခဲ့ကြတယ်၊သူတို့ရဲ့ တော်လှန်ရေးဟာ ဘယ်လောက် ထိရောက်တယ် ဆိုတာ ဗမာ့ရဲခေါင်တွေရဲ့ ကျေညာချက်တွေကို ဘတ်ကြည့်ရင် သိနိုင်တယ်၊

မတ်လ ၂၇ ရက်နေ့နဲ့ ဧပြီလ ၂ ရက်နေ့ဟာ အင်အားကြီးမားတဲ့ ကျူးကျော်စော်ကားသူဂျပန်ကို အင်အားနဲတဲ့ ဗမာ့သူရဲကောင်းတွေက တော်လှန်ခဲ့ကြတဲ့ ရာဇဝင်တွင်ခဲ့ နေ့တွေတဲ၊နှစ်ပေါင်းများစွာက တင်ခဲ့တဲ့ ရာဇဝင် အညစ်အကြေးတွေကို ဗမာ့သွေးနဲ့ ဆေးလိုက်တဲ့နေ့တွေဖြစ်တယ်၊

(၆)

တော်လှန်ရေး စလိုက်တာနဲ့ ကရင်ဗမာ သွေးစည်းရေးဟာ အကောင်အထည် ပေါ်လာတယ်၊ ကရင်အမျိုးထုံးနဲ့

ဗမာတမျိုးလုံးရဲ့ သွေးစည်းရေး ဖြစ်လာခဲ့တယ်၊ တိုက်ပွဲပေါင်းများစွာမှာ ကရင်ရဲဘော်များနဲ့ ဗမာရဲဘော်များဟာ ရင်အောင်တန်းပြီး လူယုတ်မာဂျပန်များကို တိုက်ခိုက်ခဲ့ကြတယ်၊ အခုလဲ တိုက်ခိုက်နေကြတယ်၊ ကရင် အမျိုးသားအချို့ရဲ့ ငါတို့အပေါ် ယုံမှားသံသယ ဖြစ်ခြင်းဟာလဲ လွင့်စင်သွားခဲ့ပြီ၊ထောင်ရိုးရဲဘော်များဟာ ဗမာ့ရဲခေါင်များအဖြစ် အများအပြား ပါဝင်လာကြကုန်ပြီ။ ကရင်တပ်စိပ်တွေ။ ကရင်နဲ့ဗမာ ခွဲထားတဲ့တပ်စိပ်တွေလဲ အများအပြား ပေါ်ပေါက်လာပြီ၊ ကရင်ရဲဘော်တွေဟာ ရဲခေါင်ပျောက်ကြားတွေကို ရိက္ခာထောက်နေပြီး အစစ အရာရာ ကူညီနေကြပြီး

တိုင်းရင်းသား လူမျိုးစုံပါတဲ့- ရဲခေါင် ပျောက်ကြားတွေဟာ၊အောက်ပါဆောင်ရွက်ချက်များဖြင့်၊ ကရင်တမျိုးသားလုံးရဲ့- ယုံကြည်အားကိုးချက်ကို ရယူခဲ့ကြတယ်၊ အောက်ပါ ဆောင်ရွက်ချက်တွေဟာ တောင်ငူ ခရိုင်မှာ ဆောင်ရွက်ခဲ့ခြင်းများရဲ့ တစိပ်တဒေသမျှသာဖြစ်တယ်၊

(၁) ဧပြီလ ၂ ရက်နေ့မှာ၊ ကျောက်ကြီးဂါတ်ထဲတွင် ဂျေ-အမ်-ဗီက ချုပ်ထားတဲ့ကရင်ရဲဘော်နှစ်ဦးကို ပျောက်ကြားတွေကသုယူလွှတ်ပစ်ခဲ့ကြတယ်၊

(၂) သူးပုတ်အိုင်-လေထဲကိစ္စနှင့် ပတ်သက်ပြီး အဖြစ်ကင်းတဲ့ ကရင်တွေကို ဒုက္ခ ပေးခဲ့ကြရုံတွင်မကဘဲ၊ ပျောက်ကြားများရဲ့လုပ်ငန်းများနဲ့ ပတ်သက်တဲ့ သတင်း

ရန်သူထံပေးခဲ့တဲ့အတွက်၊ သရက်ဘန်းရွာနေ– ရောင်နီ ငပိုးနဲ့ဖွာအောင်တို့ကို ဗမာရဲဘော်များက–ဧပြီလ ၃ ရက် နေ့ညကသေဒဏ်အပြစ်ပေးခဲ့ကြတယ်၊

(၃) ဧပြီလ ၆ ရက်နေ့နေ့လည်အချိန် ကျောက်ကြီး နယ်–သံကွင်း ကျောက်ကွင်းချောင်းဝမှာ၊ တောင်ငူခရိုင်– ချေ–အမ် ပီဗိုလ်မှူးမေဂျာ– အိန်နီးဝေးနှင့် သူ့တပည့်ဂျပန် စစ်ဗိုလ်ရှစ်ယောက်တို့ကို ပျောက်ကြားများက ဖြစ်သတ်ခဲ့ ပြီး၊ သူတို့ရဲ့အသံလွှင့်စက်နှင့် အခြားအသုံး အဆောင်အ များအပြားကို သိမ်းယူခဲ့ကြတယ်၊ (မေဂျာအိန်နီးဝေးမှာ– မေဂျာဆီးဂရင်းကိစ္စနှင့်နာမည်ကြီးခဲ့ပြီး၊ ကရင်အမျိုးသား များကို တောင်ရိုးတလျှောက်လုံးတွင် ညှင်းပမ်းစေခဲ့သည်၊ ပဌမတန်းဂျပန်လူရိုင်းတိရိစ္ဆာန်ကြီးဖြစ်သည်၊)

ယခုအခါ ကရင်နဲ့ဗမာဟာ တကယ့်သွေးစည်းရေးကို ရရှိခဲ့ပြီ၊ ဒီသွေးစည်းရေးဟာ–ကရင်ဗမာတို့ရဲ့သွေးနဲ့ရင်း ပြီးရယူခဲ့ရတဲ့ အတွက်သွေးနဲ့ဘဲရင်းပြီး၊ ကာကွယ်ကြရ မယ်၊ ဒီသွေးစည်းရေးကိုနှောက်ရှက်လာရင်ထိထိရောက် ရောက်နှိမ်နင်းကြရမယ်၊

[၇]

ကရင်နဲ့ဗမာဟာ နှစ်မျိုးလုံးရဲ့၊ အတူကောင်းစားရေး အတွက်ရေ ကပ်ပန်သွေးစည်းကြရမယ်၊ သောသောဆတ် ခံနေရတဲ့ဒုက္ခတွေက လွတ်ကင်းအောင် ဆောင်ရွက်တဲ့ ကိစ္စ တွင်သာမဟုတ်ဘဲ နောက်ကောင်းစားရေးလုပ်ငန်းများမှာ

ထဲငါတို့လူမျိုးနှစ်မျိုးဟာ ပူးပေါင်းဆောင်ရွက်ကြရမယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ပြီး လုပ်ရန်အတွက် အခြေခံ အစည်းအရုံးများအဖြစ် တောင်ရိုးတလျှောက်မှာ၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့တွေ အမြန်ဆုံးဖွဲ့ကြရမယ်၊ဗမာတွေနဲ့ ရင်ဘောင်တန်းပြီးနိုင်ငံရေး လုပ်ငန်းများကိုပူးပေါင်းဆောင်ရွက်ကြရမယ်၊ သို့မှသာ ငါတို့နှစ်မျိုးလုံးဟာ အထက်မှာဖော်ပြခဲ့တဲ့—လူ့အခြေခံအခွင့်အရေးတွေကို ခံစားကြရလိမ့်မည်၊ သို့မှသာကရင်စာ—ကရင်စလေ့-ကရင်ယဉ်ကျေးမှုနဲ့၊ ကရင်လူမျိုးဟာ ထွန်းကားလိမ့်မယ်၊ဗမာစာ-ဗမာဓလေ့- ဗမာယဉ်ကျေးမှုနဲ့ ဗမာလူမျိုးလဲထွန်းကားသာမယ်၊

ကရင်ကောင်းစားရေးဟာ- ဗမာ့ကောင်းစားရေးတဲ-ကရင်ကောင်းစားရေး-၊ ဗမာကောင်းစားရေးနဲ့ တိုင်းရင်းသားအားလုံးရဲ့ ကောင်းစားရေးကိုခွဲခြားလို့ မရဘူး၊ အတူထူတဲ-ဒါကြောင့်-ကရင်နဲ့ ဗမာ- ရာသက်ပန်သွေးစည်းကြရမယ်၊

၁၉၄၅-ဧပြီလ—၁၁-ရက်၊

---

## ကရင်တိုင်းရင်းသားတို့အမျိုးသား ရေးလှုပ်ရှားမှု

ရှေးဗမာဘုရင်များလက်ထက်က၊ ကရင်အမျိုးသား များ၏အခြေအနေမှာကျေးကျွန်များ အခြေအနေသာဖြစ်ပေ ၏၊ သို့ဖြစ်၍သူတို့သည်၊ဗမာလူမျိုးများနှင့် ဝေးကွာသော နေရာများ၊ တောင်စောင်းများတွင် နေထိုင်ခဲ့ကြလေသည်၊ မိမိတို့နေထိုင်ရာရွာကိုလည်း သစ်တပ်များ ဝိုင်းရံဆောက် လုပ်ကြ၏၊အပြင်မှ ကျူးကျော်ရန်စ သူတို့ကို မဥ္စာမ တာ ခုခံကာကွယ်ကြလေသည်၊

ကရင်လူမျိုးတို့သည်မိမိတို့၏ လွတ်လပ်ရေး လွတ်သစ် ကြောင်းအတွက်၊ ခရစ်ယာန်ဘာသာကို ကိုးကွယ်လာကြ သည့်အခါ၌ ဗမာလူမျိုးများက ပိုမိုနှိပ်စက်လာခဲ့ကြ၏၊

သို့ဖြစ်လေရာ၊ ဗမာပြည်အင်္ဂလိပ်လက်အောက်ရောက် သည့်အခါ၌ မိမိတို့အား ကာကွယ်စောင့်ရှောက်မည့် အ စိုးရပေါ်ပေါက်လာပြီဟု ယူဆကာ၊ အင်္ဂလိပ်အစိုးရအား အားကိုး အားထား ပြုခဲ့လေသည်၊

ကရင်လူမျိုးများကား၊လူရိုးများဖြစ်၍၊ လယ်ယာကိုင်း ကျွန်းလုပ်ကိုင်စားသောက်သူများဖြစ်၏၊ အနောက်နိုင်ငံစာ ပေတို့ကိုလေ့လာကြ၏၊

ကရင်လူမျိုးများအတွက်ဂုဏ်ယူစရာကား၊ပဌမဦးစွာဗမာ ပြည်တွင်ဘီအေအောင်သူမှာကရင်ဖြစ်၏၊အမည်မှာဒေါက်

တာသံပြားဖြစ်၍၊ ဒုတိယအောင်သူမှာလည်း၊ ကရင်ဖြစ်လေ၍၊အမည်မှာ ဒေါက်ထာစန်မြတ်မိုးခိုင် ဖြစ်လေသည်။ ပဥ္စမဦးစွာ ဆရာဖြစ်အတတ်အောင်မြင်သူမှာလည်း ကရင်ဖြစ်၍၊အမည်မှာ ဆရာဦးရာဘ ဖြစ်လေသည်၊

ကရင်များထွင်၊ပဥ္စမန္တ ခရစ်ယန်ဘာသာဝင် ၂၀-ရာခိုင်နှုန်းသာရှိ၍၊ဗုဒ္ဓဘာသာဦးရေမှာ ၈၀ ရာခိုင်နှုန်း ဖြစ်ခဲ့၍၊ကရင်တို့သည် ပညာတတ်မြောက်ပြီးသည့်အခါ၊ တောဖြန့်ပြီး အေးအေးဆေးဆေး လယ်လုပ်ကြ၍၊

ဗမာပညာတတ်လူတန်းစားသည် ပေါ်ပေါက်လာခဲ့၍၊ ဗမာဗုဒ္ဓဘာသာလူငယ်များအသင်းစသည်တို့ထည့်ထောင်ခါ၊ဗမာလူငယ်ပညာတတ်များ အခွင့်အရေးရရှိရန် ကြိုးစားလာကြ၍၊

ဗမာတို့၏ အမျိုးသားလှုပ်ရှားမှုကို ကရင်တို့က တမျိုးကြည့်၍၊ဗမာအရာရှိတို့သည် နယ်သို့ ရောက်သည့်အခါ၊ ကရင်လူမျိုးဆင်းရဲသား တောင်သူလယ်သမားတို့ကို နှိပ်စက်ကြပေသည်၊

ကရင်လူမျိုးတို့သည်သည်း မိမိတို့ကိုယ်ကို-ကာကွယ်ရေးအတွက်လုံးပမ်းလာကြရ၍၊ကရင်ပညာတတ်တို့လည်း အေးအေး ဆေးဆေး လယ်ဖြန့်လုပ်ရန်မဖြစ်တော့၊ ကရင်တောသားများ ကာကွယ်ရေးအတွက် ကရင်အရာရှိများ ရှိရေးကို လုံးပမ်းလာကြတော့၏၊

ကရင်အမျိုးသားအသင်းချုပ်ကို ၁၈၈၁ ခုနှစ်တွင်

တည့်ထောင်သေသည်၊ အသင်း၏ပဌမ ဥက္ကဋ္ဌမှာဒေါက်တာ သံဖြားဖြစ်၏၊ ပဌမစက္ကရီတေရီမှာ လက်ရှိ ကရင် ခေါင်း ဆောင်ကြီးတဦး မစ္စတာ ဆစ်နီလူနီ၏ဖခင် ဦးလူနီဖြစ်လေ သည်၊

ထိုအသင်းကြီးမှာ ယနေ့အထိ မပျက်သေး၊ ခရိုင်များ တွင် အဖွဲ့ခွဲများရှိလေသည်၊ အသင်း၏ နောက်ဆုံး ဥက္ကဋ္ဌ မှာ ကွယ်လွန်သူစောဘမောင်(ဟင်းသာထ)ဖြစ်၍ စက္ကရီ တေရီမှာ မန်းဘခင် (မအူပင်)ဖြစ်လေသည်၊

ကရင်အမျိုးသားအသင်းချုပ်၏ ရည်ရွယ်ချက်မှာ၊ လူ အမျိုးက တမျိုးကို ဖွှမ်းမိုးရန်မဟုတ်၊ ကျူးကျော် ရန်စရန် မဟုတ်၊ မိမိတို့၏ အခွင့်အရေး ကာကွယ်ရန်သာဖြစ်ပေ၏၊

၁၉၁၄-၁၈ ခုနှစ်ကမ္ဘာစစ်ကြီးပြီးသည့်အခါ၊ ဗမာ လူမျိုးတို့၏ အမျိုးသားရေးလှုပ်ငန်းမှာ ကြီးကျယ်လာခဲ့၏၊ ဗမာလူမျိုးတို့က ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုလာကြ ၏၊

ဗမာပြည်ကို ဗမာလူမျိုးတို့သာ အုပ်ချုပ်ခဲ့လျှင် မိမိတို့ ကို ညှဉ်းပန်းလိမ့်မည်ဟု စိုးရိမ်မကောင်းဖြစ်ခဲ့ကြ၏၊ သို့ဖြစ်၍ ကိုယ်ပိုင်အုပ်ချုပ်ရေးစီမံကိန်းတို့တွင် လူနည်းစုများအား၊ သီးခြားကိုယ်စားလည်လှယ်ခွင့်တောင်းဆိုကြ၏၊

သို့ဖြစ်၍ ၁၉၂၁ ခုနှစ်တွင် ဒိုက်ကော်မီတီ လာစဉ်က ဝံသာနုအများက သပိတ်မှောက်သည့်အခါ၊ ဒိုက် ကော်မီတီကို ကရင်များက ကူညီခဲ့ကြ၏၊ ထိုဒိုက်ကော်

ဗိတိန်တွင်ကရင်အမျိုးသားခေါင်းဆောင်ကြီးဆာစံစီဖိုးပါ ဝင်ခဲ့၏။

ဤသို့အားဖြင့် ဒိုင်အာကီအုပ်ချုပ်ရေးတွင်ရင်း၊ ၃၅ ခု နှစ်အုပ်ချုပ်ရေးတွင်ရင်း၊ ကရင်လူမျိုးတို့သည် အကာ အကွယ်ရရှိခဲ့ကြ၏။

ဗမာထဲမှာ လူဆိုးလူညစ်၊ ဝါးရမ်းပြေးတို့သည်၊ ကရင်တို့အကြား နေပြီး မင်းမူခဲ့ကြ၏။ ကရင်က ဗမာ ဆိုလျှင် လူဆိုး လူညစ်ဟုယူဆ၏။

ကရင်တို့အကြားဝယ်နေကြသော အမေရိကန်တို့မှာမူ ဤကဲ့သို့မဟုတ်၊ ကရင်တို့ စီးပွါးရေးအခြေအနေ တိုးတက် အောင်လုပ်ပေးကြ၏ ကရင်တို့အားပညာပေး၏။ ကရင်အား အနောက်နိုင်ငံစသည်သို့ ပို့ပေးခဲ့၏။

ကရင်တို့သည် ဆင်းရဲသားများဖြစ်ကြ၍၊ အတန်း အစားအားဖြင့်၊ လယ်သမားများဖြစ်ကြ၏၊ အစိုးရ ကျောင်း များ၌၊ စရိတ်ကြီးသဖြင့်မနေနိုင်၊ အမေရိကန် သာသနာပြုအ ဖွဲ့တို့က ကရှင်ကျောင်း-အေဘီဇမ်ကျောင်းစသည်တို့ဖွင့် ပေးကြ၏။

ယူနီဘာစီတီ ကောလိပ်တွင် မနေနိုင်ကြ၊ ဂျပ်ဆင် ကျောင်းတွင် စရိတ် ကျဉ်းကျဉ်းနှင့် အထက်တန်း ပညာ ယူခဲ့ကြ၏။

ကရင်တို့အား၊ လူလားမြောက်အောင်၊ လူမွေးလူတောင် ပြောင်းဆောင်လုပ်သူတို့ကား၊ အမေရိကန်များဖြစ်၍၊ ကရင်

တို့အား၊ အကာအကွယ် ပေးသူတို့ကား၊ အင်္ဂလိပ်အစိုးရ ဖြစ်၏၊

၁၉၄၂ ခုနှစ်စတွင်၊ ဗမာပြည်ကို ဂျပန်တိုက်သည့်အခါ၊ ဘားမားရိုက်ဖယ်စသော ဗမာပြည်တပ်များတွင်၊ ကရင်အမြောက်အများ ပါရှိပေ၏၊ ဗမာပြည် ဂျပန် သွမ်းရိုးခဲ့လျှင်၊မိမိတို့လူမျိုးအကြီးအကျယ် နှိပ်စက်ခံရတော့မည် ဆိုသဖြင့်၊စွန့်စွန့်စားစား ခုခံတိုက်ခိုက်ခဲ့ကြ၏။စွန့်စားချက်များမှာ၊အရာမရောက်ခဲ့၊

စစ်ဦးစီး လုပ်သူတို့၏ ညံ့ဖျင်းမှုကြောင့်၊ ဗမာပြည်မှ ဆုတ်ခွါကြရလေသည်၊ အိန္ဒိယပြည်တွင် နေကြရစေကာမူ ဗမာပြည်ပြန်ရောက်ရန် အစဉ်ကြိုးစားခဲ့ကြ၏၊

ဝင်းဂိတ်နှင့် အတူ၊ကရင်အများပြားလိုက်ခဲ့ကြ၏၊ဗမာပြည်တွင်းသို့ လေထီးနှင့်ခုန်ဆင်းကာ စစ်သတင်းများ ပေးပို့ခြင်း ပြုခဲ့ကြလေသည်၊

၁၄-နံပါတ်တပ်ကြီး ဗမာပြည်တွင်းသို့ ဝင်လာသည့်အခါ၊ ၎င်းတပ်နှင့်အတူ ကရင်တစ်သားဟောင်း မြောက်များစွာတို့သည် လိုက်ခဲ့ကြပေသည်၊

၁၉၄၂-ခုနှစ် ဂျပန်ဝင်စက ဗမာပြည်တွင် ဘီ-အိုင်-အေ—သွမ်းရိုးခဲ့၏၊အထူးသဖြင့် မြစ်ဝကျွန်းပေါ် သခင်အဖွဲ့ဝင်အချို့တို့သည်၊ ကရင်အမျိုးသားတို့ကို အမျိုးမျိုး နှိပ်စက်ကလူ ပြုခဲ့ကြ၏၊ ကရင်လူမျိုးတို့မှာ သည်းမခံနိုင်ကြသဖြင့် ခံချကြလေသည်၊ ဗမာနှင့်ဂျပန်ပေါင်းခါ ကရင်ရွာ

များကိုမီးတိုက်ခဲ့၏၊ ခလေးမိန်းမများကိုပင် သတ်ဖြတ်ခဲ့လေသည်၊

ကရင်များမှာ ခိုကိုးရာမဲ့ ဖြစ်ခဲ့၏၊ အချို့ ကရင်များလည်း ကိုယ်လုံခြုံရေးအတွက် ဂျပန်ကပ်ကြရလေသည်၊ ဗမာနိုင်ငံရေးသမား အချို့လည်း ဂျပန် သတင်းပေးများဖြစ်ခါ၊ ကရင်များသည် အင်္ဂလိပ်နှင့် အဆက် အသွယ်ရှိကြောင်း၊ ဂျပန်ကို တော်လှန်ရန် ကြံပြီးနေကြောင်း၊ စသည်ဖြင့် တိုင်ကြားကြရာ၊ ကရင်များမှာ နေစရာ မရှိဖြစ်ခဲ့၏၊

ဒေါက်တာ အမေဒ်အပိုးရထံ ကရင်အမျိုးသားဝန်ကြီးတဦး ရရှိရေး ကြိုးစားသည်မှာလည်း မအောင်မြင်ခဲ့ပေ၊

ဗမာတို့၏နှိပ်စက်မှု လွတ်ကင်းရန်ရင်း၊ ဂျပန်တို့ကို ခြည်သူ့စစ် ဆင်နွှဲနေရန်ရင်း၊ ရွှေထွန်းကြာကြီးမှူးသော ကရင်အမျိုးသားများ၊ စံဖိုးသင်ကြီးမှူးသောကရင်အမျိုးသားများသည်၊ လက်နက်စွဲကိုင်ခါ ထကြွခဲ့ကြ၏၊ ကရင်လူထုကြီးမှာ နိုးကြားသင့်သလောက် မနိုးကြားချ၊ ထိုအရေးတော်ပုံများမအောင်မြင်ခဲ့ပေ၊

တောင်ငူနယ်တွင်၊ စောသိုးလှကြီးမှူးသော ကရင်အမျိုးသားတို့သည်ဂျပန်ကို တိုက်ရန် ၄၃-နှစ်လောက်ကစီစဉ်ခဲ့၏၊ ထိုရာတွင် ဗမာနိုင်ငံရေးသမား အချို့ကြောင့်၊ စောသိုးလှနှင့် မေဂျာဆီးဂရိန်းခေါ်အင်္ဂလိပ်စစ်ဗိုလ်သည်ရင်း၊ ဂျပန်လက်ထဲ ကျရောက်ခဲ့လေသည်၊

သို့ရာတွင် ကရင်လူငယ် တော်လှန်ရေးသမားတို့သည်၊ စိတ်အား လျော့ခြင်းမရှိခဲ့၊ စောဝင်းမောင်၊ စောပေါလ် အေးညိမ်းစသော ကရင်လူငယ် တော်လှန်ရေး သမားတို့သည်၊ ဂျပန်တော်လှန်ရေးကို ဆက်လက်စိုင်းပြင်းကြ၏၊ တိတ်တိတ်ပုန်းအဖွဲ့များ ဖွဲ့စည်းကြ၏၊

ဗမာတို့အထဲတွင်လည်း ဂျပန်တော်လှန်ရေးလုံးပမ်းနေသူတို့ရှိနေကြောင်း စောဝင်းမောင်တို့ လူရသိထားကြ၏၊ ဗမာတော်လှန်ရေးသမားတို့နှင့် လျှို့ဝှက်စွာ ဆက်သွယ်ကြ၏၊

သူတို့သည် ဗမာ့တပ်မတော်နှင့် တပြိုင်တည်း ချကြလေသည်၊တောင်ငူနယ်ပျောက်ကြားတပ်များတွင် ကရင်အများအပြား ပါလာပေ၏၊

ဗမာသုံးဦးက- ကရင်များ သက်နက်ရသည်ဟု ဂျပန်သွားတိုင်ရာ၊ရင်းကရင်များကို ထောင်သွင်းအကျဉ်းချခဲ့၏၊ ဗမာပျောက်ကြားတပ်များက ထောင်ကိုဖေါက်ပြီး၊ ကရင်များကို လွှတ်ခဲ့၏၊ သတင်းပေး ဗမာသုံးဦးကို ဖမ်းပြီးသကာလ-ကရင်များရှေ့တွင်- ဗမာပျောက်ကြားတပ်က ပစ်သတ်ခဲ့လေသည်၊

ဤသို့အားဖြင့်ကရင်ဗမာသွေးစည်းရေးမှာ၊ အောင်မြင်သထက်အောင်မြင်ခဲ့ပေ၏၊

၁၉၄၂-ခုနှစ်၊ မဟာမိတ်ထပ်များသုတ်စဉ်က၊ မေဂျာဆီးဂရိမ်းဆိုသူ တောင်ငူနယ်တွင်နေရစ်ခဲ့၏၊ သူသည်အ

ရှေ့ရိုးမတောင်ကို ခံတပ်စွဲ၍ ကာရင်များကို စည်းရုံးလေသည်၊ ကာရင်လူငယ်ခေါင်းဆောင် စောဘတ်တလာသည် အရှေ့ရိုးမတောင်တွင် ဆင်းခါ ပျောက်ကြားတပ်များဖွဲ့ စည်းခဲ့၏၊

မော်ချီသမ်းမြောက်ဘက် ပျဉ်းမနားနယ်အထိ၊ အရှေ့ ရိုးမတွင် ပျောက်ကြား ၃၀၀၀ ခန့်၊ မော်ချီသမ်း တောင်ဘက်- ကျောက်ကြီး၊ ရွှေကျင်၊ ဖါပွန် တို့တွင် ၄၀၀၀- ကျော်၊ သထုံ-မော်လမြိုင်မှတနသ်္ာရီအထိ ၃၀၀၀-ခန့်၊ ရုရုပေါင်း ကာရင်ပျောက်ကြား တသောင်းခန့် စည်းရုံးမိခဲ့ လေသည်၊

၁၄-နံပါတ်တပ်ကို ခါးလယ်မှ ဖြတ်ရန်၊ ဂျပန်-၁၅- နံပါတ်တပ်သည် ရှမ်းပြည်မှဆင်းလာပြီးမော်ချီမှတောင်ငူ သို့တက်လေသည်၊ မော်ချီလမ်းတဘက်တချက်မှ ကာရင် ပြောက်ကြားတို့ပင် ဂျပန်ထပ်ကိုဟန့်တားခဲ့ပေသည်၊

စာရင်းများအရ၊ကာရင်ပျောက်ကြားတို့၏ သက်ချက်ဖြင့် မေဖေါ်ဝါရီလမှ၊ဩဂုတ်လအထိဂျပန် ၁၁၀၀၀ ကိုသတ် ခဲ့သည်ဟုသိရပေ၏၊

၁၉၄၅-ခုနှစ်ဇွန်လ- ၃၀-ရက်နေ့မှ အစပြု၍ ၅ ရက် တိုင်တိုင် ကာရင်ခေါင်းဆောင် တို့သည်၊ ရန်ကုန်မြို့တွင် အစည်းအဝေးကြီးတရပ်ကျင်းပလေသည်၊

ရင်းအစည်းအဝေးတွင်စဉ်းစားသော-
ကိစ္စများကား။

(၁) ကရင်နီနယ်၊ ပဒေါင်းနယ်၊ တနင်္သာရီတိုင်း၊ ရမည်းသင်း တောင်ဘက် ပဲခူးရိုးမ တောင်ရိုး (ယိုးဒယားဖြည့်မှ) ဇင်းမယ်နယ်တို့ အပါအဝင်သီးခြားသော ကရင်နိုင်ငံထူထောင်ရေး၊

(၂) မြစ်ဝ ကျွန်းပေါ်ရှိ ကရင်အမျိုးသားများ၏လူမျိုးရေး၊အခွင့်အရေးများကာကွယ်ရေး၊

(၃) ပြန်လည်ထူထောင်ရေးခေတ် အတော အတွင်းကရင်အမျိုးသားများ၊ ကံထရိုက်များရရှိရေး၊

(၄) ဗြိတိသျှအစိုးရထံမှချေးငွေနှင့် ကရင်အမျိုးသားတို့က ရဆောင်းပါဝင်သောငွေပေါင်း၍ ကရင်ဘဏ် တခု တည်ထောင်ရေး၊

(၅) ရွာများတွင်ငွေရငွေချေး ဘဏ်များ တည်ထောင်ရေး၊ကရင်ရွာများ အစစပြန်လည်ထူထောင်ရေး၊

(၆) ကရင် နိုင်ငံအတွင်း စီးပွါး ရှာသော နိုင်ငံခြားကုမ္ပဏီများ၏ အစုတွင်၊ကရင်အစိုးရက တဝက် ဖြစ်စေ၊ သုံးပုံတပုံဖြစ်စေ ပါဝင်ရေး၊ ရင်းအမြတ်ငွေများမှာ ကရင်နယ်များ တိုးတက်ကြီးပွါးရေးအတွက် အသုံးပြုရေး၊

(၇) ကရင်သမ္မာကျမ်းစာကို ရှုမင်ဘာသာနှင့်ရိုက်နှိပ်ထုတ်ဝေရေး၊

(၈) ဗျူပန်ခေတ်အတောအတွင်းက လူဆိုးသူဆိုးများ

ကဖျက်ဆီးမိး ရှိခဲ့သော ကရင် သာသနာရေး အဆောက်အဦးများအတွက် အစိုးရကလျော်ကြေး ပေးရေး။

(၉) ဗမာနိုင်ငံအတွင်း ကရင်ဘာသာကို ဒုတိယဘာသာအဖြစ် အသိအမှတ်ပြုရေး၊

(၁၀) ကရင်ပုံနှိပ်စက် ထူထောင်ရေး၊

(၁၁) မဟာမိတ်တို့ အရေးကို သစ္စာရှိသဖြင့်၊ သေဆုံးရသူ-အညှဉ်းခံရသူတို့အား ထိုက်သင့်သလို ဆုချီးမြှင့်ရေး၊

(၁၂) ကရင်စစ်တပ်ခွဲ ဖွဲ့စည်းရေး၊

(၁၃) လေတပ်၊ရေတပ်များတွင် ကရင် အမျိုးသားများ သင်ကြားခွင့်ရရေး၊

(၁၄) ပုံနှိပ်စက်လုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့တွင် ကရင် အမျိုးသားများ သင်ကြားခွင့်ရရေး၊

၁၉၄၅-ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ၊ကရင်အမျိုးသား ခေါင်းဆောင်ကြီးများ၏ အစည်းအဝေးကို ကျင်းပလေသည်၊

အစည်းအဝေးတွင်မန်းဘခိုင်ကဥက္ကဋ္ဌ၊သရာသာထိုကအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်၊

ဗမာပြည်ဘုရင်ခံပြန်လာခြင်းမှာ စစ်အုပ်ချုပ်ရေးအဆုံးသတ်ခြင်းဖြစ်၍ ဝမ်းသာကြောင်းမှတ်တမ်းတင်သည်၊

က၊ ယာယီ အစိုးရအဖွဲ့တွင်၊ ကရင်ကိုယ်စားလှယ်သုံးဦးတောင်းဆိုချိန်သဘောတူကြသည်၊

ခ၊ သေနတ်လိုင်စင် ရှိသူများလက်တွင် သေနတ်များ ဆက်လက်ထားရှိရန်၊

ဂ၊ ရာထူးခန့်ထားရေးအဖွဲ့တွင် ကရင်ကိုယ်စားလှယ် များပါစေရန်၊

ဃ၊ ဘုတ်အဖွဲ့ အသီးသီးတို့တွင်၊ ကရင် ကိုယ်စား လှယ်များပါစေရန်၊

င၊ ဟိုက်ကုတ် တရားသူကြီးတော်တွင်၊ ကရင် တရား သူကြီးတဦးမျှမရှိသဖြင့်မကျေနပ်ကြောင်းမှတ်တမ်းတင်ပြီး အရည်အချင်းနှင့် ပြည့်စုံသော ကရင် ဝတ်လုံ တဦးကို တရားဝန်ကြီးခန့်ရန်၊ ၊တို့ကို အစည်းအဝေးက ထောက် ဆိုလေသည်၊

ကရင်လူမျိုးများက ဗြိတိသျှ အစိုးရအပေါ်တွင် သစ္စာ ရှိသလောက် ကရင်အမျိုးသားများအား လျစ်လျူရှု၍ ဝမ်း နည်းကြောင်း မှတ်တမ်းတင်သည်၊

ကရင်လူငယ်များအစည်းအရုံးကသတင်းစာထုတ်ဝေမည် ကိစ္စကို ကူညီရန်သဘောတူကြသည်၊

ဦးဖိုးမြ၊ စောသာဒင်၊ ဦးပဏ္ဍဝံသ၊ စောမြသိန်း၊ စောဘိုး လင်ထော၊ စောထွန်းစိန်၊ (စောမြသူ)တို့ပါဝင်သော အဖွဲ့ကို အနှင်းသာရီတိုင်းရှိ ကရင် များအား နိုင်ငံရေး စီးပွါးရေး တို့တွင် ကူညီရန် ခန့်လိုက်သည်၊

**ရှေးက-ကရင်ကဗမာကိုမယုံ ရှုံ့ကြောက်ကြောက်၏**

ကရင်နှင့် ဗမာတို့သည်၊ ဂျပန်ကို အတူ တိုက်ခဲ့ကြ

သဖြင့် သွေးစည်းတန်သရွေ့ သွေးစည်းခဲ့ပြီ၊ ယခုထည်းမြန်လည်ထူထောင်ရေးအတူလုပ်နေကြ၏။

ဗမာပြည်သူပြည်သားတို့ မိမိတို့ကံကြမ္မာမိမိတို့ဖန်တီးနိုင်ရေးအတွက် ကရင်နှင့်ဗမာအတူ အလုပ် လုပ်နေကြ၏။ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့တွင် မန်းဘခိုင်၊ ဆရာသာထို၊ စောဘဦးကြီး ဟူသောကရင်ကိုယ်စားလှယ် သုံးဦးပါ၏။

ကွန်မြူနစ်ပါတီသည်လည်း၊ ကရင်အမျိုးသားတို့ စည်းရုံးရေးကိုအစွမ်းကုန်ကူညီနေ၏။

ကရင် အမျိုးသားတို့၏ လိုလား ချက်ကို အဘယ်မျှရအောင်လုပ်ပေး နိုင်သည်သာလျှင် မှတ်ကျောက်အစစ်ဖြစ်ပေသတည်း။

★

# ကရင်အမျိုးသားသို့

**လူထုအစည်းအရုံးကြီးဖြစ်အောင်ဤသို့လုပ်ပါ။**
**ဂျပန်တော်လှန်ရေးခေါင်းဆောင်တဦးဖြစ်သော**
**ကရင်အမျိုးသားကိုဝင်းမောင်၏ဆောင်းပါး။**

ဤဆောင်းပါးရေးသူ ကိုဝင်း မောင်သည်။ ကရင် လူငယ်ခေါင်းဆောင်တဦးဖြစ်၏။ ၁၉၄၂ ခုနှစ် ၄၅ ခုနှစ်အတွင်း ဂျပန်တော်လှန်ရေးအတွက်မြစ်ဝကျွန်းပေါ် နယ်များတွင်။ ကရင်များကို စည်းရုံးခဲ့၏။ ဂျပန်တော်လှန်ရေး အဖွဲ့များကို ဖွဲ့စည်းခဲ့၏။ ၁၉၄၄ ခုနှစ်။ ဩဂုတ်လတွင် သခင်ဗိုလ်တို့နှင့်အတူ အိန္ဒိယပြည်တွင်စစ်အတတ်သင်ကြားပြီး။ ၁၉၄၅ခုနှစ်မတ်လတွင်တောင်ငူနယ်တွင်လေထီးနှင့်ဆင်းခဲ့လေသည်တောင်ငူနယ်ရှိပြောက်ကြားတပ်များ။ကရင်အမျိုးသား ပြောက်ကြားများနှင့်ဆက်သွယ်ခဲ့လေသည်။

လေထီးနှင့်ဆင်းစဉ်ကခြေထောက်တွင်ထိခိုက်သွားသဖြင့်မေလတွင်အိန္ဒိယပြည်သို့လေယာဉ်ပျံနှင့်သယ်သွားပြီးဆေးကုနေခဲ့လေသည်။
ယခုကိုသိန်းဖေနှင့်အတူ နေထိုင်ပြီး။ မကြာမီ ဗမာပြည်သို့ပြန်လာပြီး။ကရင်အမျိုးသားတို့စည်းရုံးရေးကိုဆောင်ရွက်လိမ့်မည်။

ရှေးအခါက၊ ကရင်လူမျိုးတို့ကို ခေါင်းဆောင်မှုမှာဗုဒ္ဓဘာသာကရင်များထက်၊ ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးမှု၊နိုင်ငံရေးအားဖြင့် မျက်စိပွင့်လင်းသည့် ခရာဇ်ယာန်ကရင်များအပေါ်သာဆက်တိုက်ထားဝန်ကျခဲ့လေသည်၊ ဤထုံးတမ်းနှင့်အနက်ထိုင်နေသော အစွဲကိုဗုဒ္ဓဘာသာကရင်တို့၏စိတ်ရောက်ကိုယ်ပါအားပေးမှုရရေးအတွက် အသစ်ဖြင်

ပေးသင့်ပြီ၊ ခရစ်ယာန်ကရင်ခေါင်းဆောင်များသည် ကရင်လူမျိုးတမျိုးလုံး၏ထိုးတက်မှုနှင့် ကောင်းကျိုးထက် ခရစ်ယာန်ဘာသာပြန့်ပွါးရေးကို ပိုရိုအာရုံစိုက် လုံးပမ်းခဲ့သည် မှာဝမ်းနည်းဘွယ်ဖြစ်၏၊သည့်အပြင်ကရင်လူမျိုးတို့၏နိုင်ငံရေးလုပ်ငန်းများမှာ အင်္ဂလိပ်နယ်ချဲ့ပုံနှစ် တံတိုင်းလေးခုအတွင်းထွင်သာရှိခဲ့၍၊ ကရင်အစားစား၏ ကိုယ်စားလှယ်ခေါင်းဆောင်များသည်၊အင်္ဂလိပ်နယ်ချဲ့အမေးတို့၏ ရှုပ်သေးရှုပ်များ ဖြစ်သည့်အကျိုးသာရှိခဲ့သည်၊

ယခုကမ္ဘာ့အခြေအနေမှာကား၊တိုင်းပြည်တိုင်းမှာလိုလိုပင်အုပ်ချုပ်ရေးဇာက်ကြိုးမှာထိုးတက်နေသည့်ပြည်သူပြည်သားအင်အားစုလက်ထဲရောက်နေပြီ၊ ကရင်လူမျိုးတို့အဘို့လက်ငင်းဖြေရမည့်ပြဿနာကားခေါင်းဆောင်ဟောင်းတို့၏နောက်သို့ပင်ဆက်လိုက်မည်လော၊သို့မဟုတ်—

ခေတ်ရှေ့ဆောင် ခေါင်းဆောင်သစ် တင်မည် လော၊ ကျူပ်အဘို့အမြေမှာ၊ ခေတ်ရှေ့ဆောင်လူသစ်တို့၏ခေါင်းဆောင်မှုနောက်သို့မလွဲမရှောင်လိုက်မည်၊ မျိုးချစ်ကရင်တိုင်းကျူပ်သဘောနှင့်ကိုက်ညီလိမ့်မည်ဟု အခိုင်အမာယုံကြည်သည်၊ ၁၉၃၅ ခုနှစ်ဗမာပြည်အုပ်ချုပ်ရေး ဥပဒေအရလွှန်ခဲ့သည့် အပိုးရခေတ်လွှတ်တော်တွင် ကရင်ကိုယ်စားလှယ် အမတ် ၁၂-နေရာရခဲ့သည်၊ထိုကရင်ကိုယ်စားလှယ် အမတ် ၁၂ ယောက်အချင်းချင်းပင် ညီညွတ်ညွတ်ခဲ့ရှိ၊

ကရင်အမတ်တိုင်း ဝန်ကြီးဖြစ်တို့သာ စောသန်နေခဲ့သည်၊ သို့ဖြစ်၍ ကရင်လူမျိုးတို့၏ ကောင်းကျိုးကို ထိခိုက်လျော့ပါးစေ၏၊ယခင် ကရင်နိုင်ငံရေး အစည်းအရုံးဟူ၍ စည်းစည်းရုံးရုံးမရှိခဲ့၊ အရွေးခံသည့် အမတ်လောင်းတို့သည်၊ သူ့နယ်တွင် သူရှိသည်၊ ဤဇာတိဂုဏ်မကို အားထားပြီးသာ အရွေးခံခဲ့ကြသေသည်၊ကရင်အမျိုးသားတို့၏ အကျိုးအတွက် ထိုကဲ့သို့သော မလိုလားအပ်သည့်အလေ့ကို စွန့်လွှတ်ကြသင့်ပြီ၊ ဗမာတပြည်လုံး၌ ကရင်မှန်သမျှ တလုံးတစည်းတည်းစည်းရုံးကာ၊နောင်ရွေးကောက်ပွဲတွင် ကရင်ဗဟိုအစည်းအရုံးကြီး၏ အမည်ဖြင့် ကရင်အမတ်လောင်းများ ရွေးချယ်ပြီး၊အရွေးခံစေအောင် လုပ်ရန်မှာ ခေတ်ရေ့ပြေး ကရင်ခေါင်းဆောင်သစ်တို့အလုပ် ဖြစ်သည်၊သို့မှသာ ကရင် လွှတ်တော်အမတ်များ တစိတ် တသဘောတည်း ညီညွတ်မည်၊

မကြာမီက ဖွဲ့စည်းအောင်မြင်ခဲ့သော ကရင်ဗဟိုအမျိုးသားအစည်းအရုံးကြီးသည်၊ ကရင်အမျိုးသားတို့၏ ကိုယ်စားထည့်အဖွဲ့ကြီး ဖြစ်နိုင်သမျှ ဖြစ်စေရမည်၊သို့ဖြစ်နိုင်ရန်အတွက် အောက်ပါအတိုင်း အကြံပေးပါသည်၊

ကရင် အရေးတွင် ဤဇာ လွှမ်းမိုးသော ကရင် နှစ်ရပ်၊ စကောကရင်နှင့် ပိုးကရင်ဟူ၍ ရှိခဲ့သည်မှာ အမျိုးဒါပင် ဖြစ်သည်၊ ထိုကရင်နှစ်မျိုးလုံး၏ ဘာသာစကားနှ ာမှာ တမျိုးနှင့်တမျိုး မတူကြပေ၊ တမျိုးနှင့်ဘမျိုးသည် အမြဲအ

ပြိုင် ဖြစ်နေသည်၊ ဖြစ်ရသည့်အကြောင်းရင်းကား၊ ခေါင်းရှင်တို့၏ စံသာနူစိတ်ဖြစ်၍ သေးနုပ်ဖွာသည်။ ဤသို့အပြိုင် ဖြစ်ရခြင်းမှာ တစိပ် တဒေသ အားဖြင့် ကရင် ခေါင်းဆောင်ဟောင်းတို့၏ ရှေးရိုးကြပြီး၊ အဆက်အခံညှိုသည့် သဘောထားနှင့် အမေရိကန် သာသနာပြု ဘုန်းကြီးတို့၏ စက်ဆုပ်ဘွယ်ရာ ဖွည့်ပတ်မှုတို့ကြောင့်ဖြစ်၏။ ဤကရင်နှစ်မျိုးတို့ကို စိတ်ဝမ်းညီညွတ်အောင် လုပ်ရမည်၊ အစည်းအဝေး မှတ်တမ်းများကိုလည်း စာနှစ်မျိုးစလုံးနှင့် မှတ်တမ်း တင်စေသင့်သည်။

ကရင် အများဆုံးမှာ မြစ်ဝကျွန်းပေါ် ဒေသ၊ ပဲခူးတိုင်းဒေသ၊ တနင်္သာရီတိုင်းဒေသနှင့် အရှေ့ဘက် နယ်များတွင် နေကြသည့် အတိုင်း၊ အမှုဆောင် အဖွဲ့တွင် ၎င်းနယ်များမှ ကိုယ်စားလှယ်များ ပါဝင်စေရမည်။ အမှုဆောင် အဖွဲ့တွင် ပါဝင်ရမည့်ပုဂ္ဂိုလ်တို့ကို နယ်ရှိလူဦးရေ အချိုးအစား အလိုက်၊ အရေအတွက်နှင့် ရွေးချယ် ခန့်အပ်စေသင့်၏၊ ကရင်ဗဟိုအမျိုးသား အစည်းအရုံးကြီးသည် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး အစည်းအရုံးအစစ်ဖြစ်စေချင်သည်။ ယခင့် ယခင်ကမူ ကရင် အစည်း အရုံးလိုလိုပင် ဘာသာရေး အစည်းအရုံးတပိုင်းဖြစ်ခဲ့၏၊ ရှေးကအမှားမျိုး ဆက်မမှားသင့်တော့ပြီ၊ ဖွဲ့ချင်လျှင် ခရစ်ယာန်ကရင်၊ ဗုဒ္ဓဘာသာ ကရင်တို့သည်၊ မိမိတို့ဆိုင်ရာ ဘာသာရေးအဖွဲ့များ ဖွဲ့သင့်သည်။

ကရင်ဗဟိုအမျိုးသား အစည်းအရုံးကြီးက ကြီးမှူး ကာ၊ မြစ်ဝကျွန်းပေါ် ပဲခူးတိုင်း၊ တနင်္သာရီတိုင်း တို့တွင် ကရင် အမျိုးသား ညီလာခံကြီးများ တနေရာတခုကျင်းပ သင့်ပြီ၊ စစ်ရေးစစ်ရာအခြေအနေများကြောင့် ထိုသို့သော ညီလာခံများကိုမြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတိုင်းတွင်သာ ကျင်းပနိုင်သေးလျှင်၊ အမြန်ဆုံးခေါ်ယူကျင်းပစေလိုသည်၊ နိုဝင်ဘာလလောက်တွင် စီစဉ်ကျင်းပနိုင်လျှင် ပို၍ သင့်တော်ပေလိမ့်မည်၊ အခြေအနေအခွင့်ဖြစ်နိုင်လျှင် ဖြစ်နိုင်ခြင်း တနင်္သာရီတိုင်းတွင်လည်း ကျင်းပစေချင်သည်၊ ထိုသို့ ကျင်း၊ ပပြီးသည့်နောက်၊ နေ့ရက်နေရာတို့ကို အလုပ်အမှု ဆောင်အဖွဲ့ကသတ်မှတ်ခါ နှစ်လည် ညီလာခံများကျင်း ပစေလိုသည်၊

ယနေ့ဗမာပြည်တွင် ဗမာတိုင်းသူပြည်သား များသည် လွတ်လပ်ရေးနှင့် မိမိကြမ္မာကို မိမိဘာသာ ဖန်တီးနိုင်ခွင့် တောင်းနေကြသည်၊ ကရင်အမျိုးသားတို့ ရှေ့တွင် လော လောဆယ်မေးခွန်း တရပ်ပေါ်နေသည်မှာ ဗမာတိုင်းသူ ပြည်သားတို့၏အမျိုးသားရေးလုပ်ငန်းတွင် ကျုပ်တို့ ပူး ပေါင်းပြီးလုပ်မည်လော၊ တသီးပုဂ္ဂလ နေမည်လောဟူ၍ ဖြစ်၏၊ အင်္ဂလိပ်အစိုးရဗမာပြည်မှ သုတ်ခွါပြေးပြီး ဂျပန် လက်အောက်နေရစဉ်ကာလအတွင်း ကျုပ်တို့ကိုဗမာတွေ ဓားမည်သို့လုပ်ခဲ့သည်ကို ကရင်တိုင်းအသိဖြစ်သည်၊

ကျုပ်အဖို့မူ ကရင်တွေ ထိုသို့ ခံခဲ့ရသည်ကို ပြန်မ

တွေးခြင်တော့။ (ဂျပန်အုပ်ချုပ်မှုအောက်ရောမှာ လစ်လစ်ဆစ်ဆစ်ပင်ရှိသေး၍) အမှတ်မထင်ပင် နေလိုတော့သည်၊ သို့သော်အများအရေးနှင့်ပတ်သက်၍မူ၊ ကရင်တို့သည် ဗမာအမျိုးသားရေးတွင် စည်းကမ်းချက်အားခါ စိတ်ပါကိုယ်ပါပူးပေါင်းဆောင်ရွက်မှသင့်မည်၊ လွန့်တာ လွန်ပေစေ၊ နောက်နောက်က အမှားကို မေ့ပျောက်ပြီး အသစ်ဖြင့်ကြဖို့ဟူသောသဘောထားကြမှအရေးဘော်ဖွေချိမ့်မည်၊

တယောက်ကောင်း တရကောင်း ဝါဒတွေမှာ အယူဟောင်းတွေဖြစ်သည်၊ယခုခေတ်ကား ရုပ်ပေါင်းတာဝန်ယူသည့်ဝါဒ၊ လူမျိုးအချင်းချင်း ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံသည့် ဝါဒခေတ်ဖြစ်သည်ပြီ၊ တိုင်းပြည် တပြည်တွင်း၌ လူနည်း စုလူမျိုးကလေးအရေးမဆိုထားဘိ၊ လူမျိုးကြီးတွေပင် အထီးထီးမသုံးခဲ့ စိတ်မချ အားမကောင်းနိုင်တော့ပြီ၊သို့ကြောင့်ပင်အစုပ်နှံ့လှိုင်လှသည့်ရှေးနိုင်ငံပေါင်းချုပ်အသင်းအစား ကမ္ဘာ့လူမျိုးများ သမဂ္ဂကောင်စီပေါ်လာရသည်၊

ဗမာတပြည်လုံးလူဦးရေ ၁၇ သန်းအနက်၊ကရင်ဦးရေတသန်းခွဲမျှသာရှိသည်၊

ဗမာပြည်သည် ကျုပ်တို့အိမ်-ကျုပ်တို့ တိုင်းပြည်ဖြစ်ခဲ့ပြီ၊ ကျုပ်တို့ကိုယ်ပိုင်နိုင်ငံဟူ၍ ဗမာပြည်ကခွဲ၍မရှိ၊ ကျုပ်တို့ကရင်တွေသည်ဗမာတွေနှင့် ဆက်ဆံနေရာနှင့် ပြီး ဗမာတပြည်လုံးအနှံ့ ပြန့်ပြားနေ၍ ပြီးနေ လျှ ရှိကြသည်၊

သို့သော် ကျုပ်တို့ကိုယ်ပိုင်ယဉ်ကျေးမှုကိုတည်တံ့ တွန်းကားစေခဲ့၍၊ ကျုပ်တို့ကိုယ်ကို ကရင်အမျိုးသားများဖြစ်သည်ဆိုသည့်အချက်ကို အမြဲတမ်းသိခဲ့သည်မှာ ကျုပ်တို့ဂုဏ်ယူဘွယ်ပင်၊ ကျုပ်တို့အဘို့နယ်သီးခြားသတ်မှတ်ပေး၍ရလည်ဟုဥပမာထားဦး၊ ဗမာတွေနှင့် ရောနှော နေထိုင်လျက်ရှိသည့် ကရင်အမျိုးသားများကိုသတ်မှတ်ထားသည့်နယ်တွင်းသို့ပြောင်းရွှေ့နိုင်ရန်မှာ အလွန့်အလွန်ခဲယဉ်းမည့်အလုပ်ဖြစ်လေသည်၊ ကရင် အများပင်မိမိတို့ ကျွမ်းကျင်သည့်နယ်၊ မိမိတို့အိမ်ယာဟုယူဆထားသော အရပ်များမှခွါလိုကြမည်မဟုတ်ပေ၊

သို့ဖြစ်၍ လောလောဆယ် ကရင်များကို အထူး နယ်သတ်မှတ်ပေးဘို့ပြဿနာမှာမတွေးတောသင့်သောစိတ်ကူးဖြစ်၏၊ ဖြစ်နိုင်သည့်တိုင် အချိန် အတော် ကြာမည့်အလုပ်လည်းဖြစ်လေသည်၊ ကျုပ်တို့တခေတ်တွင် ရွှေ လို ပြီးချင်မှပြီးမည်ဆိုခဲ့သည့်အကြောင်းများကြောင့်၊ ကျုပ်တို့ ကရင်များအဖို့ ဗမာတိုင်းသူ ပြည်သားများနှင့်စိတ်ရော ကိုယ်ပါပူးပေါင်းဆောင်ရွက်ဘို့လမ်းမှလွဲ၍ တခြားနည်းလမ်း မရှိတော့၊ ကျုပ်ပြောခဲ့သည့် အတိုင်း စည်းကမ်းချက်နှင့် ပူးပေါင်းလုပ်ရပေမည့် ဤ နေရာတွင် စည်းကမ်းချက်နှင့် ဟုဆိုရာ၌ ဗမာတိုင်းသူပြည်သားများနှင့်တန်းတူ အခွင့်နှင့်ဟုသာဆိုလို [illegible]သည်၊ ကျုပ်တို့ တရားသဖြင့် ရထိုက်သောအခွင့်အရေး ဘို့ [illegible]သည်း ကျု[illegible]တို့ [illegible] သိ[illegible]သည်၊

ဥပမာပေးရလျှင် ကိစ္စအမျိုးမျိုးတွင် စီမံခန့်ခွဲရန် ကရင်ဆိုယ်စားလှယ်များ လူဦးရေ အချိုးအစားအလိုက် ရှိစေရမည်။

အင်္ဂလိပ် နယ်ချဲ့သမားများက ကျုပ်တို့ကို "သစ္စာရှိသော ကရင်များ" ဟု မကြာခဏအခေါ်ခံနေရသည်မှာ ထကာထိပင်ဝမ်းနည်းဘွယ်ဖြစ်၏။ နောက်နောက်က ကျုပ်တို့အင်္ဂလိပ်တို့ကို ယုံယုံ ကြည်ကြည်သစ္စာရှိခဲ့သည်မှာ သံသယဖြစ်ဘွယ်မရှိသည်မှန်၏။ သို့ယုံကြည်သစ္စာရှိရသည့် အတွက် ကျုပ်တို့ဘာကျေးဇူးခံစားခဲ့ရသနည်း။ တလလျှင်လခ ၁၄ ကျပ် မျှရသည့်စစ်သားအလုပ်ရသည်မှ လွဲ၍ ကျုပ်တို့အတွက်ဘာဇာပိုမကောင်းခဲ့ပါ။ ကရင် အိုင်-စီ-အက်စ် (စ်)၊ အိုင်-ပီ-အက်စ် ဟူ၍ ထယောက်မှမရှိ၊ ကရင်ပညာတတ်အတော်များများရှိလင့်ကစား၊ အခြားပဌမတန်း ဝန်ထမ်းဌာန အများတွင်လည်း၊ ကရင်မရှိ၊ ဗြိတိသျှ နယ်ချဲ့ဆရာတို့၏ လှည့်စားမှုကိုကျုပ်တို့ဆက်လက်မခံသင့်တော့ပြီ။

ကျုပ်တို့နောင်ရေးတခုလုံးကျုပ်တို့ လက်ထဲမှာရှိသည်။ ကျုပ်တို့အရေး ကျုပ်တို့ဖန်တီးနိုင်သည်၊ ကျုပ်တို့ အချင်းချင်းညီညွတ်မှ ကျုပ်တို့ အသေကြီးနိုင်ကြမည်၊ အချိန်ဟူသော သဲဖြင့်ကြီးပေါ်တွင် ခြေရာ ထင်နေသည်ကို မြင်ရသည်မှာ ထိုင်နေ၍မဟုတ်သဖြင့် ကျုပ်တို့အားလုံး တစိတ်

တဝမ်းတည်းမနားတန်းအလုပ် လုပ်ကာ၊ကျွန်ုပ်တို့၏တရားသဖြင့်ရထိုက်သည့် အခွင့်အရေးများရရန်စည်းရုံး လုပ်ကိုင်ကြပါစို့။

ကာလကတ္တား၊စက်တင်ဘာလ ၁၆ ရက်။

★

# ကွန်မြူနစ်ပါတီဆုံးဖြတ်ချက်

## လူမျိုးရေး(လူနဲ့စု)ပြဿနာ။

(၁) ဗမာပြည်သူ ပြည်သားများတွင် ဗမာလူမျိုးများ သာမက၊ ကရင်-ကချင်-ရှမ်းစသော လူမျိုးများလည်း ပါဝင်ကြောင်း၊ သူတို့သည်ရှေးအခါက ဗမာပြည်၏နိုင်ငံရေး များတွင်မပါဝင်ခဲ့ကြစေကာမူ၊ စစ်ကြောင့် ယခုအခါ အထူးနိုးကြား လာကြသည့်ကိုတွေ့ရကြောင်း။

ကရင်လူမျိုးများအမှီမှာမူ၊ မိမိတို့အားသီးခြားနယ်ပေး ရန်ကိုပင် တောင်းဆိုလာကြသည့်ကို သိရ တွေ့ရကြောင်း၊ ဤကဲ့သို့တောင်းဆိုသည်ကို ဗမာလူမျိုးများက ခွဲခွဲခြားခြား လုပ်လိုသည်ဟု သဘော ထားကြလျှင် အလျှင်းပင် မသင့် လျော်ဟု ကွန်မြူနစ်ပါတီကယူဆကြောင်း၊

ဗမာလူမျိုးတို့၏နိုးကြားထကြွမှုသည်၊ ကရင်လူမျိုးများ ၏ စိတ်ဓါတ်ကို ဂယက် ရိုက်စေသည်မှာ ယုံမှားဘွယ် မရှိ ကြောင်း၊ဗမာလူမျိုးများသည် မိမိတို့၏ ထံကြမ္မာကို မိမိတို့ ဖါသာဖန်တီးလိုကြသလို ကရင်လူမျိုးများကလည်း ဖန်တီး လိုသောစိတ်ပေါ် ပေါက်လာခြင်းသာလျှင်ဖြစ်ကြောင်း၊ တ နည်းအားဖြင့်ဆိုလျှင်"ပြည်သူ့ဆန္ဒ"ဖြလိုသော စိတ်ဓါတ် များပေါ် ပေါက်လာခြင်းသာဖြစ်ပေကြောင်း၊

(၂) ဗမာလူမျိုးများအပေါ်၌ ကရင်-ကချင်-ချင်းစသော လူမျိုးတို့သည်၊သံသယဖြစ်ခြင်း၊ ရွံ့ကြောက်ကြခြင်းမှာမ

ပြင်းဆိုနိုင်ကြောင်းရာဇဝင်အစဉ်အဆက်ကိုပြန်ကြည့်လျှင် လူများစုဖြစ်သော ဗမာလူမျိုးတို့သည်၊ ရခိုင်-ကရင်-တလိုင်း ရှမ်းစသောလူမျိုးတို့ကို နှိပ်စက်ကလူပြုခဲ့သည်မှာ အထင်အရှားဖြစ်ပေကြောင်း။

ဗမာရာဇဝင်ဟောင်းကို သင်ပုန်းချေပြီး၊ ရာဇဝင်အသစ်ရေးရတော့မည့်အခါကြီးဆိုက်ရောက်လာပြီဖြစ်သဖြင့်

(က) ဗမာလူမျိုးများက ကရင်-ကချင်-ချင်း စသော လူမျိုးတို့အား သူတို့၏ အရေးကိစ္စ များတွင် အစွမ်းကုန် ကူညီရန်လိုသည်၊

(ခ) ဗမာလူမျိုးများနှင့် လူနည်းစုဖြစ်သောချင်း ကချင်အစရှိသည့် ထိုလူမျိုးများ၊ လူမျိုးတမျိုးက တမျိုးကို မပြုနိုင်သော ဝန်ခံချက်များကို ဥပဒေအရဖြစ်စေ၊ အခြားနည်းနှင့်ဖြစ်စေ ပြဋ္ဌာန်းထားရန်လည်းလိုပေသည်။

သို့ဖြစ်၍—

(က) ဗမာလူမျိုးတို့သည် ကရင်-ရှမ်းစသော လူမျိုးစုတို့၏ လိုသားချက်များကိုသဘောကြီးကြီး ထား၍စဉ်းစားအရေးယူရမည်၊

(ခ) လူမျိုးချင်းနှိပ်သည့်သဘော သက်ရောက်သော စာပေယဉ်ကျေးမှု အသုံးအနှုန်းတို့ကိုဖယ်ရှားပစ်ရမည်၊

(ဂ) ကရင်-ကချင် စသော လူမျိုးတို့၏တရားသော

လိုလားချက်များကို ရရှိအောင် ကူညီပေးရမည်၊ ဥပမာ-ကာရင်စစ်တပ်ဖွဲ့စည်းရေး၊ ကြီးပွါးရေး၊ အခွင့်အရေး ရရှိရေးတို့ဖြစ်သည်။

(၃) ဗမာနိုင်ငံအခြေခံဥပဒေတို့တွင်အောက်ပါအချက်တို့ပါဝင်သည့်လူမျိုး၏ အခွင့်အရေးတို့ကိုဖြဲ့ဘွာန်း ထားရန်လည်းလိုပေသည်၊

(က) လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်ရေး။

(ခ) ယဉ်ကျေးမှု လွတ်လပ်ရေး။

(ဂ) အခွင့်အရေး တန်းတူ ရရေးတို့ဖြစ်သည်။

(၄) လွတ်လပ်သောဗမာနိုင်ငံသည်ဗမာလူမျိုးတို့၏ တိုင်းပြည်သာ မဟုတ်ဘဲ၊ ဗမာ-ကာရင်ကချင်တို့မိမိသဘော အလျောက် ပေါင်းစည်းထားသော အိမ်ထောင်စုနိုင်ငံ ဖြစ်ရမည်။ ဒေသအလိုက် လူမျိုးစုများ စုရုံးနေထိုင်သော နယ်ပယ် ဒေသတို့သည် ဗမာနိုင်ငံ အတွင်းသို့ ပူးပေါင်းရေး ခွဲထွက်ရေးမှာ၊ ထိုလူမျိုးစု၏ သဘောအတိုင်းသာဖြစ်ရမည်။

သို့ရာတွင် ပူးပေါင်းရေးခွဲ ထွက်ရေးစသည်တို့နှင့်ပါတ်သက်သောသဘောထားမှာနိုင်ငံချဲ့သမားတို့၏ပယောဂနှင့်ဖြစ်လျှင် ဗမာတနိုင်ငံလုံးသာ နစ်နာစရာရှိသည်၊ သို့ဖြစ်၍

ပူးပေါင်းရေး-ခွဲထွက်ရေးတို့၌မှာ ဆိုင်ရာ လူမျိုးစုမှ လူထုကြီး ၏သဘောထား ဖြစ်ရမည်။

ဥပမာ -ရှမ်းပြည်နှင့် ဗမာပြည် ပူးပေါင်းရေးမှာ ရှမ်းစော်ဘွားတို့၏ သဘောထားချည့် မဟုတ်ဘဲ၊ ရှမ်းလူမျိုးအားလုံးတို့၏ သဘောထား ဖြစ်ရမည်၊ ကာရင်လူမျိုးတို့၏ သဘောထားနှင့်ပတ်သက်လျှင်လည်း ခေါင်းဆောင်သူ လူနည်းစု သဘောထားမဟုတ်ဘဲ လူထုကြီး၏သဘောထား ဖြစ်ရမည်၊

သို့အတွက်-ကာရင်ကချင်စသောလူမျိုးစုတို့က မိမိတို့ကကြမ္မာမိမိတို့ဖာသာ ဖန်တီးရေးသဘောအစစ်ပေါ်ပေါက်ရန်အတွက်လည်း ကွန်မြူနစ်ပါတီသည် ကြိုးစားမည်ဖြစ်ကြောင်း။

(၄) မိမိတို့ကံကြမ္မာကို မိမိဖာသာဖန်တီးရေးပန်းတိုင်ရောက်ရေးမှာ၊ တိုင်းသူပြည်သားအားလုံး၏ သွေးစည်းမှုအပေါ်တွင်တည်သည့်အတိုင်းကာရင်ဗမာ၊ရှမ်းဗမာ၊စသည့် လူမျိုးရေးသွေးစည်းမှုအတွက် ကွန်မြူနစ်ပါတီက လုံးပမ်းမည်ဖြစ်ကြောင်း။

{၅} ဗမာပြည်တွင် လူမျိုးရေးပြဿနာအပြီးသတ်ဖြေ

ရှင်းနိုင်ရန်မှာ အောက်ပါအတိုင်း ဖြစ်သည်ဟု ကွန်မြူနစ်ပါတီကယူဆကြောင်း၊

(က) ဗမာ ပြည်သူ ပြည်သားတို့သည်၊ မိမိတို့၏ ကံကြမ္မာကိုမိမိတို့ဖာသာဖန်တီးနိုင်ရမည်၊

(ခ) ကံကြမ္မာကို ဖန်တီးရာ၌ မိမိတို့၏ကိုယ်စားလှယ်အဖွဲ့များနှင့်စီမံသွားရမည်။

(ဂ) တပြည်လုံးဆိုင်ရာ ကိစ္စများကိုဗဟိုကိုယ်စားလှယ်အဖွဲ့ကစီမံ၍ ဒေသန္တရဆိုင်ရာကိစ္စများကို ဒေသန္တရကိုယ်စားလှယ်အဖွဲ့များက စီမံသွားရမည်၊ဥပမာ-တာကွယ်ရေး ဘဏ္ဍာရေးကဲ့သို့ကိစ္စများကိုမူ ဗဟိုအစိုးရကစီမံသွား၍ ရှမ်းပြည်အတွင်း ပညာရေးကိစ္စများကို၊ ရှမ်းပြည်ကိုယ်စားလှယ်အဖွဲ့က စီမံရန်၊ရခိုင်ပြည်အတွင်း ကျန်းမာရေး ကိစ္စတို့ကို ရခိုင်ပြည်ကိုယ်စားလှယ် အဖွဲ့က စီမံသွားရန်တို့ ဖြစ်သည်၊

(ဃ) ဗဟိုကိုယ်စားလှယ်အဖွဲ့ချုပ်တွင် လွှတ်တော်နှစ်ရပ်ရှိရမည်၊

(င) လွှတ်တော်တရပ်မှာ၊လူမျိုးရေး လွှတ်တော်ဖြစ်၍၊ လွှတ်တော်တခုမှာ ပြည်သူ့ လွှတ်တော်ဖြစ်သည်၊

(စ) လူမျိုးရေး လွှတ်တော်ကို လူမျိုးချင်း တန်းတူ

ထား၍၊ တမျိုးလျှင်-၁၀-ယောက်ကျစီ ကိုယ်စားလှယ် ရွေးကောက်ရမည်၊ ဥပမာ-ဗမာ-၁၀-ဦး၊ ကချင်-၁၀-ဦး၊ ရှမ်း-၁၀-ဦး၊ ရခိုင်-၁၀ဦး၊ ချင်း၊ ကချင်တို့အားလုံးကိုယ်စားလှယ်-၁၀-ဦး ဖြစ်သည်၊

(ဆ) ပြည်သူ့ လွှတ်တော်မှာ၊ လူဦးရေအလိုက်–ဒေသအလိုက် ရွေးကောက်ရမည်၊ သို့ရာတွင် လူမျိုးချင်း ရောထွေးနေသော ဒေသ များတွင် (ဥပမာ-မြစ်ဝကျွန်းပေါ်) လူမျိုးအလိုက် ရွေးကောက်ပွဲများရှိရမည်၊

(ဇ) ဤလွှတ်တော်နှစ်ရပ်မှာ အာဏာတူဖြစ်ရမည်၊

(ဈ) ဤလွှတ်တော်နှစ်ရပ်ပေါင်း၍ ဗမာပြည်အစိုးရ အဖွဲ့ကိုရွေးကောက်ရမည်၊

(ည) အစိုးရ အဖွဲ့တွင်ဌာနဆိုင်ရာဝန်ကြီးများသာမြှင် မဟုတ်လူမျိုးရေးဆိုင်ရာဝန်ကြီးများခန့်ထားရမည် ဥပမာ-ကချင်ဝန်ကြီး၊ရှမ်းဝန်ကြီး၊

(ဋ) ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များသည် လည်း ရွေးကောက်သော အဖွဲ့ အစည်းများ ဖြစ်ရမည်၊ ဥပမာ– ရှမ်းပြည်တွင် စော်ဘွားများ၏ အုပ်စိုးမှု မဟုတ်တဲ့၊ ရှမ်းလူမျိုးတို့၏ ကိုယ်စားလှယ်များ ကို ရွေး ကောက်ပွဲနှင့် တင်၍ အုပ်ချုပ်ရမည် ကချင်နယ်များ အုပ်ချုပ်ရေးတွင်လည်း လူနည်း

ရ ခေါင်းဆောင်များမဟုတ်ဘဲ၊ ကရင်အားလုံး၏ကိုယ်စားလှယ်အဖွဲ့ကဖြစ်ရမည်။

၅။ကိစ္စနှင့်ပတ်သက်၍ကွန်မြူနစ်ပါတီသည်အပြီးအပြမဆုံးဖြတ်သေး၊ သဘောသဘာဝထင်မြင်ချက် အကြမ်းမျှသာဖြစ်သည်။ အခြားအခြားသော ပါတီများ လူမျိုးရေးခေါင်းဆောင်များနှင့်ညှိနှိုင်းရန် ကွန်မြူနစ် ပါတီသည်အသင့်ရှိကြောင်း။

⁂

# ဖက်ဆစ် တိုက်ဖျက်ရေး-ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ရည်ရွယ်ချက်။

(က) ဖက်ဆစ်ဝါဒ ကမ္ဘာတွင် လုံးဝ ကွယ်ပျောက်သည်အထိတိုက်ခိုက်ချေမှုန်းရန်။

(ခ) အတ္တလန်တိတ်ကျေညာချက်၊ တီဟီရန်ကျေညာချက်စသော ကျေညာချက်များအတိုင်း၊ ဗမာပြည်သူပြည်သားတို့သည် မိမိ ကံကြမ္မာကို မိမိတို့ ဘာသာ ဖန်တီးနိုင်ရန်။

(ဂ) ဗမာပြည်ကြီးကို ပြည်သူတို့ဆန္ဒအတိုင်းပြန်လည်ထူထောင်ရန်။

(ဃ) ဗမာပြည်ကို-ဗမာပြည်ရှိ တိုင်းရင်းသား လူမျိုးအသီးသီးတို့အားလုံး သဘောတူ လွတ်လပ် စွာ ဖွဲ့စည်းထားသောတိုင်းပြည်ကြီးထူထောင်ရန်။

ဤသို့ ထည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကိုမိမိတို့ဘာသာ ဖန်တီးနိုင်သော အခွင့်အရေးပေးထားရန်။

# ကရင်ဗဟိုအမျိုးသားအစည်းအရုံးကြီး၏ ဝါဒ ကျေညာစာတမ်း။

အောက်တွင်လက်မှတ်ရေးထိုးသူကျွန်ုပ်တို့သည်၊ ကရင်အမျိုးသားအားလုံး၏ ကိုယ်စား ကျွန်ုပ်တို့၏ မယိမ်းမယိုင်သဘောထားကိုအများသိစေရန်ကြေညာလိုပါသည်၊

လွန်ခဲ့သည့်သုံးနှစ်ခွဲအတွင်းက အဖြစ် အပျက်များကို ကြည့်ပါကလူမျိုးငယ်တမျိုးအတွက် အား အကွယ်ပေးမည့်နိုင်ငံကြီးမရှိလျှင် မည်သို့ဖြစ်နိုင်သည်ကို တွေ့နိုင်ပေသည်။ မုချမည်သို့ဖြစ်လိမ့်မည်ကိုတွေ့ခဲ့ရပေသည်။ ယခု ဗမာပြည် သစ် ဖွားမြင် လာပေပြီ။ ဤသို့သော ဗမာပြည်သစ်တွင်၊ ကရင်-ရှမ်း-ကချင် ချင်း အစရှိသည့် လူနည်းစု လူမျိုးတို့၏၊ ဘာသာစကား ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကိုလွတ်လပ်စွာတိုးတက်အောင်လုပ်နိုင်ခွင့်ကို အသိအမှတ်ပြုကာ၊စီးပွားရေး-ဆက်ဆံရေးနိုင်ငံရေးအကျိုးများအတွက် လုံလောက်သောအကာအကွယ်ကိုအလိုရှိပေသည်။

အများကောင်းကျိုးအတွက်၊ လူမျိုးတိုင်းမိမိတို့တွင်ရှိသည့်အင်အားနှင့် ဉာဏ်စွမ်းကို တိုးတက်အောင်လုပ်နိုင်မည့် ဗမာပြည်နှင့်ပူးပေါင်းလိုသော ဆန္ဒကျွန်ုပ်တို့မှာ ပြင်းပြစွာရှိပါသည်၊ ထို့ပြင်- ကျွန်ုပ်တို့အမျိုး [illegible] လိုလားချက်

ဖြစ်သောပူးပေါင်းထားသည့် ဗမာ့ ဒိုမီနီယံနိုင်ငံကြီးရရှိရေးကိုလိုလားသောမျှတစွာ စိတ်ထားသည့် ဗမာသားချင်းများနှင့်ပူးပေါင်းလိုသောဆန္ဒရှိပါသည်။

အားအင်ပြည့်ရှိသည့်မဟာမိတ်မရှိဘဲ၊ လွတ်လင်သော ဗမာပြည်သာဖြစ်သော်လျှင်၊ ကျွန်ုပ်တို့ကာထိပ်လန့်ရိုးရိမ်မည့်မှာ ဓမ္မတာသာဖြစ်ပါသည်။ အကြောင်းမှာ- ပြီးခဲ့သည့် ကမ္ဘာစစ်ကြီးအတွင်းက လူမျိုးငယ်တို့ခံစားခဲ့ရသည့် ထံကြမ္မာကို ကျွန်ုပ်တို့ ပူပူနွေးနွေး အမှတ်ရလျက်ရှိသေးသည့် အတွက်ဖြစ်ပါသည်။

ထိုသို့ ဗမာပြည်သည် မှီခိုဘိုက်သင့် မဟာမိတ်မရှိဘဲ လွတ်လပ်ရမည်ဟူသည့်ဝါဒသာရှိနေလျှင်၊ ဗမာတမျိုးလုံး နောက်ဆုံး၌ ပြုတ်ပြုတ်ဖြုန်းမည်ကို ကျွန်ုပ်တို့ သိနားလည် သည်။ ဗမာပြည်သည် အားအင် ကြီးမားသည့် အိမ်နီးနားချင်း တိုင်းပြည်ကြီး နှစ်ပြည်ကြားတွင်ရှိနေသည့်အတွက် ဖြစ်ပေသည်။

ဗြိတိသျှ နိုင်ငံပေါင်းစုအသင်း၏ ခေါင်းဆောင်မှု အောက်တွင် မိတ်ဘက်တဦးအဖြစ်နှင့်ကျွန်ုပ်တို့၏ အခြေအနေဘာဝကို။ ကြီးမွားမှု ပြီ. အောင် လုပ်နိုင်လျှင်ကျွန်ုပ်တို့အား အိမ်နီးနားချင်းလူမျိုးတမျိုးမျိုးက ဒုက္ခပင်ပါးပြုသွားပေလိမ့်မည်။

(ပုံ) စောသာ.ဒင် နှ-ယ..။

(ပုံ) မန်းဘခင် အတွင်းရေးမှူး၊
(ပုံ) စောဘဦးကြီး အစည်းအရုံးဝင်၊
(ရုံ) သာထို၊
(ဒုံ) မန်းဘခိုင်၊

......... ......... .........

SCHOOL OF ORIENTAL & AFRICAN STUDIES
LONDON

# မှတ်ချက်။

ဤစာအုပ်နိဒါန်းစာမျက်နှာ ၄ တွင်၊ အရှေ့ဒိုးမ တောင် သူပုန် အရေးကို—ကိုဘဟိန်း ရေးသည်ဟု ပါရှိသွားရာ၊ ကိုဘဟိန်းအစား—ဗမာပြည် ကွန်မြူနစ် ပါတီ - ဗဟိုရ် ကော်မီတီ စည်းရုံးရေး မှူး မောင်မောင်စိန် ဟုပြင်ဆင်ဖတ်ရှုပါရန်။

စာအုပ်အမှတ်စဉ်-၅။

ဗမာပြည်

# ကွန်မြူနစ်ပါတီဝင်များ

သိန်းဖေရေး—

နိုင်ငံဘကာ့အရေးအရာ။

သိန်းဖေ-သန်းထွန်းရေး—

ခုလက်ငင်းနိုင်ငံရေး။

သိန်းဖေရေး—

ကွန်မြူနစ်စည်းရုံးနည်း။

သန်းထွန်းရေး—

ဖက်ဆစ်ကျွန်ဘဝမှ-

လွတ်လပ်ရေး

SCHOOL OF ORIENTAL & AFRICAN STUDIES
LONDON

★

သန်းထွန်းရေး—

အစားအစာပေါ်သို့

ကိုမျှော်။

ပြည်သူ့အာဏာပုံနှိပ်တိုက်။